ဆက်သွယ်ရေး အဖွင့်ကျခြင်း

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဖြောက်ပိုင်း ပဋိပက္ခဒေသများရှိ
ဆက်သွယ်ရေး ပြတ်တောက်မှုများဆိုင်ရာ လေ့လာချက်



မာတိကာ

၁။ သုတေသန အနှစ်ချုပ် ၁

၂။ နောက်ခံအကြောင်းအရာ ၃

၃။ သုတေသန နည်းနာနှင့် ကန့်သတ်ချက်များ ၈

၄။ သုတေသန တွေ့ရှိချက်များ ၉

၄.၁ ဆက်သွယ်ရေးဖြတ်တောက်မှုများ အောက်မှလက်တွေ့ဘဝများ ၉

၄.၁.၁. ဖြေဆိုသူများ၏ နောက်ခံအချက်အလက်နှင့် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာမှတ်ချက်များ ၉

၄.၁.၂ ပုံမှန်ဆက်သွယ်ရေးဝန်ဆောင်မှု ရရှိနိုင်မှုနှင့် ကန့်သတ်ချက်များ ၁၂

၄.၁.၃ ကြာရှည်နှင့် ဆက်တိုက်ဖြစ်ပေါ်နေသော ဆက်သွယ်ရေးပြတ်တောက်မှုများ ၁၅

၄.၁.၄ ဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့်
အရပ်သားထိခိုက်မှု အခင်းအကျင်း ၂၁

၄.၂ ဆက်သွယ်ရေးဖြတ်တောက်ခံရမှုကို ရှင်သန်ဖြတ်ကျော်ခြင်း ၂၈

၄.၂.၁ သတင်းအချက်အလက်ရယူသည့်လမ်းကြောင်းများ ပြောင်းလဲလာခြင်းနှင့်
အစားထိုးနည်းလမ်းများ ၂၈

၄.၂.၂ ICOM စကားပြောစက်များနှင့် ဒေသခံကြိုတင်သတိပေးရေးကွန်ရက် ၃၀

၄.၂.၃ Starlink ဂြိုဟ်တုအင်တာနက်အပေါ် မှီခိုလာမှုနှင့် ဝန်ဆောင်မှုမသေချာမှု ၃၃

၄.၂.၄ ဆက်သွယ်ရေးလိုင်းရရှိရန် ခရီးသွားရမှုနှင့် လမ်းခရီးအန္တရာယ်များ ၃၆

၄.၃ ၄.၃ ကြိုတင်သတိပေးချက်များနှင့် အသက်ဘေးကင်းလုံခြုံရေး ၃၈

၄.၃.၁ ပုံမှန်ဆက်သွယ်ရေးကွန်ရက်ပြင်ပရှိ အရေးပေါ်ကြိုတင်သတိပေးစနစ်များ ၃၈

၄.၃.၂ ကြိုတင်သတိပေးချက်ရရှိချိန် မတည်ငြိမ်ခြင်းနှင့် တိုတောင်းခြင်း ၄၀

၄.၃.၃ သတင်းအချက်အလက်မရှိဘဲ နေရပ်စွန့်ခွာရေးဆုံးဖြတ်ချက်များ ချမှတ်ရခြင်း ၄၁

၄.၃.၄ မိသားစုဘေးကင်းရေး၊ ဆေးဘက်ဆိုင်ရာအကူအညီနှင့် စိတ်ဖိစီးမှု ၄၃

၄.၄ ဆက်သွယ်ရေးကုန်ကျစရိတ်နှင့် လက်လှမ်းမီနိုင်မှု မညီမျှခြင်း ၄၄

၄.၄.၁ ဆက်သွယ်ရေး ဖြတ်တောက်ခံရပြီးနောက် မြင့်တက်လာသော
ဆက်သွယ်ရေး ကုန်ကျစရိတ် ၄၄

၄.၄.၂ သတင်းအချက်အလက်ရယူရာတွင် ပိုမိုအခက်အခဲကြုံရသော အုပ်စုများ ၄၆

၄.၅ သတင်းအချက်အလက်အရည်အသွေး (ကောလာဟလနှင့် စိစစ်အတည်ပြုမှု) ၄၇

၄.၅.၁ ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုသည့် နည်းလမ်းများ ၄၇

၄.၅.၂ မှားယွင်းသော သတင်းအချက်အလက်ကို ယုံကြည်မိခြင်း
သို့မဟုတ် အခြေခံဆောင်ရွက်ခြင်း ၄၈

၄.၆ ရပ်ရွာအခြေပြု အစားထိုးဆက်သွယ်ရေးကွန်ရက်များနှင့် လိုအပ်ချက်များ ၄၉

၄.၆.၁ ဒေသခံအဖွဲ့များနှင့် ကိုယ်ထူကိုယ်ထ သတင်းမျှဝေကွန်ရက်များ ၄၉

၄.၆.၂ အရေးပေါ်သတင်းအချက်အလက်ရယူရန် လိုအပ်သည့် အထောက်အကူများ ၅၀

၅။ ဖြစ်စဉ်လေ့လာချက် ၅၂

၅.၁ စာသင်ကျောင်းများအပေါ် လေကြောင်းတိုက်ခိုက်မှုနှင့် ကြိုတင်သတိပေးနိုင်မှု၏
အကန့်အသတ်များ (၂၀၂၂ခုနှစ် လက်ယက်ကုန်းကျေးရွာနှင့် ၂၀၂၅ခုနှစ်
အိုးထိန်းတွင်းကျေးရွာ တိုက်ခိုက်ခံရမှုများ) ၅၂

၅.၂ လူစုဝေးရာနေရာတွင် ကြိုတင်သတိပေးနိုင်မှု၏ အကန့်အသတ်
(၂၀၂၃ခုနှစ်၊ ပဇီကြီးကျေးရွာ တိုက်ခိုက်ခံရမှု) ၅၃

၅.၃ ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုခက်ခဲစေခဲ့သော ဆက်သွယ်ရေးပြတ်တောက်မှု (၂၀၂၅ခုနှစ်၊ မြန်မာနိုင်ငံအလယ်ပိုင်းငလျင်ကြီး) ၅၅

၅.၄ နယ်မြေထိန်းချုပ်မှု ပြောင်းလဲချိန်တွင် သတင်းအချက်အလက်မပြည့်စုံဘဲ တိမ်းရှောင်ရခြင်း (မတ္တရာ၊ စဉ့်ကူးနှင့် သပိတ်ကျင်း) ၅၆

၅.၅ ဆက်သွယ်ရေး ဖြတ်တောက်ခံထားရချိန် အတည်ပြုရန် ခက်ခဲခဲ့သော သေဆုံးမှုစာရင်း (ကသာမြို့၊ မဟာလေးထပ်ဘုန်းတော်ကြီးကျောင်း) ၅၈

၆။ သုတေသနတွေ့ရှိချက်များအား ဆွေးနွေးသုံးသပ်ခြင်း ၆၀

၆.၁ ဆက်သွယ်ရေးဖြတ်တောက်မှု ပုံစံမျိုးစုံကို ထပ်ဆင့်ကြုံတွေ့နေရသည့် ဒေသခံပြည်သူများ ... ၆၁

၆.၂ ပြည်သူများကိုယ်တိုင် တည်ဆောက်ထားသည့် အစားထိုးဆက်သွယ်ရေးစနစ် ၆၂

၆.၃ ရပ်ရွာအခြေပြု အရေးပေါ်သတိပေးရေးစနစ်များနှင့် ယင်းတို့၏ အကန့်အသတ်များ ၆၄

၆.၄ ဆက်သွယ်ရေးဖြတ်တောက်မှုကြောင့် ပြည်သူများ ရင်ဆိုင်နေရသည့် ကုန်ကျစရိတ်နှင့် အန္တရာယ်များ ၆၆

၇။ အကြံပြုချက်များ ၆၉

၇.၁ အရေးပေါ်ဆက်သွယ်ရေးအတွက် ဦးစားပေးပံ့ပိုးရမည့် နည်းလမ်းများ ၆၉

၇.၂ အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တော်လှန်ရေးအင်အားစုများသို့ အကြံပြုချက်များ ... ၇၁

၇.၃ မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုချက်များ ၇၂

၇.၄ သတင်းမီဒီယာများသို့ အကြံပြုချက်များ ၇၃

၇.၅ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် SpaceX သို့ အကြံပြုချက်များ ၇၅

၈။ ကိုးကား 1 ..... ၇၇

အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း

အသံ – လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လူငယ်များ မှစုစည်းကာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ Research Team For Telecommunications Law နှင့် We Support Journalists အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အသံသည် အဓိကဦးတည် ချက် (၃) ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေးခြင်းတို့မှတဆင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသနအခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းဖြစ်သည်။

သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတား ဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ် လေ့လာဖော်ထုတ် မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာ အဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော Human Rights Tulip Award ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီ စံနှုန်းတခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

၁။ သုတေသန အနှစ်ချုပ်

ဆက်သွယ်ရေး ဖြတ်တောက်ခံရခြင်းသည် ဖုန်းခေါ်ဆို၍မရခြင်းနှင့် အင်တာနက် အသုံးမပြုနိုင်ခြင်းထက် ပိုမို ကျယ်ပြန့်သည့် အကျိုးဆက်များကို ဖြစ်ပေါ်စေသည်။ လေကြောင်းတိုက်ခိုက်မှုနှင့် စစ်ကြောင်းလှုပ်ရှားမှုဆိုင်ရာ သတိပေးချက်များ၊ ဆေးဘက်ဆိုင်ရာအကူအညီ၊ မိသားစုဝင်များ၏ ဘေးကင်းမှုနှင့် ရှောင်တိမ်းရမည့်လမ်းကြောင်း များကို မသိရှိနိုင်ခြင်းသည် ပဋိပက္ခဒဏ်ခံဒေသများရှိ ပြည်သူများ၏ နေ့စဉ်ဆုံးဖြတ်ချက်များအပြင် ၎င်းတို့၏ အသက်နှင့် ဘေးကင်းလုံခြုံရေးကိုပါ တိုက်ရိုက်သက်ရောက်စေသည်။

ဤအစီရင်ခံစာသည် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းမြောက်ပိုင်းရှိ အဓိကမြို့နယ် (၂၄) ခုမှ ဖြေဆိုသူ (၁၃၀) ဦး၏ စစ်တမ်းဖြေဆိုချက်များ၊ ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးနှင့် သီးခြားတွေ့ဆုံမေးမြန်းချက်၊ ဖြစ်စဉ်လေ့လာချက်များနှင့် ပြင်ပအချက်အလက်များကို ပေါင်းစပ်အသုံးပြုထားသည်။ ယင်းအချက်အလက်များမှ တစ်ဆင့် ဆက်သွယ်ရေးဖြတ်တောက်ခံထားရသည့် ဒေသများရှိ ပြည်သူများက သတင်းအချက်အလက်ကို မည်သို့ ရယူနေကြသည်၊ မည်သည့်အန္တရာယ်များကို ကြုံတွေ့နေရသည်နှင့် မည်သူများ ပိုမိုချန်ထားခံနေရသည်ကို လေ့လာ ထားသည်။

ဖြေဆိုသူများ၏ (၉၂.၃) ရာခိုင်နှုန်းသည် ပုံမှန်ဆက်သွယ်ရေးကွန်ရက်ကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း မရှိကြပေ။ ထို့ကြောင့် အချို့ရပ်ရွာများက ICOM စကားပြောစက်များ၊ ဂြိုဟ်တုအင်တာနက်၊ အသံချဲ့စက်များနှင့် လူအချင်းချင်း သတင်းဆင့်ကဲပေးပို့သည့် ကွန်ရက်များကို အစားထိုး တည်ဆောက်အသုံးပြုနေကြသည်။ သို့သော် ယင်းနည်းလမ်းများကို လူတိုင်း လက်လှမ်းမမီနိုင်သည့်အပြင် အမြဲတမ်းတည်ငြိမ်စွာ အသုံးပြုနိုင်ခြင်းလည်း မရှိပေ။ မြန်မာစစ်တပ်၏ တိုက်ခိုက်မှုနှင့် ကန့်သတ်မှုများ၊ အချို့ဒေသများတွင် တော်လှန်ရေးအင်အားစုများက အသုံးပြုခွင့် ကို ထိန်းချုပ်ထားခြင်း၊ ဝန်ဆောင်မှုပေးသူများ၏ ဆုံးဖြတ်ချက်များနှင့် ဒေသတွင်းလုံခြုံရေးအခြေအနေများကြောင့် ယင်းအစားထိုးဆက်သွယ်ရေးနည်းလမ်းများသည်လည်း ထပ်မံပြတ်တောက်ခြင်း သို့မဟုတ် အသုံးမပြုနိုင်ခြင်းတို့ကို ကြုံတွေ့နိုင်သည်။

အရေးပေါ်သတိပေးချက်များကို အချိန်မီရရှိကြောင်း ဖြေဆိုသူမှာ ထက်ဝက်အောက်သာရှိသည်။ ဆက်သွယ် ရေးဝန်ဆောင်မှုရရှိရန် အချို့ပြည်သူများက ငွေကြေးပိုမိုသုံးစွဲရခြင်း၊ နာရီပေါင်းများစွာ ခရီးသွားရခြင်းနှင့် စစ်ဆေးရေး

ဂိတ်များ သို့မဟုတ် တိုက်ပွဲဖြစ်ပွားနေသည့် နေရာများအနီးကို ဖြတ်သန်းရခြင်းတို့ကို ကြုံတွေ့နေရသည်။ ထို့ကြောင့် ဆက်သွယ်ရေးဖြတ်တောက်မှုနှင့် အစားထိုးနည်းလမ်းများ၏ မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်နှင့် အန္တရာယ်များကို အရပ်သားပြည်သူများက အချိန်၊ ငွေကြေးနှင့် ကိုယ်ရေးလုံခြုံမှုတို့ဖြင့် ပေးဆပ်နေရသည်။

ဆက်သွယ်ရေးဖြတ်တောက်မှုသည် သတင်းအချက်အလက်ရရှိမှုကိုသာ ကန့်သတ်ခြင်းမဟုတ်ဘဲ သတင်းများကို စိစစ်အတည်ပြုနိုင်မှု၊ ထိခိုက်သေဆုံးမှုများကို မှတ်တမ်းတင်နိုင်မှု၊ အကူအညီလိုအပ်ကြောင်း ပြင်ပသို့ အသိပေးနိုင်မှုနှင့် လိုအပ်သောအကူအညီများ ရယူနိုင်မှုတို့ကိုပါ အားနည်းစေသည်။ ထို့ကြောင့် ဆက်သွယ်ရေးရှိသူနှင့် မရှိသူကြား ကွာဟမှုသည် သတင်းသိရှိမှုကွာဟချက်တစ်ခုသာမဟုတ်ဘဲ လုံခြုံရေး၊ ကျန်းမာရေးနှင့် အသက်ရှင်ရပ်တည်နိုင်ရေးဆိုင်ရာ ကွာဟချက်တစ်ခု ဖြစ်လာသည်။

ဖြေဆိုသူများက အရေးပေါ်ဆက်သွယ်ရေးအတွက် ICOM စကားပြောစက်များနှင့် ဂြိုဟ်တုအင်တာနက်ကို အဓိကလိုအပ်ချက်များအဖြစ် ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် ဤအစီရင်ခံစာသည် ဆက်သွယ်ရေးလုံးဝမရှိသည့် ရပ်ရွာများကို ဦးစားပေးပံ့ပိုးရန်နှင့် ဒေသခံများ အသုံးပြုနေသည့် အစားထိုးဆက်သွယ်ရေးကွန်ရက်များကို ပိုမိုလုံခြုံ၍ လူတိုင်းလက်လှမ်းမီနိုင်သည့် စနစ်များအဖြစ်ချဲ့ထွင်ရန် အကြံပြုထားသည်။ ယင်းအတွက် အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တော်လှန်ရေးအင်အားစုများ၊ မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။

၂။ နောက်ခံအကြောင်းအရာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ရရှိနိုင်ရေးသည် မြန်မာပြည်သူများ၏ ဘေးကင်းလုံခြုံရေး၊ အသက်ရှင်ရပ်တည်ရေးတို့နှင့် တိုက်ရိုက်သက်ဆိုင်သော အရေးကြီးသည့် ကိစ္စရပ်တစ်ခု ဖြစ်လာခဲ့သည်။ ၂၀၂၁ခုနှစ်အာဏာသိမ်းမှု ဖြစ်စဉ်နောက်ပိုင်းတွင် စစ်အာဏာပိုင်များသည် မိုဘိုင်းဒေတာနှင့် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ ဖြတ်တောက်ခြင်း၊ လူမှုကွန်ရက်များနှင့် သတင်းဝက်ဘ်ဆိုက်များကို ပိတ်ပင်ခြင်း၊ Virtual Private Network (VPN) များနှင့် အခြားသော အွန်လိုင်းဆက်သွယ်ရေးနည်းလမ်းများ ကန့်သတ်ခြင်းတို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း ပြုလုပ်ခဲ့သည်။ ယင်းလုပ်ဆောင်ချက်များသည် စစ်တပ်၏ မဟာဗျူဟာကျ ဆက်သွယ်ရေးဖြတ်တောက်မှု၊ သတင်းအချက်အလက် ဆင်ဆာဖြတ်တောက်မှု၊ စောင့်ကြည့်ထောက်လှမ်းမှုနှင့် အင်တာနက်ကန့်သတ်ချက်များကို အသုံးပြုသူများက ကျော်လွှားရန် အသုံးပြုသည့် နည်းလမ်းများအား ပိတ်ပင်ခြင်းတို့ ပါဝင်သော ဒစ်ဂျစ်တယ်ဖိနှိပ်မှုစနစ်တစ်ခုအဖြစ် တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်အတွင်း အင်တာနက်နှင့် တယ်လီဖုန်းလိုင်းများ ဖြတ်တောက်ခြင်း၊ အင်တာနက် ဆင်ဆာဖြတ်တောက်ခြင်းနှင့် စောင့်ကြည့်ထောက်လှမ်းခြင်းတို့ကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်တို့သည် တောက်လျှောက်ကန့်သတ်ခံခဲ့ရသည်။[1]

လက်နက်ကိုင်တော်လှန်ရေး အားကောင်းရာဒေသများကို မြန်မာစစ်တပ်က ဆက်သွယ်ရေးကန့်သတ်မှု၊ ဖြတ်တောက်မှုများ ပိုမို ပစ်မှတ်ထား ပြုလုပ်လေ့ရှိသည်။ Access Now အဖွဲ့က ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးဖြတ်တောက်မှု (၈၅) ကြိမ်ကို အတည်ပြုမှတ်တမ်းတင်ခဲ့ပြီး ယင်းအရေအတွက်သည် ထိုနှစ်အတွင်း ကမ္ဘာပေါ်ရှိ ဆက်သွယ်ရေးဖြတ်တောက်ခံရသည့် နိုင်ငံများအနက် အများဆုံးဖြစ်သည်။ မှတ်တမ်းတင်ထားသည့် ဖြစ်စဉ်များအနက် (၇၄) ကြိမ်မှာ မြန်မာစစ်တပ်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဓိကဆက်သွယ်ရေးဖြတ်တောက်မှု ကျူးလွန်သူအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ဆက်သွယ်ရေးဖြတ်တောက်မှု (၃၁) ကြိမ်သည် မှတ်တမ်းတင်ထားသော ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တစ်ချိန်တည်း ဖြစ်ပွားခဲ့ပြီး စစ်တပ်က ပြုလုပ်ခဲ့သော ဖြတ်တောက်မှုများအနက် အနည်းဆုံး (၁၇) ကြိမ်သည် အရပ်သား ပြည်သူများနေထိုင်ရာ ကျေးရွာများအပေါ် ပစ်မှတ်ထားကျူးလွန်ခဲ့

[1] Office of the United Nations High Commissioner for Human Rights. (2025). Annual update on the human rights situation in Myanmar in 2024.

သည့် လေကြောင်းတိုက်ခိုက်မှုများနှင့် ဆက်စပ်နေသည်။ ထို့ပြင် ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ ပြတ်တောက်ချိန်တွင် အစားထိုး အသုံးပြုလာကြသည့် Starlink နှင့် IPSTAR ကဲ့သို့သော ဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုများကို ကန့်သတ်သည့် ဖြစ်စဉ်များကိုလည်း ၂၀၂၄ ခုနှစ်အတွင်း မှတ်တမ်းတင်ထားသည်။[2]

အသံအဖွဲ့၏ စောင့်ကြည့်မှတ်တမ်းတင်မှုများအရ မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးကန့်သတ်မှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြတ်တောက်ခြင်း၊ သီးခြားဒေသ သို့မဟုတ် မြို့နယ်တစ်ခုချင်းစီအလိုက် ပစ်မှတ်ထား ဖြတ်တောက်ခြင်းနှင့် အချိန်ကာလအလိုက် ဖြတ်တောက်ခြင်းဟူ၍ ပုံစံ(၃)မျိုး တွေ့ရှိရသည်။[3] ယင်းကန့်သတ်မှုများသည် ဆက်သွယ်ရေးလိုင်းများကို တိုက်ရိုက်ဖြတ်တောက်ခြင်း တစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများအပေါ် ကန့်သတ်ချက်များချမှတ်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းများ သိမ်းဆည်းခြင်း၊ အွန်လိုင်းပလက်ဖောင်းများနှင့် ကန့်သတ်ချက်ကျော်လွှားသည့် နည်းပညာများကို ပိတ်ပင်ခြင်း၊ လုံခြုံရေးအခြေအနေကြောင့် ပျက်စီးနေသော ကွန်ရက်များကို နည်းပညာအားဖြင့် ပြုပြင်နိုင်ခြင်းမရှိခြင်းတို့နှင့်လည်း ဆက်စပ်နေသည်။ ထို့ကြောင့် ရပ်ရွာများသည် ဆက်သွယ်ရေး လုံးဝပြတ်တောက်ခြင်း၊ ရံဖန်ရံခါသာ အသုံးပြုနိုင်ခြင်း၊ လိုင်းအားနည်းခြင်း၊ လုံခြုံမှုမရှိသည့်အပြင် ကုန်ကျစရိတ်မြင့်မားပြီး အန္တရာယ်ရှိနိုင်သည့် အစားထိုးနည်းလမ်းများကိုသာ အားထားရခြင်းတို့နှင့် ကြုံတွေ့နေရသည်။ ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရသည့် ဒေသများတွင် ပြည်သူများသည် Starlink နှင့် အခြားဂြိုဟ်တုအင်တာနက် ဝန်ဆောင်မှုများအပါအဝင် အစားထိုးဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြုလာကြသော်လည်း ယင်းဝန်ဆောင်မှုများသည် ကုန်ကျစရိတ်၊ လုံခြုံရေးနှင့် လက်လှမ်းမီနိုင်မှုဆိုင်ရာ အကန့်အသတ်များ ရှိနေသည်။

ယင်းကန့်သတ်မှုများ၏ သက်ရောက်မှုသည် ပုံမှန်တယ်လီဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများ ဆုံးရှုံးရခြင်းထက် ပိုမိုကျယ်ပြန့်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများ၏ လေ့လာသုံးသပ်ချက်အရ ဆက်သွယ်ရေးဖြတ်တောက်မှုများသည် ပြည်သူများအချင်းချင်း ဆက်သွယ်ခြင်းနှင့် အကူအညီတောင်းခံခြင်းကို ခက်ခဲစေသည့်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီပေးရေးလုပ်ငန်းများနှင့် သတင်းမီဒီယာများ၊ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများထံ သတင်းအချက်အလက်ရောက်ရှိမှုကိုလည်း အဟန့်အတားဖြစ်စေသည်။ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် အခြေအနေများတွင် ဆက်သွယ်ရေးပြတ်တောက်မှုသည် အကြမ်းဖက်မှုနှင့် လုံခြုံရေးအန္တရာယ်များ ပိုမိုဆိုးရွားလာစေနိုင်ပြီး ကျန်းမာရေး၊ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအပါအဝင် အခြားအခွင့်အရေးများကိုပါ ထိခိုက်စေနိုင်သည်။[4] ယင်းအခြေအနေကို အခြေခံ၍ ဤသုတေသနတွင်

[2] Access Now and the #KeepItOn Coalition. (2025). Emboldened offenders, endangered communities: Internet shutdowns in 2024. Access Now.
[3] Athan. (2025). Only in Myanmar—Made by Junta: Consequences of the Telecommunication Blackouts.
[4] OHCHR, 2021; United Nations human rights experts, 2019, p. 2

ဆက်သွယ်ရေး ပြတ်တောက်မှုများသည် လေကြောင်းတိုက်ခိုက်မှုနှင့် စစ်ရေးလှုပ်ရှားမှုဆိုင်ရာ ကြိုတင်သတိပေးချက်များ ရရှိမှု၊ လမ်းကြောင်းဘေးကင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်ရရှိမှု၊ မိသားစုဝင်များနှင့် ဆက်သွယ်နိုင်မှု၊ ဆေးဘက်ဆိုင်ရာနှင့် အရေးပေါ်အကူအညီရယူနိုင်မှု၊ နေရပ်တွင် ဆက်လက်နေထိုင်ရန် သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်မှုတို့အပေါ် မည်သို့သက်ရောက်နေသည်ကို လေ့လာထားသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြောက်ပိုင်းတို့တွင် ယင်းအန္တရာယ်များသည် အထူးပြင်းထန်လျက်ရှိသည်။ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ ၂၀၂၅ ခုနှစ် မတ်လ အစီရင်ခံစာအရ ချင်း၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတို့ပါဝင်သည့် မြန်မာနိုင်ငံအနောက်မြောက်ပိုင်းတွင် တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ မိုင်းတိုက်ခိုက်မှုများ၊ စီးနင်းမှုများနှင့် မီးရှို့ဖျက်ဆီးမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ယင်းဒေသသည် ပြည်တွင်းနေရပ်စွန့်ခွာမှု အများဆုံးဖြစ်ပေါ်နေသည့် ဒေသများအနက် တစ်ခုဖြစ်သည်။ ထို့ပြင် OHCHR ၏ ၂၀၂၄ ခုနှစ်ဆိုင်ရာ အစီရင်ခံစာတွင်လည်း စစ်ကိုင်းနှင့် မန္တလေးတို့ကို ပဋိပက္ခကြောင့် ထိခိုက်မှုအများဆုံးဒေသများတွင် ထည့်သွင်းဖော်ပြထားသည်။[5] ၂၀၂၅ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွာသူစုစုပေါင်း၏ ထက်ဝက်ခန့်သည် အနောက်မြောက်ပိုင်းဒေသတွင် ရှိနေကြောင်း ကုလသမဂ္ဂက ဖော်ပြခဲ့သည်။ ထို့အပြင် မတ္တရာနှင့် သပိတ်ကျင်းမြို့နယ်များ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ရပြီး ဆက်သွယ်ရေးကန့်သတ်မှုများကြောင့် လူဦးရေရွှေ့ပြောင်းမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို အတည်ပြုရန် ခက်ခဲခဲ့ကြောင်း ဖော်ပြထားသည်။[6]

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် လူပ်ခတ်ခဲ့သော မြန်မာနိုင်ငံအလယ်ပိုင်း ငလျင်ကြီးအပြီးတွင် ဆက်သွယ်ရေးစနစ်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပါမှုသည် ပိုမိုထင်ရှားလာခဲ့သည်။ အဆိုပါ ငလျင်ကြောင့် စစ်ကိုင်းနှင့် မန္တလေးအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ အကြီးအကျယ်ပျက်စီးခဲ့သည်။ ယင်းဒေသများသည် ငလျင်မတိုင်မီကတည်းက ပဋိပက္ခ၊ နေရပ်စွန့်ခွာမှုနှင့် အခြေခံဝန်ဆောင်မှုများ အားနည်းမှုတို့ကို ကြုံတွေ့နေရပြီးဖြစ်သည်။ လမ်းများပိတ်ဆို့နေခြင်းနှင့် ဆက်သွယ်ရေး ပြတ်တောက်နေခြင်းတို့ကြောင့် ထိခိုက်သေဆုံးမှု၊ နေရပ်စွန့်ခွာမှုနှင့် အရေးပေါ်အကူအညီ လိုအပ်ချက်တို့၏ အတိုင်းအတာကို ကနဦးအဆင့်တွင် သိရှိအတည်ပြုရန် ခက်ခဲခဲ့သည်။ ဤဖြစ်ရပ်က ဆက်သွယ်ရေးပြတ်တောက်မှု၏ သက်ရောက်မှုသည် လက်နက်ကိုင်ပဋိပက္ခအခြေအနေတစ်ခုတည်းနှင့်သာ မသက်ဆိုင်ဘဲ သဘာဝ

[5] Office of the United Nations High Commissioner for Human Rights. (2025).Update on the human rights situation in Myanmar: Developments in 2024.
[6] United Nations Office for the Coordination of Humanitarian Affairs. (2025, March 28). Myanmar humanitarian update No. 45.

ဘေးအန္တရာယ်များ ဖြစ်ပွားချိန်တွင်လည်း ကြိုတင်သတိပေးခြင်း၊ မိသားစုဝင်များကို ရှာဖွေဆက်သွယ်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အကူအညီရယူခြင်းတို့ကို ထိခိုက်စေနိုင်ကြောင်း ပြသခဲ့သည်။[7]

ဆက်သွယ်ရေးပြတ်တောက်နေချိန်တွင် သတင်းအချက်အလက်များရယူရန်နှင့် ပြန်လည်မျှဝေရန် ရပ်ရွာများက အစားထိုးနည်းလမ်း အမျိုးမျိုးကို ဖော်ထုတ်အသုံးပြုလာကြသည်။ ယင်းတို့တွင် Starlink နှင့် အခြားဂြိုဟ်တု အင်တာနက်ဝန်ဆောင်မှုများ၊ စကားပြောစက်များ၊ ရပ်ရွာအဆင့် ကြိုတင်သတိပေးကွန်ရက်များ၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ၊ ယုံကြည်ရသော ဒေသခံခေါင်းဆောင်များ၊ တစ်ဦးနှင့်တစ်ဦး သတင်းပေးပို့ခြင်းနှင့် ဆက်သွယ်ရေးလိုင်းရရှိသည့် နေရာများသို့ သွားရောက်ခြင်းတို့ ပါဝင်သည်။ သို့သော် ယင်းအစားထိုးနည်းလမ်းများကို လူတိုင်း တန်းတူညီမျှစွာ အသုံးပြုနိုင်ခြင်းမရှိပေ။ ဂြိုဟ်တုအင်တာနက် ဝန်ဆောင်မှုများသည် ကုန်ကျစရိတ်မြင့်မားနိုင်ခြင်း၊ လူအများနှင့် မျှဝေအသုံးပြုရခြင်း၊ သွားရောက်အသုံးပြုရန် ခက်ခဲခြင်းနှင့် ပိတ်ပင်ခြင်း သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရနိုင်သည့် အန္တရာယ်တို့ ရှိသည်။ ဆက်သွယ်ရေးလိုင်းရရှိသည့် နေရာများသို့ သွားရောက်ရာတွင်လည်း စစ်ဆေးရေးဂိတ်များ၊ လက်နက်ကိုင်တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းများနှင့် အခြားလုံခြုံရေးအန္တရာယ်များကို ကြုံတွေ့နိုင်သည်။ အလွတ်သဘောကွန်ရက်များမှတစ်ဆင့် မျှဝေသော သတင်းအချက်အလက်များသည်လည်း နောက်ကျပြီးရောက်ရှိခြင်း၊ မပြည့်စုံခြင်း သို့မဟုတ် မှန်ကန်ကြောင်း အတည်ပြုရန် ခက်ခဲခြင်းတို့ ဖြစ်နိုင်သည်။

သို့သော် Starlink ဂြိုလ်တုအင်တာနက်ကို အစားထိုးဆက်သွယ်ရေး နည်းလမ်းအဖြစ် အားထားရခြင်းသည် SpaceX ၏ မူဝါဒနှင့် ဆုံးဖြတ်ချက်များအပေါ် ဒေသခံ အဖွဲ့အစည်းများကို မှီခိုစေပြီး၊ ယင်းအချက်သည် ၎င်း ဒေသခံ မြန်မာအဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအပြင်ဘက်တွင် ရှိသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခဒေသများတွင် ကြီးစိုးထားသည့် ဆိုင်ဘာလိမ်လည်မှုလုပ်ငန်းများကို တားဆီးရန်အတွက် SpaceX က Starlink စက်များအား ပိတ်သိမ်းရာတွင် အရပ်သားများ အသုံးပြုနေသည့် ဂြိုလ်တုအင်တာနက် ဝန်ဆောင်မှုများပါ ကျယ်ကျယ်ပြန့်ပြန့် ဖြတ်တောက်ခံရနိုင်ပြီး ယင်းသည် စစ်တပ်က အင်တာနက်ဖြတ်တောက်ထားသည့် ဒေသများ၏ အရေးကြီး ဆက်သွယ်ရေးလမ်းကြောင်းကို ထိခိုက်နိုင်ကြောင်း စိုးရိမ်သည်ဟု မြန်မာ့ အရပ်ဘက်လူမှုအဖွဲ့အစည်း (၃၁၇)ဖွဲ့က ထုတ်ပြန်ထားသည်။[8]

အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ဝေခဲ့ပြီးဖြစ်သည့် အစီရင်ခံစာများနှင့် စောင့်ကြည့်လေ့လာမှုများတွင် ဆက်သွယ်ရေးဖြတ်တောက်မှုများ ဖြစ်ပွားသည့်အကြိမ်ရေ၊ နေရာနှင့် ကြာမြင့်ချိန်တို့အပြင် ယင်းဖြစ်စဉ်များ၏ ဒဏ်ရာစိတယ်အခွင့်အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို အဓိကထား

[7] United Nations in Myanmar. (2025, March 28). Initial situation report: Earthquake in central Myanmar 28 March 2025.

[8] Myanmar Internet Project et al. *"မြန်မာနိုင်ငံအတွင်း စတားလင့်ခ် (Starlink) ဝန်ဆောင်မှုများ ပိတ်သိမ်းမှုကြောင့် မရည်ရွယ်ဘဲဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ ခံစားရမှုအပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးတွဲထုတ်ပြန်ချက်."* July 17, 2026.

မှတ်တမ်းတင်ထားကြသည်။ ယင်းမှတ်တမ်းများသည် ဆက်သွယ်ရေးကန့်သတ်မှု၏ အတိုင်းအတာကို နားလည်ရန် အရေးကြီးသော်လည်း ထိခိုက်ခံစားရသည့် ရပ်ရွာများအတွင်း နေ့စဉ်သတင်းအချက်အလက်ရရှိပုံနှင့် လက်တွေ့အသုံးပြုနေသည့် အစားထိုးဆက်သွယ်ရေးနည်းလမ်းများကို နက်နက်ရှိုင်းရှိုင်း နားလည်ရန် ထပ်မံလေ့လာရန် လိုအပ်နေသည်။ အထူးသဖြင့် ဆက်သွယ်ရေး ပြတ်တောက်ချိန်တွင် အသုံးပြုနိုင်သည့် သတင်းအချက်အလက်လမ်းကြောင်းများ၊ ယင်းလမ်းကြောင်းများကို စီမံပေးနေသူများ၊ အသုံးပြုမှုကုန်ကျစရိတ်၊ အရေးပေါ်သတိပေးချက်များ ရောက်ရှိသည့် အမြန်နှုန်း၊ သတင်းအချက်အလက်အတည်ပြုသည့် နည်းလမ်းများနှင့် သတင်းအချက်အလက်ရယူရာတွင် အခက်အခဲအများဆုံးကြုံတွေ့ရသည့် လူအုပ်စုများကို စနစ်တကျဆန်းစစ်ရန် လိုအပ်သည်။

ဤသုတေသနသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံနေရသော မြို့နယ်များတွင် သတင်းအချက်အလက် ရယူနိုင်မှုအခြေအနေကို လေ့လာခြင်းဖြင့် ယင်းအထောက်အထားကွာဟချက်ကို ဖြည့်ဆည်းရန် ရည်ရွယ်သည်။ ဤလေ့လာမှုတွင် ဆက်သွယ်ရေးဖြတ်တောက်မှုကို ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်မှုတစ်ခုအဖြစ်သာမက အရပ်သားပြည်သူများ၏ ဘေးကင်းလုံခြုံမှု၊ မိသားစုဝင်များနှင့် ဆက်သွယ်နိုင်မှု၊ အခြေခံနှင့် အရေးပေါ်ဝန်ဆောင်မှုများ ရယူနိုင်မှုနှင့် ရပ်ရွာ၏ ရင်ဆိုင်ကျော်လွှားနိုင်စွမ်းတို့အပေါ် ခြိမ်းခြောက်မှုတစ်ခုအဖြစ်ပါ သုံးသပ်ထားသည်။ ဆက်သွယ်ရေးပြတ်တောက်မှု၏ သက်ရောက်မှုများနှင့် ယင်းအခြေအနေကို ရပ်ရွာများ မည်သို့ရင်ဆိုင်ဖြေရှင်းနေကြသည်ကို မှတ်တမ်းတင်ခြင်းအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အစီအစဉ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းများ၊ ရပ်ရွာအခြေပြု ကြိုတင်သတိပေးစနစ်များနှင့် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများအတွက် အသုံးဝင်သော အထောက်အထားများ ပံ့ပိုးပေးရန် ရည်ရွယ်သည်။

၃။ သုတေသနနည်းနာနှင့် ကန့်သတ်ချက်များ

ဤသုတေသနသည် အရေအတွက်နှင့် အရည်အသွေးအခြေပြု နည်းလမ်းများကို ပေါင်းစပ် အသုံးပြုထားသည်။ ၂၀၂၆ ခုနှစ် ဩဂုတ်လ (၃၀) ရက်မှ စက်တင်ဘာလ (၁၂) ရက်အတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း မြောက်ပိုင်းရှိ ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ထားသော မြို့နယ် (၂၄) ခုမှ ဖြေဆိုသူ (၁၃၀) ဦးကို မေးခွန်း (၄၃) ခုပါဝင်သည့် မေးခွန်းလွှာဖြင့် စစ်တမ်းကောက်ယူခဲ့သည်။ ဒေသအခြေအနေနှင့် ရင်းနှီးသော အချက်အလက်ကောက်ယူသူ (၃) ဦးက လူကိုယ်တိုင်၊ တယ်လီဖုန်း၊ အင်တာနက်နှင့် ယုံကြည်ရသော ဒေသခံဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် အချက်အလက်များကို ကောက်ယူခဲ့သည်။

စစ်တမ်းဖြေဆိုချက်များအပြင် ဆက်သွယ်ရေးဖြတ်တောက်မှု၊ ICOM စကားပြောစက်နှင့် Starlink အသုံးပြုမှု၊ ရပ်ရွာသတင်းပေးကွန်ရက်များနှင့် ဒေသခံများ၏ လက်တွေ့အတွေ့အကြုံများကို ပိုမိုနားလည်နိုင်ရန် ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကို အဓိကသတင်းပေးသူအဖြစ် သီးခြားတွေ့ဆုံမေးမြန်းခဲ့သည်။ အပိတ်မေးခွန်းများကို အရေအတွက်နှင့် ရာခိုင်နှုန်းများဖြင့်ဆန်းစစ်ပြီး အဖွင့်မေးခွန်းများနှင့် တွေ့ဆုံမေးမြန်းချက်ကို အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာခဲ့သည်။ ပါဝင်သူများ၏ သဘောတူညီချက်ကို ရယူခဲ့ပြီး တိုက်ရိုက်ဖော်ထုတ်နိုင်သည့် ကိုယ်ရေးအချက်အလက်များကို လုံခြုံရေးအရ မှတ်တမ်းမတင်ခဲ့ပါ။

မြို့နယ်နှင့် ဖြေဆိုသူများကို ကျပန်းရွေးချယ်ထားခြင်းမဟုတ်သဖြင့် တွေ့ရှိချက်များကို ဒေသရှိပြည်သူအားလုံး၏ အခြေအနေအဖြစ် ယေဘုယျကောက်ချက်ချ၍ မရနိုင်ပါ။ ထို့ပြင် ဆက်သွယ်ရေးအခြေအနေ အဆိုးရွားဆုံးဒေသများသို့ လက်လှမ်းမီရန်ခက်ခဲခြင်း၊ ကိုယ်တိုင်ပြန်လည်ဖော်ပြသည့် အချက်အလက်များအပေါ် အခြေခံရခြင်းနှင့် ပဋိပက္ခအခြေအနေ လျင်မြန်စွာပြောင်းလဲနေခြင်းတို့သည် ဤသုတေသန၏ အဓိကကန့်သတ်ချက်များဖြစ်သည်။


၄။ သုတေသန တွေ့ရှိချက်များ

၄.၁ ဆက်သွယ်ရေးဖြတ်တောက်မှုများ အောက်မှလက်တွေ့ဘဝများ

၄.၁.၁. ဖြေဆိုသူများ၏ နောက်ခံ အချက်အလက် နှင့် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ မှတ်ချက်များ


ဤသုတေသနအတွက် စစ်တမ်းအချက်အလက်များကို ၂၀၂၆ ခုနှစ် ဩဂုတ်လ (၃၀) ရက်နေ့မှ စက်တင်ဘာလ (၁၂) ရက်နေ့အတွင်း ဒေသခံအချက်အလက်ကောက်ယူသူ (၃)ဦးက အချက်အလက်များကောက်ယူခဲ့သည်။ စစ်တမ်းကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့အကြား ဆက်စပ်တည်ရှိသော ပဋိပက္ခဒဏ်ခံဒေသများတွင် ဆောင်ရွက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် (၂၁) ခုနှင့် မန္တလေးတိုင်းဒေသကြီးမြောက်ပိုင်းရှိ မြို့နယ် (၃) ခုကို အဓိကလွှမ်းခြုံထားသည်။ ထို့အပြင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ ဖြေဆိုသူ(၁)ဦးနှင့် လုံခြုံရေးအရ မြို့နယ်အမည်မဖော်ပြထားသော ဖြေဆိုသူ(၂)ဦး၏ ဖြေဆိုချက်များလည်း ပါဝင်သည်။ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ယုံကြည်ရသော ဒေသခံကွန်ရက်များမှတစ်ဆင့်ဖြစ်စေ ကောက်ယူခဲ့ပြီး စုစုပေါင်း ဖြေဆိုသူ (၁၃၀) ဦးထံမှ အချက်အလက်များရရှိခဲ့သည်။ဖြေဆိုသူများကကိုယ်တိုင်ဖော်ပြထားသည့်လိင်အမျိုးအစားအလိုက်ပါဝင်ရာခိုင်နှုန်းကို ဇယား(၄.၁)တွင်လည်းကောင်း၊အသက်အရွယ်အလိုက်ပါဝင်မှုကို ဇယား(၄.၂)တွင်လည်းကောင်း အသီးသီးဖော်ပြထားသည်။

ပုံ ၄.၁။ ဖြေဆိုသူများ၏ Gender အမျိုးအစားအလိုက် ပါဝင်မှုပြဇယား



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀)ဦး)။


ပုံ ၄.၂။ ဖြေဆိုသူများ၏ အသက်အရွယ် အပိုင်းအခြားအလိုက် ပါဝင်မှုဖြေဆိုမှုပြဇယား



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀)ဦး)။


ဖြေဆိုသူအများစုမှာ လက်ရှိအချိန်တွင် မိမိတို့နေထိုင်ရာဒေသမှ စွန့်ခွာတိမ်းရှောင်နေရသူများ (၈၅) ဦးဖြစ်ပြီး ယခုစာတမ်းအတွက် မေးခွန်းများဖြေဆိုချိန်တွင် မြန်မာစစ်တပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များ နှစ်ဖက် တိုက်ပွဲဖြစ်ပွားရာဒေသများတွင် လက်ရှိနေထိုင်နေကြသူ (၆၇ ဦး) အများစုပါဝင်သည်။ ဖြေဆိုသူ စုစုပေါင်း (၁၃၀)ဦးသည် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားရာ မြန်မာပြည်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့မှ ဖြစ်သော်လည်း ၎င်းတို့အနက်မှ အနည်းစု (၁၈ ဦး) (၁၃.၈%) သည် တကြိမ်တခါမျှ နေရပ်စွန့်ခွာခဲ့ဖူးခြင်း မရှိကြောင်း တွေ့ရှိရသည်။ ၄င်းတို့အနက်အချို့ (၂၆ ဦး) (၂၀%) သည် နေရပ်စွန့်ခွါ တိမ်းရှောင်ခဲ့ရပြီးနောက် ယခုဖြေဆိုချိန်တွင် မိမိတို့ နဂိုနေထိုင်ရာဒေသသို့ ပြန်လည်ရောက်ရှိနေကြသူများဖြစ်သည်။ ၎င်းတို့နေထိုင်ရာ ဒေသများ၏ ပဋိပက္ခအခြေအနေနှင့် ၎င်းတို့၏ နေရပ်စွန့်ခွာရမှု အခြေအနေများကို ဇယား (၄.၃) နှင့် (၄.၄) တို့တွင် ဖော်ပြထားသည်။

ပုံ ၄.၃။ ဖြေဆိုသူများ နေထိုင်ရာ မြို့နယ်/ဒေသများ၏ ပဋိပက္ခအခြေအနေ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀)ဦး)။

ပုံ ၄.၄။ ဖြေဆိုသူ၏ နေရပ်စွန့်ခွာရမှု အခြေအနေ




ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

၄.၁.၂ ပုံမှန်ဆက်သွယ်ရေးဝန်ဆောင်မှု ရရှိနိုင်မှုနှင့် ကန့်သတ်ချက်များ

ဤစစ်တမ်း၏ အဓိကတွေ့ရှိချက်တစ်ခုမှာ စစ်တမ်းကောက်ယူခဲ့သည့် ပဋိပက္ခဒဏ်ခံဒေသများရှိ ဖြေဆိုသူ အများစုသည် ပုံမှန်မိုဘိုင်းနှင့် အင်တာနက်ဝန်ဆောင်မှုများကို အပြည့်အဝ မရရှိကြခြင်းဖြစ်သည်။ မိုဘိုင်း သို့မဟုတ် အင်တာနက်ဝန်ဆောင်မှု ရရှိနိုင်မှုအခြေအနေကို မေးမြန်းရာ ဖြေဆိုသူ (၁၃၀)ဦးအနက် (၁၀) ဦး၊ သို့မဟုတ် (၇.၇) ရာခိုင်နှုန်းကသာ မိမိတို့လက်ရှိနေထိုင်ရာနေရာတွင် ဝန်ဆောင်မှုကို အပြည့်အဝရရှိကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၇၂) ဦး၊ သို့မဟုတ် (၅၅.၄) ရာခိုင်နှုန်းက တစ်စိတ်တစ်ပိုင်းသာ ရရှိကြောင်း၊ (၃၅) ဦး၊ သို့မဟုတ် (၂၆.၉) ရာခိုင်နှုန်းက တစ်ခါတစ်ရံသာ ရရှိကြောင်းနှင့် (၁၃) ဦး၊ သို့မဟုတ် (၁၀.၀) ရာခိုင်နှုန်းက လုံးဝမရရှိကြောင်း ဖြေဆိုခဲ့သည်။ ထို့ကြောင့် ဖြေဆိုသူစုစုပေါင်း၏ (၉၂.၃) ရာခိုင်နှုန်းသည် မိုဘိုင်း သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုကို အပြည့်အဝ မရရှိကြောင်း တွေ့ရှိရသည်။

ပုံ ၄.၅။ လက်ရှိနေထိုင်ရာနေရာတွင် မိုဘိုင်းလ်ဆက်သွယ်ရေးလိုင်း (သို့) အင်တာနက် ရရှိမှု




ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

ဖြေဆိုသူများနေထိုင်ရာဒေသတွင် လက်ရှိရရှိနိုင်သည့် ဆက်သွယ်ရေးဝန်ဆောင်မှု အမျိုးအစားကို သီးခြား မေးမြန်းရာ ဖြေဆိုသူ (၆၇) ဦး၊ သို့မဟုတ် (၅၁.၅) ရာခိုင်နှုန်းက မည်သည့်ဝန်ဆောင်မှုမျှ မရရှိကြောင်း ဖြေဆိုခဲ့ပြီး (၄၆) ဦး၊ သို့မဟုတ် (၃၅.၄) ရာခိုင်နှုန်းက တယ်လီဖုန်းခေါ်ဆိုမှုဝန်ဆောင်မှုကိုသာ ရရှိကြောင်း ဖြေဆိုခဲ့သည်။ မိုဘိုင်း အင်တာနက်ဝန်ဆောင်မှု တစ်မျိုးမျိုးရရှိကြောင်း ဖြေဆိုသူမှာ (၁၇) ဦး၊ သို့မဟုတ် (၁၃.၁) ရာခိုင်နှုန်းသာရှိသည်။ ယင်းတို့အနက် (၁၀) ဦးက 5G နှင့် တယ်လီဖုန်းခေါ်ဆိုမှုဝန်ဆောင်မှု၊ (၄) ဦးက 2G အင်တာနက်နှင့် (၃) ဦးက 3G အင်တာနက်ရရှိကြောင်း ဖြေဆိုခဲ့သည်။ ဤမေးခွန်း၏ရလဒ်များအရ ဖြေဆိုသူအများစုသည် မိုဘိုင်းအင်တာနက်အသုံးပြုနိုင်

ခြင်းမရှိဘဲ တယ်လီဖုန်းခေါ်ဆိုမှုကိုသာ အားထားရခြင်း သို့မဟုတ် မည်သည့်ပုံမှန်ဆက်သွယ်ရေးဝန်ဆောင်မှုမျှ မရရှိခြင်းတို့ကို ကြုံတွေ့နေရကြောင်း တွေ့ရှိရသည်။

ပုံ ၄.၆။ ဖြေဆိုသူများ နေထိုင်ရာဒေသများတွင် လက်ရှိရရှိနိုင်သည့် ဆက်သွယ်ရေးဝန်ဆောင်မှု အမျိုးအစား



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မိုဘိုင်း သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုကို လုံးဝမရရှိကြောင်း ဖြေဆိုခဲ့သူ (၁၃) ဦးသည် မြို့နယ်အနည်းငယ်တွင် အဓိကစုစည်းနေသည်။ ယင်းတို့အနက် သပိတ်ကျင်းမြို့နယ်နှင့် မတ္တရာမြို့နယ်မှ (၄) ဦးစီ၊ ကန့်ဘလူမြို့နယ်မှ (၃) ဦးနှင့် မုံရွာနှင့် ထီးချိုင့်မြို့နယ်တို့မှ (၁) ဦးစီ ပါဝင်သည်။ အပြည့်အဝရရှိကြောင်း ဖြေဆိုသူ (၁၀) ဦး၏ အခြေအနေကို ပြန်လည်ကြည့်ရှုသည့်အခါ နေထိုင်ရာဒေသအလိုက် ကွာခြားမှုအချို့ကို တွေ့ရှိရသည်။ ယင်းတို့တွင် မုံရွာမြို့နယ်မှ (၃) ဦး၊ စဉ့်ကူးမြို့နယ်မှ (၂) ဦး၊ ရွှေဘို၊ ဘုတလင်၊ ဆားလင်းကြီးနှင့် ဝန်းသိုမြို့နယ်တို့မှ (၁) ဦးစီနှင့် မြို့နယ်အမည် မဖော်ပြထားသော ဖြေဆိုသူ (၁) ဦးတို့ ပါဝင်သည်။ အပြည့်အဝရရှိကြောင်း ဖြေဆိုသူအများစုသည် ကွန်ရက်ဝန်ဆောင်မှုအချို့ ဆက်လက်ရရှိနေသည့် မြို့ပေါ်ဒေသများ သို့မဟုတ် ယင်းဒေသများနှင့် ဆက်စပ်နေသည့် နေရာများတွင် နေထိုင်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဆက်သွယ်ရေးဝန်ဆောင်မှု ရရှိနိုင်မှုသည် မြို့နယ်တစ်ခုနှင့်တစ်ခုအကြားတွင်သာမက မြို့နယ်တစ်ခုတည်းအတွင်း၌ပင် ကွာခြားနေသည်။ ယင်းသည် အင်တာနက်ဝန်ဆောင်မှုအချို့ ရရှိနေသည့် မြို့ပေါ်ဒေသများနှင့် ဆက်သွယ်ရေးအမှောင်ချခံထားရသည့် ကျေးလက်ဒေသများအကြား ကွာခြားမှုကို ထင်ဟပ်စေသည်။ ဥပမာအားဖြင့် မုံရွာမြို့နယ်အတွင်း၌ ဖြေဆိုသူ (၁) ဦးက ဆက်သွယ်ရေးဝန်ဆောင်မှု လုံးဝမရရှိကြောင်း ဖြေဆိုခဲ့သော်လည်း အခြားဖြေဆိုသူ (၃) ဦးက အပြည့်အဝရရှိကြောင်း ဖြေဆိုထားသည်။

မြို့နယ်တစ်ခုတည်းအတွင်းရှိ ယင်းကွာခြားမှုကို ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး၏ ဖြေဆိုချက်ကလည်း ထောက်ခံထားသည်။ ၎င်း၏အဆိုအရ SIM Card မှတစ်ဆင့် အသုံးပြုရသော မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုများသည် "၂၀၂၂ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ လုံးဝဖြတ်တောက်ခံထားရပြီး စစ်တပ်ထိန်းချုပ်ထားသော မြို့နယ်အချို့၏ မြို့ပေါ်ဒေသများတွင် Fiber Wi-Fi အင်တာနက်ဝန်ဆောင်မှုများသာ ဆက်လက်ရရှိနေသည်" ဟု သိရှိရသည်။

၂၀၂၃ နှင့် ၂၀၂၄ခုနှစ်များတွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအစီရင်ခံစာများအရ အဆိုပါမြို့နယ်အချို့တွင် လက်နက်ကိုင်ပဋိပက္ခများနှင့် အရပ်သားများ နေရပ်စွန့်ခွာရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ၂၀၂၄ ခုနှစ်၊ ဇွန်လနှောင်းပိုင်းမှစ၍ မတ္တရာ၊ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်များတွင် တိုက်ပွဲများ ပြင်းထန်လာခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ နေရပ်စွန့်ခွာခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။[9] အလားတူပင် ကန့်ဘလူမြို့နယ်တွင် ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုများနောက်ပိုင်း ကျေးရွာ (၁၆) ရွာမှ လူပေါင်း (၂၀,၀၀၀) ကျော် နေရပ်စွန့်ခွာခဲ့ရကြောင်း ဖော်ပြထားသည်။[10] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကလည်း ထီးချိုင့်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး မြို့၏ အဆောက်အအုံအများအပြား ပျက်စီးခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[11]

အထက်ဖော်ပြပါ ပြင်ပအထောက်အထားများသည် ဆက်သွယ်ရေးဝန်ဆောင်မှု လုံးဝမရရှိကြောင်း ဖြေဆိုမှုများ ထွက်ပေါ်လာသည့် နေရာအချို့နှင့် ပဋိပက္ခပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် နေရာများအကြား ပထဝီအနေအထားအရ ထပ်တူကျမှုရှိကြောင်း ပြသသည်။ အသံအဖွဲ့၏ စောင့်ကြည့်မှတ်တမ်းများအရ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကန့်ဘလူနှင့် မုံရွာအပါအဝင် မြို့နယ် (၂၆) ခုတွင် မိုဘိုင်းဒေတာဖြတ်တောက်ခံထားရပြီး၊ မြို့နယ်တစ်ခုတည်းအတွင်း၌ပင် နေရာအချို့၌သာ အင်တာနက်ရရှိကာ အခြားနေရာများ၌ အသုံးပြုခွင့် အကန့်အသတ်ရှိခြင်း သို့မဟုတ် လုံးဝမရရှိခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။[12] ၂၀၂၅ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အသံအဖွဲ့၏ အခြား အစီရင်ခံစာတခုတွင်လည်း သပိတ်ကျင်းမြို့နယ်၌ စစ်ကောင်စီက အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးများ ဖြတ်တောက်ထားကြောင်းနှင့် ယင်းမြို့နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် စဉ့်ကူး၊ မိုးကုတ်နှင့် ထီးချိုင့်မြို့နယ်များတွင် တိုက်ပွဲများပြင်းထန်နေချိန် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[13]

---

[9] United Nations Office for the Coordination of Humanitarian Affairs. (2024, August 16). Myanmar Humanitarian Update No. 40 (p. 3)

[10] United Nations Office for the Coordination of Humanitarian Affairs. (2023, May 6). Myanmar Humanitarian Update No. 29 (p. 4)

[11] Office of the United Nations High Commissioner for Human Rights. (2024, May 22). Situation of human rights of Rohingya Muslims and other minorities in Myanmar: Report of the United Nations High Commissioner for Human Rights (A/HRC/56/23, para. 16, pp. 4–5)

[12] Athan – Freedom of Expression Activist Organization. (2023). Disconnections and Vanishing Rights (p. 6)

[13] Athan – Freedom of Expression Activist Organization. (2025). Repression of Communication and Digital Rights Situation in Myanmar (p. 7)

ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ၂၀၂၄ခုနှစ်၊ မေလထုတ် အစီရင်ခံစာအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း အနည်းဆုံး (၁၅၀) တွင် အင်တာနက်ဖြတ်တောက်မှုများ ဖြစ်ပွားခဲ့ပြီး ယင်းကန့်သတ်မှုများကြောင့် အရပ်သားပြည်သူများ၏ အသက်ကယ်တင်နိုင်သည့် သတင်းအချက်အလက်များနှင့် အချိန်မီသတိပေးချက်များ ရယူမှုဝေနိုင်မှု ထိခိုက်ခဲ့ကြောင်း ဖော်ပြထားသည်။[14] အဆိုပါကိန်းဂဏန်းသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း အင်တာနက်ဖြတ်တောက်မှု တစ်ကြိမ်မဟုတ်တစ်ကြိမ် ကြုံတွေ့ခဲ့ရသည့် မြို့နယ်အရေအတွက်ကို ဆိုလိုသည်။

အသံအဖွဲ့မှ စောင့်ကြည့်လေ့လာထားသည့် နောက်ဆုံးရ မှတ်တမ်းများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် (၁၄၀) တွင် ဖုန်း သို့မဟုတ် အင်တာနက်ဆက်သွယ်ရေးဝန်ဆောင်မှု တစ်မျိုးမျိုး လက်ရှိပြတ်တောက်နေကြောင်း တွေ့ရှိရသည်။[15] အထူးသဖြင့် တိုက်ပွဲပြင်းထန်သည့်ဒေသများ၌ ဆက်သွယ်ရေး ဖြတ်တောက်ခြင်းနှင့် ထိန်းချုပ်ခြင်းများ ဆက်လက်တိုးမြင့်နေကြောင်း တွေ့ရှိရသည်။[16] ယင်းအခြေအနေသည် ဤစစ်တမ်းတွင် တွေ့ရှိရသည့် ဆက်သွယ်ရေးဝန်ဆောင်မှု အပြည့်အဝမရရှိခြင်းသည် မြို့နယ်အနည်းငယ်တွင်သာ ဖြစ်ပွားနေသည့် သီးခြား အခြေအနေတစ်ရပ်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ ပဋိပက္ခဒဏ်ခံဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဖော်ပြနေသည်။

ယင်းအထောက်အထားများအရ ဤဒေသများတွင် တွေ့ရှိရသည့် ဆက်သွယ်ရေးပြတ်တောက်မှုကို သာမန်နည်းပညာချို့ယွင်းမှုတစ်ခုအဖြစ်သာ မရှုမြင်သင့်ဘဲ မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ကန့်သတ်ထိန်းချုပ်မှု၊ စစ်ရေးပဋိပက္ခ၊ လျှပ်စစ်နှင့် လောင်စာဆီပြတ်လပ်၊ ဖြတ်တောက်မှု များအပြင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံ ပျက်စီးမှုတို့ ပေါင်းစပ်ဖြစ်ပေါ်စေသည့် အခြေအနေ တစ်ရပ်အဖြစ် နားလည်ရန်လိုအပ်သည်။

၄.၁.၃ ကြာရှည်နှင့် ဆက်တိုက်ဖြစ်ပေါ်နေသော ဆက်သွယ်ရေးပြတ်တောက်မှုများ

ဖြေဆိုသူများ၏ နေထိုင်ရာဒေသတွင် ဆက်သွယ်ရေးဝန်ဆောင်မှု လုံးဝပြတ်တောက်ခြင်း သို့မဟုတ် အသုံးမပြုနိုင်လောက်အောင် ညံ့ဖျင်းခြင်းကို မည်မျှကြာမြင့်စွာ ကြုံတွေ့နေရသနည်းဟုမေးမြန်းခဲ့ရာ ဖြေဆိုသူစုစုပေါင်း (၁၃၀) ဦးအနက် (၁၂၅) ဦးက ဖြေဆိုခဲ့ပြီး (၅) ဦးက ဖြေဆိုထားခြင်းမရှိပေ။ ဖြေဆိုသူ (၅၂) ဦး၊ သို့မဟုတ် စစ်တမ်းပါဝင်သူစုစုပေါင်း၏ (၄၀.၀) ရာခိုင်နှုန်းက ယင်းအခြေအနေကို (၄) နှစ်နှင့်အထက် ကြုံတွေ့နေရကြောင်း ဖြေဆိုခဲ့


14 Office of the United Nations High Commissioner for Human Rights. (2024, May 22). Situation of human rights of Rohingya Muslims and other minorities in Myanmar (A/HRC/56/23, para. 22)

15 Athan – Freedom of Expression Activist Organization. (2026). Myanmar Communication Blackout Monitor: 2021–Present. Retrieved October 15, 2026

16 Athan – Freedom of Expression Activist Organization. (2026, April 11). Status of Freedom of Expression in Myanmar (March 2026)

သည်။ ထို့အပြင် (၂၀) ဦး၊ သို့မဟုတ် (၁၅.၄) ရာခိုင်နှုန်းက (၂) နှစ်မှ (၄) နှစ်အကြား၊ အခြား (၂၀) ဦး၊ သို့မဟုတ် (၁၅.၄) ရာခိုင်နှုန်းက (၁) နှစ်မှ (၂) နှစ်အကြားနှင့် (၂၄) ဦး၊ သို့မဟုတ် (၁၈.၅) ရာခိုင်နှုန်းက (၁) နှစ်အောက် ကြုံတွေ့နေရကြောင်း ဖြေဆိုခဲ့သည်။ ကျန်ဖြေဆိုသူ (၉) ဦး၊ သို့မဟုတ် (၆.၉) ရာခိုင်နှုန်းကမူ မိမိတို့နေထိုင်ရာဒေသတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုကို တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးကြောင်း ဖြေဆိုခဲ့သည်။

ပုံ ၄.၇။ ဆက်သွယ်ရေး လုံးဝပြတ်တောက်မှု ကြာမြင့်ချိန် – မြို့နယ်အလိုက် (ဖြေဆိုသူဦးရေ)



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက် ဤမေးခွန်းကို ဖြေဆိုသူ (၁၂၅) ဦးရှိပြီး ကျန်ဖြေဆိုသူ (၅) ဦးက ဖြေဆိုထားခြင်းမရှိပါ။

ယင်းအချက်များအရ စစ်တမ်းပါဝင်သူစုစုပေါင်း၏ ထက်ဝက်ကျော်ဖြစ်သော (၅၅.၄) ရာခိုင်နှုန်းသည် အသုံးပြုနိုင်သော ဆက်သွယ်ရေးဝန်ဆောင်မှု မရရှိသည့်အခြေအနေကို အနည်းဆုံး (၂) နှစ်ကြာ ကြုံတွေ့နေခဲ့ရကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လေ့လာခဲ့သည့်ဒေသများရှိ ဆက်သွယ်ရေးပြတ်တောက်မှုသည် ရက်ပိုင်း သို့မဟုတ် လပိုင်းမျှသာ ကြာမြင့်သော ယာယီအခြေအနေတစ်ရပ်မဟုတ်ဘဲ နှစ်နှင့်ချီ၍ ဆက်လက်တည်ရှိနေသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း စစ်တမ်းရလဒ်များက ဖော်ပြနေသည်။

မြို့နယ်အလိုက် ဖြေဆိုမှုများကို ပြန်လည်ကြည့်ရှုရာတွင် ကာလကြာရှည် ဆက်သွယ်ရေး ပြတ်တောက်မှုများသည် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းရှိ မြို့နယ်အချို့၌ အထူးသိသာစွာ စုစည်းနေကြောင်း တွေ့ရှိရသည်။ ကန့်ဘလူ၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်တို့မှ ဖြေဆိုသူအားလုံးဖြစ်သော (၂၀) ဦးအနက် (၂၀) ဦးက အသုံးပြုနိုင်သော ဆက်သွယ်ရေးဝန်ဆောင်မှု မရရှိသည့်အခြေအနေကို (၄) နှစ်နှင့်အထက် ကြုံတွေ့နေရကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် အင်းတော်နှင့် ထီးချိုင့်မြို့နယ်တို့တွင် မြို့နယ်တစ်ခုစီမှ ဖြေဆိုသူ (၅) ဦးအနက် (၄) ဦးစီနှင့် ကသာနှင့် ဗန်းမောက်မြို့နယ်တို့တွင် မြို့နယ်တစ်ခုစီမှ ဖြေဆိုသူ (၅) ဦးအနက် (၃) ဦးစီကလည်း ယင်းအခြေအနေကို (၄) နှစ်နှင့်အထက် ကြုံတွေ့နေရကြောင်း ဖြေဆိုခဲ့သည်။

အဆိုပါမြို့နယ်အများစုသည် ဒေသအတွင်း “ကသုံးလုံးခရိုင်” ဟု ခေါ်ဝေါ်ကြသည့် ကန့်ဘလူ၊ ကောလင်းနှင့် ကသာခရိုင်တို့အတွင်း သို့မဟုတ် ယင်းခရိုင်များနှင့် ဆက်စပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းတွင် တည်ရှိသည်။ ယင်းဒေသများတွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ဖြစ်စဉ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများနှင့် စစ်ဆင်ရေးများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး နယ်မြေထိန်းချုပ်မှု အခြေအနေများလည်း အကြိမ်ကြိမ် ပြောင်းလဲခဲ့သည်။ စစ်တမ်းတွေ့ရှိချက်များအရ အဆိုပါ ပဋိပက္ခပြင်းထန်သည့် မြို့နယ်အစုအဖွဲ့သည် ကြာရှည်ဆက်သွယ်ရေး ပြတ်တောက်မှု အများဆုံးတွေ့ရှိရသည့် ဒေသနှင့် ပထဝီအနေအထားအရ ထပ်တူကျနေသည်။


RFA သတင်းဌာန၏ မှတ်တမ်းအရ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဆားလင်းကြီး၊ ပုလဲ၊ အရာတော်၊ ဘုတလင်၊ ဝန်းသို၊ ပင်လည်ဘူးနှင့် ကောလင်းမြို့နယ်တို့တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့မှစ၍ အင်တာနက်ဖြတ်တောက်မှုများ စတင်ခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ် မတ်လ (၃) ရက်နေ့တွင် ချောင်းဦး၊ မြောင်၊ ဒီပဲယင်း၊ ဝက်လက်၊ ရေဦး၊ မြင်းမူ၊ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ တန့်ဆည်၊ မင်းကင်း၊ ကလေးဝ၊ တမူး၊ မော်လိုက်၊ အင်းတော်၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ ကျွန်းလှနှင့် ခင်ဦးအပါအဝင် နောက်ထပ်မြို့နယ်များတွင် အင်တာနက်ဖြတ်တောက်မှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။[17] ၂၀၂၂ ခုနှစ် မေလ (၂၄) ရက်နေ့တွင်လည်း တိုက်ပွဲများဖြစ်ပွားနေစဉ် မုံရွာ၊

[17] Radio Free Asia. (2022a, September 28). *အင်တာနက်အဖြတ်ခံထားရတဲ့တစ်နှစ်အတွင်း စစ်ကိုင်းနဲ့မကွေးတိုင်းမှာ (၈၀၀) နီးပါး သေဆုံး*

ပုလဲ၊ ခင်ဦး၊ ရေဦး၊ ကန့်ဘလူ၊ ကျွန်းလှနှင့် ကနီအပါအဝင် စစ်ကိုင်းတိုင်းရှိ မြို့နယ်အချို့တွင် တယ်လီဖုန်းလိုင်းများ နာရီအတော်ကြာ ဖြတ်တောက်ခဲ့ကြောင်း RFA က သီးခြားမှတ်တမ်းတင်ထားသည်။[18]

၂၀၂၃ ခုနှစ်ထုတ် အသံအဖွဲ့၏ အစီရင်ခံစာတစ်စောင်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကန့်ဘလူ၊ ကသာ၊ အင်းတော်၊ မုံရွာ၊ ဘုတလင်နှင့် ဆားလင်းကြီးအပါအဝင် မြို့နယ် (၂၆) ခုတွင် မိုဘိုင်းဒေတာ ဖြတ်တောက်ခံထားရပြီး ဝန်းသိုအပါအဝင် အခြားမြို့နယ်အချို့တွင် 2G ကွန်ရက်ကိုသာ အသုံးပြုနိုင်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် မြို့နယ်တစ်ခုတည်းအတွင်း၌ပင် နေရာအချို့တွင် အင်တာနက်ရရှိနိုင်သော်လည်း အခြားနေရာများ၌ အကန့်အသတ်ဖြင့်သာရရှိခြင်း သို့မဟုတ် လုံးဝမရရှိခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း အသံအဖွဲ့က မှတ်ချက်ပြုထားသည်။[19] ယင်းမှတ်တမ်းများသည် စစ်တမ်းတွင်တွေ့ရှိရသည့် မြို့နယ်အလိုက် ကွာခြားမှုများနှင့် ကြာရှည်ပြတ်တောက်မှုများသည် ဖြေဆိုသူတစ်ဦးချင်းစီ၏ သီးခြားအတွေ့အကြုံများ သာမဟုတ်ဘဲ နှစ်နှင့်ချီ၍ ဆက်လက်ဖြစ်ပေါ်နေသော ဒေသဆိုင်ရာအခြေအနေတစ်ရပ်ဖြစ်ကြောင်း ထောက်ခံပေးသည်။

ပုံ ၄.၈။ လွန်ခဲ့သော ၁၂ လအတွင်း ကြုံတွေ့ခဲ့ရသော ဆက်သွယ်ရေးပြတ်တောက်မှု အကြိမ်အရေအတွက်



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက် ဤမေးခွန်းကို ဖြေဆိုသူ (၁၂၉) ဦးရှိပြီး ကျန်ဖြေဆိုသူ (၁) ဦးက ဖြေဆိုထားခြင်းမရှိပါ။ ဇယားရှိ ရာခိုင်နှုန်းများကို စစ်တမ်းပါဝင်သူ စုစုပေါင်း (၁၃၀) ဦးအပေါ် အခြေခံ၍ ဖော်ပြထားသည်။

18 Radio Free Asia. (2022b, May 24). Mobile phone service cut amid heavy fighting in Myanmar's Sagaing.

19 Athan – Freedom of Expression Activist Organization. (2023). Disconnections and Vanishing Rights (p. 6)


ကန့်ဘလူခရိုင်အတွင်း အခြေပြုလုပ်ဆောင်နေသည့် ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး၏ ဖြေဆိုချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း အခါအားလျော်စွာ အင်တာနက်ဖြတ်တောက်မှုများနှင့် ဆန္ဒပြလှုပ်ရှားမှုကာလအတွင်း ညသန်းခေါင်မှ နံနက်ပိုင်းအထိ အင်တာနက်ပိတ်ထားခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင်မူ ယင်းဒေသ၌ SIM Card မှတစ်ဆင့် အသုံးပြုရသည့် မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုမှာ လုံးဝနီးပါး ပြတ်တောက်သွားခဲ့ကြောင်း ၎င်းက ရှင်းပြသည်။ ယင်းဖြေဆိုချက်အရ ဆက်သွယ်ရေး ကန့်သတ်မှုများသည် အစောပိုင်းကာလရှိ အချိန်ပိုင်းပိတ်ပင်မှုများမှတစ်ဆင့် နောက်ပိုင်းတွင် အချိန်ကာလအားဖြင့်ကြာရှည်ပြီး ပုံမှန်ဖြစ်ပေါ်နေသော အခြေအနေတစ်ရပ်အဖြစ် ပြောင်းလဲလာပုံကို ဖော်ပြနေသည်။

သို့ရာတွင် ယင်းကြာမြင့်ချိန်သည် ဤစစ်တမ်းလွှမ်းခြုံခဲ့သည့် မြို့နယ်အားလုံးတွင် တပြေးညီမဟုတ်ပေ။ မုံရွာ၊ ဘုတလင်နှင့် ဆားလင်းကြီးမြို့နယ်တို့မှ ဖြေဆိုသူအများစုသည် (၁) နှစ်အောက် သို့မဟုတ် (၁) နှစ်မှ (၂) နှစ်အကြား ကြာမြင့်သည့် ပြတ်တောက်မှုများကို ကြုံတွေ့နေရကြောင်း ဖြေဆိုခဲ့ပြီး၊ အချို့ကလည်း တစ်စိတ်တစ်ပိုင်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိနေကြောင်း ဖော်ပြခဲ့သည်။ ယင်းကွာခြားမှုသည် ဆက်သွယ်ရေးအခြေအနေမှာ မြို့နယ်တစ်ခုနှင့်တစ်ခုအကြားတွင်သာမက မြို့နယ်တစ်ခုတည်းအတွင်းရှိ မြို့ပေါ်၊ ကျေးလက်နှင့် နယ်မြေတစ်ခုချင်းစီအလိုက်လည်း မတူညီနိုင်ကြောင်း ထပ်မံဖော်ပြနေသည်။

ဆက်သွယ်ရေးပြတ်တောက်မှု၏ လက်ရှိဖြစ်ပွားမှုပုံစံကို ဆက်လက်လေ့လာရန် လွန်ခဲ့သော (၁၂) လအတွင်း ဆက်သွယ်ရေးပြတ်တောက်မှုကို အကြိမ်ရေမည်မျှ ကြုံတွေ့ခဲ့ရသနည်းဟု မေးမြန်းခဲ့သည်။ ဖြေဆိုသူစုစုပေါင်း (၁၃၀) ဦးအနက် (၆၀) ဦး၊ သို့မဟုတ် (၄၆.၂) ရာခိုင်နှုန်းက အကြိမ်အရေအတွက်ကို ဖော်ပြမည့်အစား “ပြတ်တောက်မှုမှာ အဆက်မပြတ်ဖြစ်နေသည်” ဟု ဖြေဆိုခဲ့သည်။ ထို့အပြင် (၂၀) ဦး၊ သို့မဟုတ် (၁၅.၄) ရာခိုင်နှုန်းက (၆) ကြိမ်နှင့်အထက်၊ (၁၅) ဦး၊ သို့မဟုတ် (၁၁.၅) ရာခိုင်နှုန်းက (၃) ကြိမ်မှ (၅) ကြိမ်နှင့် အခြား (၁၅) ဦး၊ သို့မဟုတ် (၁၁.၅) ရာခိုင်နှုန်းက (၁) ကြိမ်မှ (၂) ကြိမ် ကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၁၉) ဦး၊ သို့မဟုတ် (၁၄.၆) ရာခိုင်နှုန်းက လွန်ခဲ့သော (၁၂) လအတွင်း ဆက်သွယ်ရေးပြတ်တောက်မှု တစ်ကြိမ်မျှ မကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုခဲ့ပြီး ကျန် (၁) ဦးက မေးခွန်းကို ဖြေဆိုထားခြင်းမရှိပေ။

ဆက်သွယ်ရေးပြတ်တောက်မှု အဆက်မပြတ်ဖြစ်နေကြောင်း ဖြေဆိုမှုများသည်လည်း စစ်ကိုင်းတိုင်းမြောက်ပိုင်းရှိ မြို့နယ်အချို့တွင် သိသိသာသာ စုစည်းနေသည်။ ကသာ၊ အင်းတော်နှင့် ကျွန်းလှမြို့နယ်တို့တွင် မြို့နယ်တစ်ခုစီမှ ဖြေဆိုသူ (၅) ဦးအနက် (၅) ဦးစလုံးက ပြတ်တောက်မှု အဆက်မပြတ်ဖြစ်နေကြောင်း ဖြေဆိုခဲ့သည်။ ကန့်ဘလူ၊ ကောလင်းနှင့် ဗန်းမောက်မြို့နယ်တို့တွင် မြို့နယ်တစ်ခုစီမှ ဖြေဆိုသူ (၅) ဦးအနက် (၄) ဦးစီနှင့် ဝန်းသိုမြို့နယ်တွင် (၅) ဦးအနက် (၃) ဦးက အလားတူဖြေဆိုခဲ့သည်။ ယင်းဖြေဆိုသူများအတွက် ဆက်သွယ်ရေးပြတ်တောက်မှုကို အကြိမ်အရေအတွက်အားဖြင့် ရေတွက်ရန် မဖြစ်နိုင်တော့ပါ။ အကြောင်းမှာ ၎င်းတို့အတွက် ဆက်သွယ်ရေးပြတ်တောက်ခြင်းသည် ရံဖန်ရံခါဖြစ်ပွားသည့် အခက်အခဲတခုမဟုတ်တော့ဘဲ နေ့စဉ်ဘဝ၏ ပုံမှန်အခြေအနေတစ်ရပ် ဖြစ်လာပြီး၊ ဆက်သွယ်ရေးဝန်ဆောင်မှု ရရှိခြင်းကသာ ရံဖန်ရံခါ ပေါ်ပေါက်လာသည့် အခွင့်ထူးတရပ်ကဲ့သို့ ဖြစ်လာသောကြောင့် ဖြစ်သည်။

ပုံ ၄.၉။ စစ်တမ်းဒေသတွင် ဆက်သွယ်ရေးကန့်သတ်မှုများ၏ အချိန်ဇယား (၂၀၂၁–၂၀၂၆)



ရင်းမြစ်။ Athan၊ RFA၊ Myanmar Now၊ FULCRUM/ISEAS။


စစ်တမ်းက ဖော်ပြသည့် ဆက်သွယ်ရေးပြတ်တောက်မှု ကြာမြင့်ချိန်၊ မြို့နယ်အလိုက် စုစည်းမှု၊ ပြတ်တောက်မှုများ အဆက်မပြတ်ဖြစ်ပွားပုံနှင့် ပြင်ပစောင့်ကြည့်မှတ်တမ်းများကို ပေါင်းစပ်ကြည့်ပါက လေ့လာခဲ့သည့်ဒေသများရှိ ဆက်သွယ်ရေး ပြတ်တောက်မှုများကို ယာယီနည်းပညာချို့ယွင်းမှု သက်သက်မဟုတ်ကြောင်း တွေ့ရှိနိုင်သည်။ အထူးသဖြင့် ပဋိပက္ခပြင်းထန်သည့် မြို့နယ်များတွင် ယင်းပြတ်တောက်မှုများသည် နှစ်နှင့်ချီ၍ ဆက်လက်တည်ရှိနေ

ပြီး အချိန်ပိုင်းကန့်သတ်မှုမှ ကြာရှည်ဆက်သွယ်ရေးအမှောင်ချခံထားရသည့် အခြေအနေသို့ ပြောင်းလဲလာကြောင်း တွေ့ရှိရသည်။

၄.၁.၄ ဆက်သွယ်ရေးဖြတ်တောက်ရသည့် အကြောင်းရင်းများအပေါ် ဖြေဆိုသူများ၏ အမြင်

မိမိတို့ဒေသရှိ ဆက်သွယ်ရေးဝန်ဆောင်မှုများ အဘယ်ကြောင့် ပြတ်တောက်နေရသည်ဟု ယူဆသနည်းဟု မေးမြန်းရာ ဖြေဆိုသူများကို အဖြေတစ်ခုထက်ပို၍ ရွေးချယ်ခွင့်ပြုထားသည်။ ဖြေဆိုသူ (၁၃၀) ဦးအနက် (၆၆) ဦး၊ သို့မဟုတ် (၅၀.၈) ရာခိုင်နှုန်းက ဒေသခံလူထုသည် တော်လှန်ရေးကို ထောက်ခံသောကြောင့် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရခြင်းဖြစ်သည်ဟု ယူဆကြောင်း ဖြေဆိုခဲ့သည်။ ယင်းသည် ရွေးချယ်မှုအများဆုံးရရှိသည့် အကြောင်းရင်း ဖြစ်သည်။ တာဝါတိုင်နှင့် ဆက်သွယ်ရေးလိုင်းများ ပျက်စီးနေခြင်းကို ဖြေဆိုသူ (၃၁) ဦး၊ သို့မဟုတ် (၂၄.၈) ရာခိုင်နှုန်းက ရွေးချယ်ခဲ့သည်။ စစ်ဆင်ရေးမပြုလုပ်မီ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ဖြတ်တောက်ခြင်းကို (၂၁) ဦး၊ သို့မဟုတ် (၁၆.၂) ရာခိုင်နှုန်းကလည်းကောင်း၊ စစ်ဆင်ရေးဖြစ်ပွားနေစဉ် ဖြတ်တောက်ခြင်းကို (၁၆) ဦး၊ သို့မဟုတ် (၁၂.၃) ရာခိုင်နှုန်းကလည်းကောင်း ရွေးချယ်ခဲ့သည်။ ဖြေဆိုသူ (၂) ဦး၊ သို့မဟုတ် (၁.၅) ရာခိုင်နှုန်းကသာ အကြောင်းရင်းကို မသိရှိကြောင်း ဖြေဆိုခဲ့သည်။

ပုံ ၄.၁၀။ ဆက်သွယ်ရေးလိုင်း ပြတ်တောက်ရသည့် အကြောင်းရင်းအပေါ် ဖြေဆိုသူများ၏ နားလည်မှု



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်း ထက် ကျော်လွန်နိုင်သည်။

ဖြေဆိုသူထက်ဝက်ကျော်က ဆက်သွယ်ရေးဖြတ်တောက်မှုကို ဒေသခံလူထု၏ နိုင်ငံရေး ရပ်တည်ချက်နှင့် တော်လှန်ရေးအပေါ် ထောက်ခံမှုတို့အတွက် အပြစ်ပေးပိတ်ဆို့သည့် လုပ်ရပ်တစ်ရပ်အဖြစ် နားလည်ထားကြောင်း ယင်းရလဒ်က ဖော်ပြနေသည်။ တစ်ချိန်တည်းတွင် တာဝါတိုင်နှင့် ဆက်သွယ်ရေးလိုင်းများ ပျက်စီးခြင်းကို ရွေးချယ်သူများလည်းရှိသဖြင့် ဖြေဆိုသူများသည် ဆက်သွယ်ရေးပြတ်တောက်မှုကို အကြောင်းရင်းတစ်ခုတည်းကြောင့် ဖြစ်ပေါ်သည့် ပြဿနာအဖြစ် မရှုမြင်ကြောင်း တွေ့ရှိရသည်။ ၎င်းတို့၏အမြင်တွင် ဆက်သွယ်ရေးပြတ်တောက်မှုများသည် ရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်ကန့်သတ်ခြင်း၊ စစ်ဆင်ရေးဆိုင်ရာလိုအပ်ချက်များနှင့် တိုက်ပွဲကြောင့် အခြေခံအဆောက်အအုံပျက်စီးခြင်းတို့ ပေါင်းစပ်ဖြစ်ပေါ်သည့် အခြေအနေတစ်ရပ်ဖြစ်သည်။

ယခင်အပိုင်းတွင် ဖော်ပြခဲ့သည့် အခြားသုတေသနစာတမ်းများနှင့် ဖော်ပြချက်များအရ စစ်ဆင်ရေးမစတင်မီ သို့မဟုတ် စစ်ဆင်ရေးဖြစ်ပွားနေစဉ်တွင် ဆက်သွယ်ရေး ဖြတ်တောက်မှုများ ဖြစ်ပွားလေ့ရှိသည်။ RFA သတင်းဌာန၏ မှတ်တမ်းအရ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစတင်၍ အင်တာနက်ဖြတ်တောက်ခဲ့ပြီး ယင်းနောက် အဆိုပါဒေသများ၌ စစ်ဆင်ရေးများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၂ ခုနှစ် မေလအတွင်း၌လည်း စစ်ကိုင်းတိုင်းရှိ မြို့နယ်အချို့တွင် စစ်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်နေချိန် တယ်လီဖုန်းဆက်သွယ်ရေးများ ဖြတ်တောက်ခံခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။[20] ယင်းမှတ်တမ်းများသည် ဆက်သွယ်ရေးဖြတ်တောက်မှုကို စစ်ဆင်ရေးမတိုင်မီ သို့မဟုတ် စစ်ဆင်ရေးဖြစ်ပွားနေစဉ် အသုံးပြုသည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ထားသော စစ်တမ်းဖြေဆိုသူများ၏ အတွေ့အကြုံနှင့် တစ်စိတ်တစ်ပိုင်း ကိုက်ညီမှုရှိသည်။

အသံအဖွဲ့ကလည်း မိုဘိုင်းနှင့် အင်တာနက်ကွန်ရက်များကို နိုင်ငံရေးနှင့်စစ်ရေး ရည်ရွယ်ချက်များအတွက် ရေတိုနှင့်ရေရှည် ဖြတ်တောက်သည့် ပုံစံများကို မှတ်တမ်းတင်ထားသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မင်းတပ်မြို့နယ်၌ လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီ ရက်ပေါင်း (၂၀) ခန့်ကြာ မိုဘိုင်းဒေတာနှင့် ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံခဲ့ရကြောင်းနှင့် ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာများတွင်လည်း လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ် ဆက်သွယ်ရေးပြတ်တောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြထားသည်။[21] သို့သော် ယင်းဖြစ်ရပ်များနှင့် လက်ရှိစစ်တမ်းတွင် ပါဝင်သည့်ဖြေဆိုသူတစ်ဦးချင်းစီ၏ အတွေ့အကြုံတို့အကြား တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း ဤစစ်တမ်းက အတည်ပြုထားခြင်းမဟုတ်ဘဲ နေရာဒေသအမျိုးမျိုးတွင် တွေ့ရှိရသည့် ပုံစံတူဖြစ်စဉ်များကို နှိုင်းယှဉ်ဖော်ပြခြင်း ဖြစ်သည်။

[20] Radio Free Asia. (2022b, May 24). Mobile phone service cut amid heavy fighting in Myanmar's Sagaing.
[21] Athan – Freedom of Expression Activist Organization. (2023). Disconnections and Vanishing Rights (pp. 1–2)

စစ်တမ်းဖြေဆိုသူများ၏ ယူဆချက်များသည် ဖြစ်ရပ်တစ်ခုတည်းအပေါ် အခြေခံထားခြင်းမဟုတ်ဘဲ နှစ်နှင့် ချီ၍ ထပ်ခါတလဲလဲ ကြုံတွေ့ခဲ့ရသည့် အခြေအနေများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ဒေသခံ ပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး၏ ဖြေဆိုချက်က ဖော်ပြနေသည်။ ၎င်းက "ဖိနှိပ်မှုတွေ တိုးလာတာနဲ့အမျှ သူတို့ အင်တာနက်ကို ဖြတ်တောက်မယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် ကြုံတင်ပြင်ဆင်နိုင်ဖို့ ဘာမှ မတတ်နိုင်ခဲ့ဘူး" ဟု ပြောကြားခဲ့သည်။[22] ယင်းဖြေဆိုချက်သည် ဆက်သွယ်ရေးဖြတ်တောက်မှုနှင့် စစ်ရေးဖိနှိပ်မှုတို့ အကြား ဆက်စပ်ပုံကို ဒေသခံများက ၎င်းတို့၏ ထပ်ခါတလဲလဲကြုံတွေ့မှုများအပေါ် အခြေခံ၍ ကြုံတင်ခန့်မှန်းနိုင် လာကြပုံကို ဖော်ပြနေသည်။ သို့သော် ဆက်သွယ်ရေး ဖြတ်တောက်မှုဖြစ်ပေါ်မည်ကို ကြုံတင်သတိပြုမိသော်လည်း ထိုသို့ ဖြတ်တောက်ခံရမှုအတွက် တစုံတရာ ကြုံတင်ပြင်နိုင်မည်ဟု မယူဆနိုင်ပေ။

ထို့အပြင် အချို့သောဖြေဆိုသူများ၏ ပြောကြားချက်အရ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း ဆက်သွယ်ရေး ကန့်သတ်မှုများ ပြုလုပ်သည့်အဖွဲ့မှာ မြန်မာစစ်တပ်တစ်ခုတည်းသာ မဟုတ်တော့ကြောင်း တွေ့ရှိရသည်။ အချို့ ဒေသများတွင် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့များ၏ စစ်ဆင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပေါက်ကြား မှုမရှိစေရန် အများပြည်သူအသုံးပြုနေသည့် Starlink ဂြိုလ်တု အင်တာနက်ဝန်ဆောင်မှု ရရှိရာနေရာများကို အချိန် ကန့်သတ်၍ ပိတ်ထားရန် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များက ညွှန်ကြားခဲ့သည့်ဖြစ်ရပ်များရှိကြောင်း ဖြေဆိုသူအချို့ က ဖော်ပြခဲ့သည်။ ယင်းဖြစ်ရပ်များသည် ဆက်သွယ်ရေးကန့်သတ်မှုကို စစ်ရေးဆိုင်ရာ လုံခြုံရေးနည်းလမ်းတစ်ခု အဖြစ် လက်နက်ကိုင်စစ်ပွဲများတွင် ပါဝင်သည့်အဖွဲ့အမျိုးမျိုးက အသုံးပြုလာနိုင်ကြောင်း ဖော်ပြနေသည်။ Starlink အပါအဝင် အစားထိုးဆက်သွယ်ရေးနည်းလမ်းများ၏ အသုံးပြုနိုင်မှု၊ ထိန်းချုပ်ခံရမှုနှင့် အခြားကန့်သတ်ချက်များကို အခန်း (၄.၂) နှင့် (၄.၄) တို့တွင် အသေးစိတ် ဆက်လက်လေ့လာထားသည်။

ခြုံငုံကြည့်ပါက ဖြေဆိုသူများသည် ဆက်သွယ်ရေးပြတ်တောက်မှုကို သာမန်နည်းပညာချို့ယွင်းမှု တစ်ရပ် အဖြစ်သာ မရှုမြင်ကြောင်း ထင်ရှားသည်။ ဖြေဆိုသူအများစု၏အမြင်တွင် ယင်းသည် ဒေသခံလူထု၏ နိုင်ငံရေး ရပ်တည်ချက်အတွက် အပြစ်ပေးပိတ်ဆို့ခြင်း၊ စစ်ဆင်ရေးမတိုင်မီ သတင်းအချက်အလက်စီးဆင်းမှုကို ကန့်သတ် ခြင်း၊ စစ်ဆင်ရေးဖြစ်ပွားနေစဉ် ဆက်သွယ်ရေးကို ထိန်းချုပ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ပျက်စီးခြင်းတို့ ပေါင်းစပ်ဖြစ်ပေါ်သည့် အခြေအနေတစ်ရပ် ဖြစ်သည်။ ယင်းတို့သည် ဖြေ ဆိုသူများ၏ အတွေ့အကြုံနှင့် နားလည်မှုအပေါ် အခြေခံသော တွေ့ရှိချက်များ ဖြစ်ပြီး ဖြတ်တောက်မှုတစ်ခုချင်းစီ၏ အမိန့်ပေးသူ၊ နည်းလမ်းနှင့် ရည်ရွယ်ချက်ကို သီးခြားနည်းပညာဆိုင်ရာ စစ်ဆေးမှုဖြင့် အတည်ပြုထားခြင်း မဟုတ် ကြောင်းလည်း သတိပြုရန်လိုအပ်သည်။

[22] ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ ၁ အောက်တိုဘာ ၂၀၂၆


၄.၁.၅ ဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့် အရပ်သားထိခိုက်မှု အခင်းအကျင်း

ဆက်သွယ်ရေးပြတ်တောက်မှု၏ သက်ရောက်မှုကို နားလည်ရန် စစ်တမ်းကောက်ယူခဲ့သည့် ဒေသများတွင် ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများနှင့် အရပ်သားပြည်သူများအပေါ် ထိခိုက်မှုအခြေအနေတို့ကို ယှဉ်တွဲလေ့လာရန် လိုအပ်သည်။ ယင်းဒေသများသည် ဆက်သွယ်ရေးဝန်ဆောင်မှု အားနည်းခြင်း သို့မဟုတ် ပြတ်တောက်ခြင်းကိုသာ သီးသန့်ကြုံတွေ့နေရသည့် ဒေသများမဟုတ်ဘဲ မြေပြင်တိုက်ပွဲများ၊ လေကြောင်းနှင့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ ကျေးရွာမီးရှို့ဖျက်ဆီးမှုများနှင့် အရပ်သားသေဆုံးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် နေရာများလည်းဖြစ်သည်။ ထို့ကြောင့် ဆက်သွယ်ရေးပြတ်တောက်မှုသည် ပုံမှန်ဝန်ဆောင်မှုတစ်ခု ဆုံးရှုံးရခြင်းမျှသာမဟုတ်ဘဲ အသက်အန္တရာယ်ရှိသော ပဋိပက္ခအခြေအနေအတွင်း အရေးပေါ် သတိပေးချက်များ၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် အကူအညီတောင်းခံနိုင်သည့် လမ်းကြောင်းများ ဆုံးရှုံးရခြင်းဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP – Assistance Association for Political Prisoners) သည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့အထိ စစ်တပ်နှင့် စစ်တပ်လိုလားသောအဖွဲ့များ၏ သတ်ဖြတ်မှုကြောင့် နိုင်ငံတစ်ဝန်း သေဆုံးခဲ့သည့် ဒီမိုကရေစီအရေးလှုပ်ရှားသူများနှင့် အရပ်သားပြည်သူ (၈,၅၅၁) ဦး၏စာရင်းကို အမည်နှင့်တကွ စိစစ် အတည်ပြုမှတ်တမ်းတင်ထားသည်။ ယင်းတို့အနက် (၂,၁၁၆) ဦး၊ သို့မဟုတ် (၂၄.၇) ရာခိုင်နှုန်းသည် ဤသုတေသနပြုလုပ်ခဲ့သည့် အဓိကမြို့နယ် (၂၄) ခု မှ ဖြစ်သည်။ မြို့နယ်အလိုက် သေဆုံးသူအရေအတွက်ကို ကြည့်လျှင် ကန့်ဘလူမြို့နယ်တွင် (၃၁၄) ဦးဖြင့် အများဆုံးဖြစ်ပြီး ခင်ဦးမြို့နယ်တွင် (၁၈၇) ဦး၊ မုံရွာမြို့နယ်တွင် (၁၆၉) ဦး၊ ရွှေဘိုမြို့နယ်တွင် (၁၆၁) ဦးနှင့် ဝက်လက်မြို့နယ်တွင် (၁၄၉) ဦးတို့ဖြင့် အစဉ်လိုက်တွေ့ရှိရသည်။ ယင်းကိန်းဂဏန်းများသည် AAPP က အမည်၊ ဖြစ်စဉ်နှင့် နေရာအချက်အလက်များကို စိစစ်အတည်ပြုနိုင်ခဲ့သည့် အနည်းဆုံးစာရင်းသာဖြစ်ပြီး မြေပြင်တွင် အမှန်တကယ် သေဆုံးသူအရေအတွက်သည် ယင်းထက်ပိုမိုများပြားနိုင်သည်။[23]

[23] Assistance Association for Political Prisoners (AAPP), "Data Explorer," What's Happening in Myanmar, accessed October 15, 2026

ပုံ (၄.၁၁)။ စစ်တမ်းပြုလုပ်ခဲ့သည့် အဓိကမြို့နယ် (၂၄) ခုအတွင်း AAPP က စိစစ်အတည်ပြုမှတ်တမ်းတင်ထားသည့် သေဆုံးသူအရေအတွက် (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ)




ရင်းမြစ်။ AAPP (coup.aappb.org)၊ အောက်တိုဘာလ (၁၅)ရက်၊ ၂၀၂၆ အထိ။

ကန့်ဘလူမြို့နယ်၏ သေဆုံးသူအရေအတွက် မြင့်မားနေရခြင်း၏ အကြောင်းအရင်းများအနက် တခုမှာ ၂၀၂၃ ခုနှစ် ဧပြီလ (၁၁) ရက်နေ့က စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှု ဖြစ်သည်။ ကုလသမဂ္ဂ၏ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM – Independent Investigative Mechanism for Myanmar) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်အရ ယင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်များအပါအဝင် အနည်းဆုံး လူ (၁၅၅) ဦး သေဆုံးခဲ့ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း လူသေဆုံးမှုအများဆုံး တိုက်ခိုက်မှုတစ်ခု ဖြစ်ခဲ့သည်။[24] ပဋိပက္ခဒဏ်သည် လူသေဆုံးမှုတွင်သာမက အရပ်ဘက်အခြေခံအဆောက်အအုံ

[24] Independent Investigative Mechanism for Myanmar (IIMM), "Two Years since the Deadly Air Attack on Pa Zi Gyi Village, Myanmar, and Air Strikes Continue Unabated," April 11, 2025

နှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုတွင်လည်း ထင်ရှားသည်။ Data for Myanmar ၏ ၂၀၂၆ ခုနှစ် ဧပြီလထုတ် အချက်အလက်များအရ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ နိုင်ငံတစ်ဝန်း လူနေအိမ် (၁၂၅,၃၂၈) လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယင်းတို့အနက် (၇၈,၈၉၆) လုံး၊ သို့မဟုတ် (၆၃) ရာခိုင်နှုန်းကျော်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သည်။ မီးရှို့ဖျက်ဆီးခံခဲ့ရသော နေအိမ်စုစုပေါင်းအနက် (၁၂၁,၄၈၅) လုံးကို စစ်တပ်နှင့်ဆက်နွယ်သောအဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။[25]

ပုံ (၄.၁)။ စစ်တမ်းပြုလုပ်ခဲ့သည့် အဓိကမြို့နယ် (၂၄) ခုအတွင်း နှစ်အလိုက် နှစ်ဖက်ပဋိပက္ခ တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် မြန်မာစစ်တပ်၏ လေကြောင်း/ဒရုန်းတိုက်ခိုက်မှုဖြစ်စဉ်များ (၂၀၂၁-၂၀၂၅)



ရင်းမြစ်။ ACLED (acleddata.com)

မှတ်ချက်။ ။ ACLED သည် နေရာ၊ ရက်စွဲနှင့် ပါဝင်သည့်အဖွဲ့များ တူညီသော လေကြောင်း သို့မဟုတ် ဒရုန်းတိုက်ခိုက်မှုအများအပြားကို ဖြစ်စဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ထားသည်။ ထို့အပြင် မြေပြင်တိုက်ပွဲတစ်ခုအတွင်း ဖြစ်ပွားသော လေကြောင်း သို့မဟုတ် ဒရုန်းတိုက်ခိုက်မှုကို သီးခြားလေကြောင်း/ဒရုန်းတိုက်ခိုက်မှုဖြစ်စဉ်အဖြစ် မဟုတ်ဘဲ တိုက်ပွဲဖြစ်စဉ်အဖြစ် မှတ်တမ်းတင်နိုင်သည်။ ထို့ကြောင့် ဖော်ပြထားသည့် ကိန်းဂဏန်းများသည် လက်နက် သို့မဟုတ် ဗုံးတစ်ကြိမ်ချင်း ပစ်ခတ်တိုက်ခိုက်သည့်အရေအတွက် မဟုတ်ပါ။

25 Data for Myanmar,"Documenting the Monthly Impact No. 1 of Arson Attacks on Civilian Homes" (April 2026)," April 4, 2026, hosted by Progressive Voice

စစ်တမ်းပြုလုပ်ခဲ့သည့် အဓိကမြို့နယ် (၂၄) ခုနှင့်သက်ဆိုင်သော Armed Conflict Location & Event Data (ACLED) မှ ပြုစုထားသော အချက်အလက်များတွင်လည်း ပဋိပက္ခဖြစ်စဉ်များ၏ ပုံသဏ္ဌာန်ပြောင်းလဲလာမှုကို တွေ့ရှိရသည်။ မှတ်တမ်းတင်ထားသော နှစ်ဖက်တိုက်ခိုက်မှု ပဋိပက္ခဖြစ်စဉ် စုစုပေါင်းသည် ၂၀၂၁ ခုနှစ်တွင် (၁,၁၅၄) ခုရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် (၂,၇၅၉) ခုနှင့် ၂၀၂၃ ခုနှစ်တွင် (၂,၈၀၀) ခုအထိ မြင့်တက်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် (၁,၈၉၁) ခုနှင့် ၂၀၂၅ ခုနှစ်တွင် (၁,၁၄၈) ခုသို့ ပြန်လည်ကျဆင်းခဲ့သည်။ သို့သော် လေကြောင်းနှင့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ဖြစ်စဉ်များမှာ ၂၀၂၁ ခုနှစ်တွင် (၁၁) ခုသာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် (၂၂၅) ခု၊ ၂၀၂၃ ခုနှစ်တွင် (၃၇၉) ခု၊ ၂၀၂၄ ခုနှစ်တွင် (၅၀၃) ခုနှင့် ၂၀၂၅ ခုနှစ်တွင် (၅၀၄) ခုအထိ တိုးလာခဲ့သည်။ ယင်းမှာ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် (၄၆) ဆနီးပါး တိုးလာခြင်း ဖြစ်သည်။[26] ACLED သည် တစ်နေရာတည်း၌ တစ်ရက်တည်းအတွင်း ဖြစ်ပွားသော လေကြောင်း သို့မဟုတ် မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုအများအပြားကို ဖြစ်စဉ်တစ်ခုအဖြစ် သာမှတ်တမ်းတင်သဖြင့် ယင်းကိန်းဂဏန်းများကို တစ်ကြိမ်ချင်းတိုက်ခိုက်မှု အရေအတွက်အဖြစ် မမှတ်ယူနိုင်ပါ။[27]

အထက်ပါအချက်အလက်များကို ဆက်သွယ်ရေးဝန်ဆောင်မှုရရှိနိုင်မှုဆိုင်ရာ စစ်တမ်းတွေ့ရှိချက်များနှင့် ယှဉ်တွဲကြည့်လျှင် ဘေးကင်းလုံခြုံရေးဆိုင်ရာ သတိပေးချက်များကို အလိုအပ်ဆုံးဒေသများသည် ယင်းသတိပေးချက်များ လက်ခံရရှိရန် အခက်အခဲအများဆုံး ကြုံတွေ့နေရသည့် ဒေသများလည်း ဖြစ်နေကြောင်း တွေ့ရသည်။ ထို့အပြင် ဆက်သွယ်ရေးပြတ်တောက်မှုကြောင့် သေဆုံးမှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို သတင်းပေးပို့ခြင်း၊ အမည်နှင့်ဖြစ်စဉ်အချက်အလက်များ စိစစ်ခြင်းနှင့် အတည်ပြုမှတ်တမ်းတင်ခြင်းတို့တွင် အချိန်ကြန့်ကြာမှု သို့မဟုတ် အချက်အလက်လစ်ဟာမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ပုံ (၄.၇) တွင် အတည်ပြုသေဆုံးသူအရေအတွက် နည်းပါးစွာတွေ့ရှိရသော မြို့နယ်များကို ပဋိပက္ခ သို့မဟုတ် အရပ်သားထိခိုက်မှု နည်းပါးသည့်ဒေသများဟု တိုက်ရိုက်ကောက်ချက်ချ၍ မရနိုင်ပေ။ အဆိုပါအခြေအနေများအောက်တွင် ဒေသခံများက အသက်ကယ်တင်နိုင်သည့် သတင်းအချက်အလက်များကို မည်သို့ရှာဖွေရယူနေကြောင်းနှင့် မည်သည့်အစားထိုး ဆက်သွယ်ရေးနည်းလမ်းများ အသုံးပြုနေကြောင်း လာမည့် အခန်းတွင် ဆက်လက်လေ့လာတင်ပြထားသည်။

---

26 Armed Conflict Location & Event Data (ACLED), "Data Export Tool," Myanmar data filtered for the study's (24) principal townships, covering 2021–2025 and the event types "Battles," "Explosions/Remote violence," and "Violence against civilians," including the sub-event type "Air/drone strike," accessed October 4, 2026.


27 Su Mon, "The War from the Sky: How Drone Warfare Is Shaping the Conflict in Myanmar," Armed Conflict Location & Event Data (ACLED), July 1, 2025.

၄.၂ ဆက်သွယ်ရေးဖြတ်တောက်ခံရမှုကို ရှင်သန်ဖြတ်ကျော်ခြင်း

၄.၂.၁ သတင်းအချက်အလက်ရယူသည့် လမ်းကြောင်းများ ပြောင်းလဲလာခြင်းနှင့် အစားထိုး နည်းလမ်းများ

ဆက်သွယ်ရေးဖြတ်တောက်မှုများ မကြုံတွေ့ရသေးချိန်တွင် ဖြေဆိုသူများ၏ သတင်းအချက်အလက်ရယူမှုသည် မိုဘိုင်းအင်တာနက်နှင့် လူမှုကွန်ရက်များအပေါ် အဓိကမှီခိုခဲ့သည်။ အဖြေတစ်ခုထက်ပို၍ ရွေးချယ်နိုင်သည့် မေးခွန်းအရ ဖြေဆိုသူ (၇၄) ဦး၊ သို့မဟုတ် (၅၆.၉) ရာခိုင်နှုန်းက မိုဘိုင်းအင်တာနက်ကို အသုံးပြုခဲ့ပြီး၊ (၆၅) ဦး၊ သို့မဟုတ် (၅၀.၀) ရာခိုင်နှုန်းက လူမှုကွန်ရက်များမှ သတင်းအချက်အလက်ရယူခဲ့ကြောင်း ဖြေဆိုခဲ့သည်။ ရုပ်မြင်သံကြားနှင့် လူအချင်းချင်း သတင်းမျှဝေခြင်းကို ရွေးချယ်သူ (၄၀) ဦးစီ၊ သို့မဟုတ် (၃၀.၈) ရာခိုင်နှုန်းစီရှိပြီး၊ ဖုန်းခေါ်ဆိုမှု သို့မဟုတ် SMS ကို ရွေးချယ်သူ (၃၄) ဦး၊ သို့မဟုတ် (၂၆.၂) ရာခိုင်နှုန်းရှိသည်။ ထို့အပြင် လက်ကိုင်အပြန်အလှန်ရေဒီယိုစကားပြောစက်ကို အသုံးပြုသူ (၂၇) ဦး၊ သို့မဟုတ် (၂၀.၈) ရာခိုင်နှုန်းနှင့် အိမ်နီးချင်းများထံမှ သတင်းရယူသူ (၂၁) ဦး၊ သို့မဟုတ် (၁၆.၂) ရာခိုင်နှုန်းရှိသည်။

ပုံ (၄.၁၃)။ ဆက်သွယ်ရေးဖြတ်တောက်မခံရမီ အသုံးပြုခဲ့သည့် အဓိကသတင်းအချက်အလက်လမ်းကြောင်းများနှင့် ဖြတ်တောက်ခံရပြီးနောက် အသုံးပြုသည့် အစားထိုးနည်းလမ်းများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

ဆက်သွယ်ရေးဖြတ်တောက်ခံထားရချိန်တွင် အသုံးပြုသည့် နည်းလမ်းများမှာ သိသိသာသာ ပြောင်းလဲသွားသည်။ လက်ကိုင်အပြန်အလှန်ရေဒီယိုစကားပြောစက် (ICOM စကားပြောစက်) ကို အသုံးပြုကြောင်း ဖြေဆိုသူ (၁၀၆) ဦး၊ သို့မဟုတ် (၈၁.၅) ရာခိုင်နှုန်းရှိပြီး၊ Starlink သို့မဟုတ် အခြားဂြိုဟ်တုအင်တာနက်ကို အသုံးပြုသူ (၇၉) ဦး၊ သို့မဟုတ် (၆၀.၈) ရာခိုင်နှုန်းရှိသည်။ ထို့နောက် ဆက်သွယ်ရေးလိုင်းရရှိသည့်နေရာသို့ သွားရောက်ရသူ (၃၃) ဦး၊ သို့မဟုတ် (၂၅.၄) ရာခိုင်နှုန်းနှင့် ရပ်ရွာခေါင်းဆောင်များ၏ ကြေညာချက်များကို အားထားရသူ (၂၆) ဦး၊ သို့မဟုတ် (၂၀.၀) ရာခိုင်နှုန်းရှိသည်။ ကျေးရွာအတွင်း ကြေညာချက်များကို အသုံးပြုသူ (၁၀) ဦး၊ သို့မဟုတ် (၇.၇) ရာခိုင်နှုန်းရှိပြီး၊ FM ရေဒီယိုနှင့် လှိုင်းတိုရေဒီယိုကို အသုံးပြုသူ (၆) ဦးစီ၊ သို့မဟုတ် (၄.၆) ရာခိုင်နှုန်းစီရှိသည်။ အသံချဲ့စက်မှတစ်ဆင့် သတင်းရယူသူမှာ (၅) ဦး၊ သို့မဟုတ် (၃.၈) ရာခိုင်နှုန်းဖြစ်ကြောင်း ယခုစစ်တမ်းက မှတ်တမ်းတင်ထားသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်သည့် မေးခွန်းနှစ်ခု၏ ရွေးချယ်စရာများမှာ အပြည့်အဝတူညီခြင်းမရှိသဖြင့် နည်းလမ်းအားလုံး၏ တိုးလာမှုနှင့် လျော့နည်းလာမှုကို တစ်ခုချင်း တိုက်ရိုက်နှိုင်းယှဉ်၍ မရနိုင်ပါ။ သို့သော် မေးခွန်းနှစ်ခုစလုံးတွင် ပါဝင်သည့် ICOM စကားပြောစက်ကို ရွေးချယ်သူအရေအတွက်မှာ ဆက်သွယ်ရေး ဖြတ်တောက်မခံရမီ (၂၇) ဦးမှ ဖြတ်တောက်ခံထားရချိန်တွင် (၁၀၆) ဦးအထိ တိုးလာခဲ့သည်။ ထို့အပြင် ဆက်သွယ်ရေးဖြတ်တောက်ခံထားရချိန်တွင် ဖြေဆိုသူအများစုက ဂြိုဟ်တုအင်တာနက်ကို အဓိကအစားထိုး နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနေကြောင်း တွေ့ရှိရသည်။ ယင်းတို့က မိဘိုင်းအင်တာနက်နှင့် လူမှုကွန်ရက်များကို တစ်ဦးချင်းတိုက်ရိုက် အသုံးပြုသည့်ပုံစံမှ ရေဒီယိုစကားပြောစက်များ၊ ဂြိုဟ်တုအင်တာနက်၊ ရပ်ရွာခေါင်းဆောင်များနှင့် လူအချင်းချင်း သတင်းမျှဝေသည့် စုပေါင်းပုံစံသို့ ပြောင်းလဲလာကြောင်း ဤစာတမ်း၏ လေ့လာချက်များက ဖော်ပြနေသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ ၂၀၂၁ခုနှစ်၊ မတ်လ တွင်ဖြန့်ဝေခဲ့သောမှတ်တမ်းအရ မြန်မာစစ်တပ်သည် ဆက်သွယ်ရေးကုမ္ပဏီများအား ဝန်ဆောင်မှုနှင့် လူမှုကွန်ရက်များ ပိတ်ပင်ရန် အမိန့်ပေးခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက် ဖြတ်တောက်မှုများကိုလည်း ပြုလုပ်ခဲ့သည်။[28] ၂၀၂၅ ခုနှစ်တွင် ပြုလုပ်ခဲ့သော အသံအဖွဲ့၏ အစီရင်ခံစာအရ ဆက်သွယ်ရေးရရှိနေသေးသည့် ဒေသများ၌ ဝက်ဘ်ဆိုက်နှင့် VPN ပိတ်ပင်မှုများအပါအဝင် ဒစ်ဂျစ်တယ်ကန့်သတ်မှုများ ဆက်လက်ရှိနေကြောင်း ဖော်ပြထားသည်။[29] ထို့ကြောင့် ဖြေဆိုသူများအသုံးပြုလာသည့် ICOM စကားပြောစက်၊ ဂြိုဟ်တုအင်တာနက်နှင့် ရပ်ရွာအခြေပြု သတင်းမျှဝေမှုများသည် စစ်တပ်က ထိန်းချုပ်ဖြတ်တောက်နိုင်သည့် ပုံမှန်မိဘိုင်းနှင့် အင်တာနက်ကွန်ရက်များအပေါ် မှီခိုမှုကို လျော့ချပေးသည့် အစားထိုးနည်းလမ်းများ ဖြစ်သည်။ သို့သော် ယင်းနည်းလမ်းများသည် ကုန်ကျစရိတ်၊ စက်ပစ္စည်း

[28] Andrews, Thomas H. "Report of the Special Rapporteur on the Situation of Human Rights in Myanmar." UN Doc. A/HRC/46/56, March 4, 2021.
[29] Athan – Freedom of Expression Activist Organization. "ONLY IN MYANMAR – Made by Junta: Consequences of the Telecommunication Blackouts." November 4, 2025.

ရရှိနိုင်မှု၊ လျှပ်စစ်နှင့် လောင်စာဆီရရှိမှု၊ လုံခြုံရေးအန္တရာယ်နှင့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ၏ အခြေအနေများ၊ ဆုံးဖြတ်ချက်များမှ လုံးဝလွတ်ကင်းနေခြင်းမဟုတ်ပေ။

ဆက်သွယ်ရေး ဖြတ်တောက်ခံထားရချိန်တွင် အရေးကြီးသော သတင်းအချက်အလက်များကို မည်မျှလျင်မြန်စွာ ရရှိနိုင်သနည်းဟု မေးမြန်းရာ ဖြေဆိုသူစုစုပေါင်း (၁၃၀) ဦးအနက် (၅၆) ဦး၊ သို့မဟုတ် (၄၃.၁) ရာခိုင်နှုန်းက မိမိတို့ကိုယ်တိုင် သတင်းအချက်အလက်မရရှိနိုင်ဘဲ အခြားသူများကို အားကိုးရကြောင်း ဖြေဆိုခဲ့သည်။ နာရီပိုင်းအတွင်း ရရှိနိုင်သူ (၂၈) ဦး၊ သို့မဟုတ် (၂၁.၅) ရာခိုင်နှုန်း၊ တစ်ရက်အတွင်း ရရှိနိုင်သူ (၂၃) ဦး၊ သို့မဟုတ် (၁၇.၇) ရာခိုင်နှုန်းနှင့် ရက်အနည်းငယ်အတွင်းမှ ရရှိနိုင်သူ (၂၀) ဦး၊ သို့မဟုတ် (၁၅.၄) ရာခိုင်နှုန်းရှိသည်။ ယင်းမေးခွန်းကို ဖြေဆိုသူ (၃) ဦးက မဖြေဆိုခဲ့ပေ။ ဤအချက်က အရေးကြီးသတင်းအချက်အလက်များ အချိန်မီရရှိနိုင်မှုသည် ICOM စကားပြောစက်၊ ဂြိုဟ်တုအင်တာနက်နှင့် အခြားဆက်သွယ်ရေး ကိရိယာများကို အသုံးပြုနိုင်သူများနှင့် ချိတ်ဆက်ထားသော လူမှုဆက်ဆံရေးကွန်ရက်များ အပေါ် ပိုမိုမှီခိုလာရကြောင်း ဖော်ပြနေသည်။[30]

အင်တာနက်အရည်အသွေးနှင့်ပတ်သက်၍ ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက Starlink သည် “မြန်တယ်၊ ချောမွေ့တယ်၊ VPN ပိတ်ခံရတာမျိုးလည်း မရှိတော့ဘူး” ဟု ပြောကြားခဲ့သည်။[31] ယင်းပြောကြားချက်သည် တွေ့ဆုံမေးမြန်းခံရသူ၏ ဒေသအတွေ့အကြုံကို ထင်ဟပ်ခြင်းဖြစ်ပြီး နေရာအားလုံးတွင် Starlink သည် အမြဲတမ်းတည်ငြိမ်၊ လုံခြုံ သို့မဟုတ် ရရှိနိုင်သည်ဟု အဓိပ္ပာယ်မရပါ။ ဤစစ်တမ်း၏ အဓိကတွေ့ရှိချက်မှာ အစားထိုးနည်းလမ်းများက ပုံမှန်ဆက်သွယ်ရေးကွန်ရက်ထက် လုံးဝသာလွန်သွားခြင်းမဟုတ်ဘဲ၊ တစ်ဦးချင်းတိုက်ရိုက်ရယူနိုင်ခဲ့သည့် သတင်းအချက်အလက်စနစ်သည် စက်ပစ္စည်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုရှိသူများ၊ ရပ်ရွာခေါင်းဆောင်များနှင့် သတင်းပေးပို့သူများအပေါ် မူတည်သည့် စုပေါင်းနှင့် ကြားခံစနစ်တစ်ရပ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

၄.၂.၂ ICOM စကားပြောစက်များနှင့် ဒေသခံ ကြိုတင်သတိပေးရေးကွန်ရက်

ဆက်သွယ်ရေး ဖြတ်တောက်ခံရပြီးနောက် သတင်းအချက်အလက်ရယူရန် အသုံးပြုသည့် အစားထိုးနည်းလမ်းများအနက် လက်ကိုင်အပြန်အလှန် ရေဒီယိုစကားပြောစက် (ICOM စကားပြောစက်) သည် ဖြေဆိုသူများက အများဆုံးရွေးချယ်ထားသည့် ဆက်သွယ်ရေးနည်းလမ်း ဖြစ်သည်။ ဖြေဆိုသူစုစုပေါင်း (၁၃၀) ဦးအနက် (၁၀၆) ဦး၊ သို့မဟုတ် (၈၁.၅) ရာခိုင်နှုန်းက ဆက်သွယ်ရေး ဖြတ်တောက်ခံထားရချိန်တွင် ICOM စကားပြောစက်ကို အသုံးပြု၍

30 Access Now and the #KeepItOn Coalition. “One Region, Half the World’s Shutdowns: Internet Shutdowns in the Asia Pacific in 2025.” March 31, 2026.

31 ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

သတင်းအချက်အလက်ရယူကြောင်း ဖြေဆိုခဲ့သည်။ ယင်းတွေ့ရှိချက်က ICOM စကားပြောစက်သည် ဆက်သွယ်ရေးဖြတ်တောက်ခံထားရသော ကျေးလက်ဒေသများရှိ အဓိက အစားထိုးဆက်သွယ်ရေးကိရိယာတစ်ခု ဖြစ်လာကြောင်း ဖော်ပြနေသည်။[32]

စစ်ဘေးနှင့် သဘာဝဘေးအပါအဝင် အရေးပေါ်အန္တရာယ်များကို သိရှိနိုင်သည့်နည်းလမ်းနှင့် ပတ်သက်၍ အဖြေတစ်ခုထက်ပို၍ ရွေးချယ်နိုင်သည့် မေးခွန်းတွင် ဖြေဆိုသူ (၈၁) ဦး၊ သို့မဟုတ် (၆၂.၃) ရာခိုင်နှုန်းက လူအချင်းချင်း သတင်းပေးပို့ခြင်းမှ သိရှိရကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၆၁) ဦး၊ သို့မဟုတ် (၄၈.၉) ရာခိုင်နှုန်းက ရပ်ရွာကြိုတင်သတိပေးရေးကွန်ရက်များမှ သိရှိရကြောင်း၊ (၅၁) ဦး၊ သို့မဟုတ် (၃၉.၂) ရာခိုင်နှုန်းက လေယာဉ် သို့မဟုတ် ပစ်ခတ်သံများကို ကြားသိခြင်းမှ အန္တရာယ်ကို သိရှိရကြောင်းနှင့် (၂၇) ဦး၊ သို့မဟုတ် (၂၀.၈) ရာခိုင်နှုန်းက သတ်မှတ်ထားသော ကင်းစောင့်များမှတစ်ဆင့် သိရှိရကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၁၀) ဦး၊ သို့မဟုတ် (၇.၇) ရာခိုင်နှုန်းကမူ ယုံကြည်စိတ်ချရသော ကြိုတင်သတိပေးနည်းလမ်း မရှိကြောင်း ဖြေဆိုခဲ့သည်။ ယင်းမေးခွန်း၏ ရွေးချယ်စရာများတွင် ICOM စကားပြောစက်ကို သီးခြားဖော်ပြထားခြင်းမရှိသော်လည်း အဖွင့်မေးခွန်းများမှရရှိသည့် ဖြေဆိုချက်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ ICOM စကားပြောစက်သည် ရပ်ရွာကြိုတင်သတိပေးရေးကွန်ရက်များကို ချိတ်ဆက်ပေးသည့် အဓိကကိရိယာတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။[33]

ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ICOM စကားပြောစက်များကို လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းပျံသန်းမှုနှင့် စစ်ကြောင်းလှုပ်ရှားမှုဆိုင်ရာ သတိပေးချက်များ ဆင့်ပွားပေးပို့ရန် အသုံးပြုကြသည်။ ထို့အပြင် ကျေးရွာများ၏ လူမှုရေးသတင်းများနှင့် အခြားအရေးကြီး သတင်းအချက်အလက်များကိုလည်း ယင်းစကားပြောစက်ကွန်ရက်မှတစ်ဆင့် မျှဝေကြသည်။ အချို့နေရာများတွင် ICOM စကားပြောစက်မှ ကြားရသည့် “မိဘပြည်သူများခင်ဗျာ အရေးပေါ်” ဟူသော အချက်ပေးသံသည် ဒေသခံများအတွက် အန္တရာယ်ရှောင်ရှားရန် ပြင်ဆင်ရမည့် သတိပေးချက်တစ်ခု ဖြစ်လာသည်။[34]

အဆိုပါတာဝန်ရှိသူက တိုက်လေယာဉ်များ၏ အန္တရာယ်နှင့်ပတ်သက်၍ “တိုက်လေယာဉ်တွေက တုံ့ပြန်ချိန်မပေးသလောက်ဖြစ်တယ်။ ခေါင်းပေါ်မှာ အမြဲဝဲနေတော့ ကိုယ့်ဆီလာတာလား၊ ဖြတ်သွားတာလား မသိနိုင်ဘူး” ဟု ပြောကြားခဲ့သည်။ သို့သော် အသေခံဒရုန်းဟု ဒေသခံများခေါ်ဆိုသည့် ဒရုန်းများမှာ မြို့နယ်နှင့် ကျေးရွာများကို ဖြတ်သန်းသွားလာရာတွင် ICOM အသုံးပြုသူများက ၎င်းတို့၏ ပျံသန်းရာလမ်းကြောင်းကို တစ်နေရာမှတစ်နေရာသို့

32 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။
33 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။
34 ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

ဆင့်ပွားသတင်းပေးနိုင်ကြောင်း ၎င်းက ရှင်းပြသည်။ ယင်းသတင်းများကြောင့် ဒဂုန်းသွားရာလမ်းကြောင်းရှိ ကျေးရွာများက အန္တရာယ်မရောက်ရှိမီ ကြိုတင်ပုန်းခိုနိုင်ကြောင်းနှင့် *[လုံခြုံရေးအခြေအနေအရ အမည်ဖော်ပြ၍မရသော]* မြို့ကိုဖြတ်ပြီး မြောက်ဘက်တက်လာပြီဆိုတာနဲ့ ငါတို့ဆီလာမယ်ဆိုတာ သိပြီးသား၊ ကြိုရှောင်လိုက်တယ်” ဟု ပြောကြားခဲ့သည်။[35]

စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ICOM စကားပြောစက်များကို ကျေးရွာအဆင့် ကြိုတင်သတိပေးရေးကွန်ရက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စနစ်တကျ အသုံးပြုနေကြောင်း အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။ အချို့ကျေးရွာများတွင် ICOM စကားပြောစက်မှ လက်ခံရရှိသည့် သတိပေးချက်ကို ရွာအသံချဲ့စက်မှတစ်ဆင့် ထုတ်လွှင့်ပေးသဖြင့် စကားပြောစက်မရှိသည့် အိမ်ထောင်စုများအပါအဝင် ရွာအတွင်းရှိ ပြည်သူများထံ သတင်းအချက်အလက်ကို လျင်မြန်စွာ ဖြန့်ဝေနိုင်သည်။

သို့သော် ယင်းစနစ်များ တည်ဆောက်ရာတွင် ကုန်ကျစရိတ်သည် အဓိကအဟန့်အတားတစ်ခုဖြစ်နေသည်။ အဆိုပါတာဝန်ရှိသူ၏ ခန့်မှန်းချက်အရ ICOM စကားပြောစက်၊ အသံချဲ့စက်၊ ဝါယာကြိုးနှင့် လျှပ်စစ်ဓာတ်အားပေးစနစ်တို့ ပါဝင်သည့် ကျေးရွာအဆင့်စနစ်တစ်ခု တပ်ဆင်ရန် ကျပ်သိန်း (၄၀) မှ (၅၀) ခန့် ကုန်ကျနိုင်သည်။ အိမ်ထောင်စုသုံး ICOM စကားပြောစက်တစ်လုံး၏ ဈေးနှုန်းမှာလည်း (၂၈၀,၀၀၀) ကျပ်ခန့်မှ (၄၀၀,၀၀၀) ကျပ်ခန့်အထိ ရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ယင်းကုန်ကျစရိတ်သည် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများနှင့် နေရပ်စွန့်ခွာနေရသည့် စစ်ဘေးရှောင် မိသားစုအများစုအတွက် လက်လှမ်းမမီနိုင်သည့် ပမာဏဖြစ်သည်။ ထို့ကြောင့် အဖွဲ့အစည်းများ သို့မဟုတ် အလှူရှင်များ၏ ထောက်ပံ့မှုရရှိသည့် ကျေးရွာများတွင် ICOM စကားပြောစက်ကွန်ရက်နှင့် ကြိုတင်သတိပေးရေးစနစ်များ ပိုမိုဖွံ့ဖြိုးပြီး ထောက်ပံ့မှုမရရှိသည့် နေရာများတွင်မူ သတင်းအချက်အလက်ရရှိနိုင်မှု အားနည်းနေကြောင်း ၎င်းက သုံးသပ်သည်။[36]

အနီးအနားတွင် ICOM စကားပြောစက် သို့မဟုတ် ကြိုတင်သတိပေးရေးကွန်ရက် မရှိခြင်းကြောင့် ကွင်းပြင်၌နွားကျောင်းနေသူများနှင့် နှမ်းလှန်းနေသူများသည် စစ်ကြောင်းလှုပ်ရှားမှုသတင်းကို အချိန်မီမရရှိဘဲ အန္တရာယ်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များရှိကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။ ထို့အပြင် စစ်ကြောင်းဝင်ရောက်လာသည့်သတင်းကို မကြားသိခဲ့သဖြင့် စပါးရိတ်သိမ်းနေသူများ အစုလိုက်အပြုံလိုက် ဖမ်းဆီးခံခဲ့ရသည့် ဖြစ်ရပ်များလည်း ရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အဆိုပါဖြစ်ရပ်များကို ဤစစ်တမ်းက သီးခြားအတည်ပြုနိုင်ခြင်းမရှိသော်လည်း ရပ်ရွာကြိုတင်သတိပေးရေးကွန်ရက် လွှမ်းခြုံနိုင်မှုမရှိသည့် နေရာများတွင် သတင်းအချက်အလက်ရရှိ


[35] ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။
[36] ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

မှုကွာဟချက်သည် ပြည်သူများ၏ အသက်နှင့် လုံခြုံရေးကို တိုက်ရိုက်ထိခိုက်နိုင်ကြောင်း ထင်ဟပ်နေသည်။ ယင်း ကွာဟချက်များနှင့် လုံခြုံရေးဆိုင်ရာ သက်ရောက်မှုများကို အခန်း (၄.၃) တွင် ကိန်းဂဏန်းအချက်အလက်များနှင့် အတူ ဆက်လက်တင်ပြထားသည်။

၄.၂.၃ Starlink ဂြိုဟ်တုအင်တာနက်အပေါ် မှီခိုလာမှုနှင့် ဝန်ဆောင်မှုမသေချာမှု

ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဂြိုဟ်တုအင်တာနက်နည်းပညာများသည် စစ်တမ်းကောက်ယူခဲ့သည့် ဒေသများသို့ အဆင့်ဆင့် ရောက်ရှိလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် IPSTAR စက်များ စတင်ရောက်ရှိလာသော်လည်း မြို့နယ်တစ်ခုလျှင် တစ်လုံး သို့မဟုတ် နှစ်လုံးခန့်သာ ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ယင်းစက်များကို တော်လှန်ရေးအဖွဲ့များ၏ အုပ်ချုပ်ရေးဌာနများက အဓိကထိန်းချုပ်ထားပြီး အသုံးပြုရန် ကြိုတင်ခွင့်ပြုချက်လိုအပ်ကာ တစ်ကြိမ်လျှင် လူ (၅) ဦး သို့မဟုတ် (၆) ဦးခန့်သာ အလွန်နှေးကွေးသည့် အမြန်နှုန်းဖြင့် အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်အစောပိုင်းမှစ၍ Starlink စက်များသည် စီးပွားဖြစ်အင်တာနက်ဆိုင်များနှင့် ရပ်ရွာအများသုံး ချိတ်ဆက်ရာနေရာများမှတစ်ဆင့် ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့လာခဲ့ကြောင်း ၎င်းက ရှင်းပြသည်။[37]

ပုံ (၄.၁၄)။ ဖြေဆိုသူများ အသုံးပြုသည့် Starlink (သို့မဟုတ်) အခြားဂြိုဟ်တုအင်တာနက်၏ ပိုင်ဆိုင်သူ သို့မဟုတ် ဝန်ဆောင်မှုပေးသူ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

[37] ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

၂၀၂၆ ခုနှစ် ဇူလိုင်လတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးတွဲထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံရှိ မြို့နယ် (၈၀) ခန့်မှ သန်းနှင့်ချီသည့် ဒေသခံများသည် ပုံမှန်ဆက်သွယ်ရေးဝန်ဆောင်မှုများ လုံးဝမရရှိတော့ဘဲ Starlink ဂြိုလ်တုအင်တာနက်သည်သာ အဓိက ဆက်သွယ်ရေးအသက်သွေးကြော ဖြစ်လာသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ဒေသခံများအားလုံးက Starlink အင်တာနက်ကို လွတ်လပ်စွာ ရယူ သုံးစွဲနိုင်သည်ဟု မဆိုလိုပါ။[38]

ဒေသခံများ အသုံးပြုကြသည့် Starlink သို့မဟုတ် အခြား ဂြိုဟ်တုအင်တာနက်စက်ကို မည်သူက ပိုင်ဆိုင်ထားသည် သို့မဟုတ် မည်သူက ဝန်ဆောင်မှုပေးနေသည်ကို မေးမြန်းရာ ယင်းမေးခွန်းကို ဖြေဆိုသူ (၁၂၇) ဦးအနက် (၁၄) ဦး၊ သို့မဟုတ် (၁၁.၀) ရာခိုင်နှုန်းကသာ မိမိတို့ အိမ်ထောင်စုပိုင်စက်ကို အသုံးပြုကြောင်း ဖြေဆိုခဲ့သည်။ အများဆုံးဖြစ်သည့် (၄၆) ဦး၊ သို့မဟုတ် (၃၆.၂) ရာခိုင်နှုန်းက စီးပွားဖြစ် Starlink အင်တာနက်ဆိုင်များမှ အသုံးပြုကြပြီး၊ (၂၈) ဦး၊ သို့မဟုတ် (၂၂.၀) ရာခိုင်နှုန်းက ရပ်ရွာအများသုံး ချိတ်ဆက်ရာနေရာများမှ အသုံးပြုကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများပိုင်စက်ကို အသုံးပြုသူ (၁၈) ဦး၊ သို့မဟုတ် (၁၄.၂) ရာခိုင်နှုန်း၊ အိမ်နီးချင်းပိုင်စက်ကို အသုံးပြုသူ (၈) ဦး၊ သို့မဟုတ် (၆.၃) ရာခိုင်နှုန်း၊ တော်လှန်ရေးအင်အားစုများပိုင်စက်ကို အသုံးပြုသူ (၆) ဦး၊ သို့မဟုတ် (၄.၇) ရာခိုင်နှုန်းနှင့် အမည်မဖော်ပြထားသော အခြားအဖွဲ့အစည်းများပိုင်စက်ကို အသုံးပြုသူ (၅) ဦး၊ သို့မဟုတ် (၃.၉) ရာခိုင်နှုန်းရှိသည်။ ကျန် (၂) ဦး၊ သို့မဟုတ် (၁.၆) ရာခိုင်နှုန်း၏ ဖြေဆိုချက်များကို အခြား သို့မဟုတ် မသိဟူသော အမျိုးအစားအဖြစ် စုစည်းထားသည်။[39]

ယင်းတွေ့ရှိချက်က ဖြေဆိုသူအများစုသည် ကိုယ်ပိုင် Starlink စက်ကို အသုံးပြုနိုင်ခြင်းမရှိဘဲ စီးပွားဖြစ်ဆိုင်များ၊ ရပ်ရွာအများသုံးနေရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြားသူများပိုင်စက်များကို မှီခိုနေရကြောင်း ဖော်ပြနေသည်။ ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ စစ်တမ်းကောက်ယူခဲ့သည့် ဒေသအချို့တွင် ၂၀၂၆ ခုနှစ် အစောပိုင်းကာလများတွင် Starlink အသုံးပြုခမှာ တစ်နာရီလျှင် ကျပ် (၅၀၀) မှ (၂,၀၀၀) ခန့် ရှိခဲ့သည်။[40] အခြား ပဋိပက္ခဒဏ်ခံဒေသများနှင့် သွားလာရန်ခက်ခဲသည့် နေရာများတွင်မူ တစ်နာရီလျှင် ကျပ် (၁,၀၀၀) မှ (၅,၀၀၀) အထိ ကုန်ကျနိုင်ကြောင်း အချို့လေ့လာချက်များက ဖော်ပြထားသည်။[41] ထို့ကြောင့် Starlink ရှိနေခြင်းတစ်ခုတည်းက လူတိုင်းအတွက် အင်တာနက်ရရှိနိုင်သည်ဟု မဆိုနိုင်ဘဲ စက်ပိုင်ဆိုင်သူ၊ ချိတ်ဆက်ရာနေရာ၊ အသုံးပြုခနှင့် သွားလာနိုင်မှုတို့အပေါ် ဆက်လက်မူတည်နေသည်။

38 Myanmar Internet Project et al. *"မြန်မာနိုင်ငံအတွင်း စတားလင့်ခ် (Starlink) ဝန်ဆောင်မှုများ ပိတ်သိမ်းမှုကြောင့် မရည်ရွယ်ဘဲ ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ ခံစားရမှုအပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးတွဲထုတ်ပြန်ချက်"* July 17, 2026.

39 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

40 ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

41 Data Center Dynamics. "A Light Through the Blackout: Connectivity in Myanmar's Military Coup." March 10, 2026.

Starlink သည် မြန်မာနိုင်ငံတွင် တရားဝင်လိုင်စင်ရ ဝန်ဆောင်မှုအဖြစ် ရောင်းချနေခြင်းမရှိသဖြင့် စက်ပိုင်ရှင်များနှင့် ဝန်ဆောင်မှုပေးသူများသည် ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ရင်ဆိုင်နေရသည်။ ၂၀၂၅ ခုနှစ် မေလ (၁၂) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာရှိ Starlink အင်တာနက် ဆိုင်တစ်ဆိုင်ကို စစ်တပ်က ဝင်ရောက်စီးနင်းပြီး အမျိုးသားနှင့် အမျိုးသမီး စုစုပေါင်း (၂၇) ဦးကို ဖမ်းဆီးခဲ့ကြောင်း Myanmar Internet Project က မှတ်တမ်းတင်ထားသည်။[42]

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် SpaceX က မြန်မာနိုင်ငံရှိ သံသယရှိဖွယ် အွန်လိုင်းငွေလိမ်ဂိုဏ်းဝင်းများ အနီးတွင် အသုံးပြုနေသည့် Starlink စက်ပေါင်း (၂,၅၀၀) ကျော်ကို ပိတ်သိမ်းခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။[43] ၂၀၂၆ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများမှစ၍ "Region Restricted" နှင့် "Country Restricted" ဟူသော စာတန်းများဖြင့် Starlink စက်များ ဆက်တိုက်ဝန်ဆောင်မှုရပ်ဆိုင်းခံခဲ့ရပြီး စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရခိုင်၊ ကရင်နီနှင့် အခြားပဋိပက္ခဒဏ်ခံဒေသများလည်း ထိခိုက်ခဲ့သည်။[44] ပြင်ပလေ့လာမှုတစ်ခုက မြန်မာနိုင်ငံရှိ အသုံးပြုနေဆဲ Starlink စက်များ၏ (၂၀) ရာခိုင်နှုန်းကျော် ဝန်ဆောင်မှုရပ်ဆိုင်းခံခဲ့ရကြောင်း ဖော်ပြထားသည်။[45]

ထို့အပြင် SpaceX က ၂၀၂၆ ခုနှစ် ဩဂုတ်လ (၁၇) ရက်နေ့မှစ၍ နိုင်ငံတကာတွင် အသုံးပြုနေသည့် Starlink Roam စက်များအပေါ် မူဝါဒအသစ်ကို စတင်သက်ရောက်စေခဲ့သည်။ မူဝါဒအသစ်အရ စက်တစ်လုံးကို မှတ်ပုံတင်ထားသည့် မူရင်းနိုင်ငံပြင်ပတွင် တစ်ဆက်တည်း ရက်ပေါင်း (၃၀) ထက်ကျော်၍ အသုံးပြုနိုင်တော့မည် မဟုတ်ဘဲ ဆက်လက် အသုံးပြုလိုပါက စက်ကို လက်ရှိအသုံးပြုနေသည့်နိုင်ငံ၌ ပြန်လည်မှတ်ပုံတင်ခြင်း သို့မဟုတ် Global Priority အစီအစဉ်သို့ ပြောင်းလဲခြင်းတို့ ပြုလုပ်ရသည်။[46] မြန်မာနိုင်ငံတွင် Starlink ကို တရားဝင် မှတ်ပုံတင်နိုင်သည့် ဝန်ဆောင်မှုမရှိခြင်းကြောင့် ယင်းစည်းမျဉ်းသည် မြန်မာနိုင်ငံအတွင်း အခြားနိုင်ငံများ၌ မှတ်ပုံတင်ထားသော စက်များကို အသုံးပြုနေသူများအတွက် အထူးအခက်အခဲ ဖြစ်စေသည်။

Global Priority အစီအစဉ်၏ ကုန်ကျစရိတ်မှာ ယခင် Roam အစီအစဉ်ထက် များစွာမြင့်မားသည်။ Starlink ၏ လက်ရှိထုတ်ပြန်ထားသည့် ဝန်ဆောင်မှုနှုန်းထားအရ Global Priority (၅၀၀) GB အစီအစဉ်သည် တစ်လလျှင် အမေရိကန်ဒေါ်လာ (၆၅၀) ကျသင့်သည်။ မြန်မာနိုင်ငံအတွင်းမှ လေ့လာမှုများတွင်လည်း အစီအစဉ် ပြောင်းလဲမှုကြောင့် Starlink စက်တစ်လုံး၏ လစဉ်လည်ပတ်စရိတ်မှာ ကျပ် (၅၀၀,၀၀၀) ခန့်မှ ကျပ် (၃,၀၀၀,၀၀၀) ခန့်အထိ

42 Myanmar Internet Project. "Myanmar Digital Coup Quarterly: May 2025–July 2025."
43 Brodkin, Jon. "SpaceX Disables 2,500 Starlink Terminals Allegedly Used by Asian Scam Centers." Ars Technica. October 22, 2025.
44 Athan. "State of Freedom of Expression in Myanmar (July 2026)." August 17, 2026.
45 Eu SEE. "SpaceX Enforces Stricter Starlink Roam Policies, Triggering Widespread Internet Disruptions and Civil Society Pushback." July 29, 2026.
46 Starlink. "Traveling with Starlink Roam." 2026a.

မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်။[47] သို့သော် အမှန်တကယ်ပေးဆောင်ရသည့် နှုန်းထားသည် စက်မှတ်ပုံတင်ထားသည့်နိုင်ငံ၊ အကောင့်အမျိုးအစားနှင့် ဒေတာပမာဏတို့အပေါ် မူတည်၍ ကွာခြားနိုင်သည်။[48]

ထို့ကြောင့် ICOM စကားပြောစက်များက မဆောင်ရွက်နိုင်သည့် ငွေလွှဲခြင်း၊ အွန်လိုင်းပညာသင်ကြားခြင်း၊ ဆေးဘက်ဆိုင်ရာနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းခြင်း၊ သတင်းများရယူခြင်းနှင့် ပြင်ပကမ္ဘာသို့ အချက်အလက်ပေးပို့ခြင်းတို့ကို Starlink က ဖြည့်ဆည်းပေးနေသော်လည်း ယင်းဆက်သွယ်ရေးမဏ္ဍိုင်သည် အသုံးပြုခမြင့်တက်မှု၊ ပိုင်ဆိုင်မှုမညီမျှမှု၊ စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များ၏ ကန့်သတ် ခြိမ်းခြောက်နိုင်မှုနှင့် ပြည်ပကုမ္ပဏီဖြစ်သည့် Starlink ၏ မူဝါဒပြောင်းလဲမှုများအပေါ် မှီခိုနေရသည်။ “စတားလင့်ဘေလ်စျေးတွေ တက်လာရင် အခုလို အင်တာနက်သုံးရတာ မလွယ်လောက်တော့ဘူး။ အခုတောင် တချို့က စျေးမတတ်နိုင်လို့ ရှိပြီးသား စက်တွေ ဖွင့်မသုံးကြတော့ဘူး။ အဓိကက ငွေကြေးပါ။” ဟုချောင်းဦးမြို့နယ်မှ ဖြေဆိုသူတစ်ဦးက ၎င်း၏စိုးရိမ်မှုကို ပြောပြခဲ့သည်။[49]

၄.၂.၄ ဆက်သွယ်ရေးလိုင်းရရှိရန် ခရီးသွားရမှုနှင့် လမ်းခရီးအန္တရာယ်များ

ဆက်သွယ်ရေးချိတ်ဆက်နိုင်မှုသည် ခရီးသွားလာရမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ အင်တာနက်လိုင်း ရရှိသည့်နေရာသို့ သွားရောက်ရာတွင် အချိန်မည်မျှကုန်သနည်းဟူသော မေးခွန်းကို ဖြေဆိုသူ (၁၁၄) ဦးအနက် (၅၁) ဦး၊ သို့မဟုတ် (၄၄.၇) ရာခိုင်နှုန်းက အနည်းဆုံး (၂) နာရီကြာ သွားရကြောင်း ဖြေဆိုခဲ့သည်။ ယင်းတို့အနက် (၁၃) ဦးက နေ့တစ်ဝက်ခန့်၊ (၆) ဦးက နေ့တစ်ဝက်ကျော်နှင့် (၄) ဦးက တစ်ရက် သို့မဟုတ် ယင်းထက်ပို၍ အချိန်ယူသွားလာရကြောင်း ဖြေဆိုခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် မိနစ် (၃၀) အတွင်း ဆက်သွယ်ရေးလိုင်းရရှိသည့် နေရာသို့ ရောက်ရှိနိုင်သူမှာ (၃၂) ဦး၊ သို့မဟုတ် (၂၈.၁) ရာခိုင်နှုန်းသာရှိသည်။

Starlink ကဲ့သို့သော ဂြိုဟ်တုအင်တာနက် ဝန်ဆောင်မှုများ မပျံ့နှံ့မီက ဒေသခံများသည် မိုဘိုင်းအင်တာနက်လိုင်းမိသည့်နေရာများကို ရှာဖွေ၍ သွားလာအသုံးပြုခဲ့ကြရကြောင်း ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူက ရှင်းပြသည်။ ဥပမာအားဖြင့် ရွာပြင်ရှိ မန်ကျည်းပင်တစ်ပင်အနီးတွင်သာ 3G မိုဘိုင်းအင်တာနက်လိုင်းရရှိခြင်း၊ အောက်


47 Su Mon Thazin Aung. “The Humanitarian Costs of Starlink’s Policy.” FULCRUM / ISEAS. August 19, 2026. https://fulcrum.sg/the-humanitarian-costs-of-starlinks-policy/ ; MoeMaKa. “Starlink to Increase Fees for Users Operating Outside Their Authorized Country or Region.” July 18, 2026. https://moemaka.net/eng/2026/07/starlink-to-increase-fees-for-users-operating-outside-their-authorized-country-or-region/

48 Starlink.“Service Plans.”2026b.

49 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

ခြေရှိ အသုံးပြုသူများထံ အင်တာနက်မျှဝေပေးနိုင်ရန် ဖုန်းတစ်လုံးကို တိုင်ပေါ်တွင် ချိတ်ဆွဲထားခြင်းနှင့် ညအချိန်တွင် အင်တာနက်လိုင်းရရှိသည့် နေရာသို့ သွားရောက်အသုံးပြုရခြင်းတို့ ကြုံတွေ့ခဲ့ရကြောင်း သိရှိရသည်။[50]

ပုံ (၄.၁၅)။ ဆက်သွယ်ရေးဝန်ဆောင်မှု ရရှိသည့်နေရာသို့ သွားရောက်ရန်ကြာမြင့်ချိန်



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်-စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

ဆက်သွယ်ရေးလိုင်း ရရှိသည့်နေရာသို့ သွားလာရာတွင် အချိန်ကုန်ကျရုံသာမက သဘာဝအတားအဆီးများနှင့် လုံခြုံရေးအန္တရာယ်များကိုလည်း ကြုံတွေ့နေရသည်။ တခုထက်ပိုမိုရွေးချယ်နိုင်သည့် ဤမေးခွန်းတွင် ဖြေဆိုသူ (၇၃) ဦး၊ သို့မဟုတ် (၅၆.၂) ရာခိုင်နှုန်းက မြစ်၊ ချောင်းနှင့် တောင်တန်းများကဲ့သို့သော သဘာဝအတားအဆီးများကို ရွေးချယ်ခဲ့သည်။ ထို့အပြင် (၃၄) ဦး၊ သို့မဟုတ် (၂၆.၂) ရာခိုင်နှုန်းက တော်လှန်ရေးတပ်ဖွဲ့များ၏ စစ်ဆေးရေးဂိတ်များ၊ (၂၄) ဦး၊ သို့မဟုတ် (၁၈.၅) ရာခိုင်နှုန်းက မြန်မာစစ်တပ်၏ စစ်ဆေးရေးဂိတ်များနှင့် (၂၂) ဦး၊ သို့မဟုတ် (၁၆.၉) ရာခိုင်နှုန်းက လမ်းခရီးတစ်လျှောက်ရှိ ထိတွေ့တိုက်ပွဲများကို ကြုံတွေ့ရကြောင်း ဖြေဆိုခဲ့သည်။ စစ်ဆေးရေးဂိတ်နှစ်မျိုးအနက် အနည်းဆုံးတစ်မျိုးကို ရွေးချယ်ထားသူမှာ ထပ်တူရွေးချယ်မှုကို ဖယ်ရှားပြီး (၅၃) ဦး၊ သို့မဟုတ် ဖြေဆိုသူစုစုပေါင်း၏ (၄၀.၈) ရာခိုင်နှုန်းရှိသည်။ ယင်းအချက်က ဆက်သွယ်ရေးလိုင်းရရှိရန် သွားလာရာတွင် ဖြေဆိုသူအချို့သည် သဘာဝအတားအဆီးများအပြင် ပဋိပက္ခနှင့်ဆက်စပ်သော စစ်ဆေးမှုများနှင့် လုံခြုံရေးအန္တရာယ်များကိုပါ ရင်ဆိုင်နေရကြောင်း ပြသနေသည်။


[50] ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

၄.၃ ကြိုတင်သတိပေးချက်များနှင့် အသက်ဘေးကင်းလုံခြုံရေး

၄.၃.၁ ပုံမှန်ဆက်သွယ်ရေးကွန်ရက်ပြင်ပရှိ အရေးပေါ်ကြိုတင်သတိပေးစနစ်များ

ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရချိန်တွင် လေကြောင်းတိုက်ခိုက်မှုကဲ့သို့ ချက်ချင်းကျရောက် နိုင်သည့် အန္တရာယ်များအကြောင်း မည်သို့သိရှိရသနည်းဟု မေးမြန်းရာ ဖြေဆိုသူအများစု၏ အဖြေများသည် နည်းပညာအခြေခံဆက်သွယ်ရေးကွန်ရက်များထက် လူအချင်းချင်း သတင်းလက်ဆင့်ကမ်းပေးပို့သည့် နည်းလမ်းများအပေါ် အဓိကမှီခိုနေရကြောင်း ဖော်ပြနေသည်။ တခုထက်ပို၍ ရွေးချယ်နိုင်သည့် ယင်းမေးခွန်းတွင် ဖြေဆိုသူ (၈၁) ဦး၊ သို့မဟုတ် (၆၂.၃) ရာခိုင်နှုန်းက လူတစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်းပြောဆိုခြင်းကို ရွေးချယ်ခဲ့ပြီး (၆၁) ဦး၊ သို့မဟုတ် (၄၆.၉) ရာခိုင်နှုန်းက ရပ်ရွာသတိပေးကွန်ရက်များမှတစ်ဆင့် သိရှိရကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် (၂၇) ဦး၊ သို့မဟုတ် (၂၀.၈) ရာခိုင်နှုန်းက သတ်မှတ်တာဝန်ပေးထားသည့် ကင်းစောင့်များ သို့မဟုတ် စောင့်ကြည့်သူများမှတစ်ဆင့် သိရှိရကြောင်း ဖြေဆိုခဲ့သည်။

ပုံ (၄.၁၆)။ ဆက်သွယ်ရေးဝန်ဆောင်မှုရရှိရန် သွားရောက်စဉ် ကြုံတွေ့ရသော အတားအဆီးများ




ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

သို့သော် တတိယအများဆုံး ရွေးချယ်ထားသည့်နည်းလမ်းမှာ လေယာဉ်သံ သို့မဟုတ် လက်နက်ပစ်ခတ်သံများကို ကိုယ်တိုင်ကြားရခြင်းဖြစ်ပြီး ဖြေဆိုသူ (၅၁) ဦး၊ သို့မဟုတ် (၃၉.၂) ရာခိုင်နှုန်းက ယင်းအဖြေကို ရွေးချယ်ခဲ့သည်။ ထိုနည်းလမ်းသည် တိုက်ခိုက်မှုမစတင်မီ ရရှိသည့် ကြိုတင်သတိပေးချက်မဟုတ်ဘဲ အန္တရာယ်နီးကပ်လာပြီ သို့မဟုတ် တိုက်ခိုက်မှုစတင်နေပြီဖြစ်ကြောင်း သိရှိလိုက်ရခြင်းဖြစ်သည်။ ထို့အပြင် ဖြေဆိုသူ (၁၀) ဦး၊ သို့မဟုတ် (၇.၇) ရာခိုင်နှုန်းက ယုံကြည်စိတ်ချရသော မည်သည့်သတိပေးနည်းလမ်းမျှ မရှိကြောင်း ဖြေဆိုခဲ့သည်။

ပုံ (၄.၁၇)။ ချက်ချင်းကျရောက်နိုင်သော အန္တရာယ်များအကြောင်း သိရှိနိုင်သည့် နည်းလမ်းများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

မတ္တရာမြို့နယ်မှ ဖြေဆိုသူတစ်ဦးက “သေနတ်သံများ ကြားနေရသော်လည်း အကြောင်းအရာ၊ အကွာအဝေး အတိအကျမသိရသဖြင့် ရှောင်ရှားရန် လိုအပ်မှုရှိမရှိ သေချာမသိခဲ့ရပါ” ဟု ဆိုသည်။[51] လေကြောင်းတိုက်ခိုက်မှု၊ စစ်ကြောင်းထိုးမှုနှင့် အခြားစစ်ဆင်ရေးများဆိုင်ရာ ကြိုတင်သတိပေးချက်များကို အချိန်မီရရှိခြင်းရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ စုစုပေါင်းအနက် (၆၀) ဦး၊ သို့မဟုတ် (၄၆.၂) ရာခိုင်နှုန်းကသာ အချိန်မီရရှိကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၄၂) ဦး၊ သို့မဟုတ် (၃၂.၃) ရာခိုင်နှုန်းက မသေချာကြောင်းနှင့် (၂၆) ဦး၊ သို့မဟုတ် (၂၀.၀) ရာခိုင်နှုန်းက အချိန်မီမသိရှိရကြောင်း ဖြေဆိုခဲ့ပြီး ကျန် (၂) ဦးက ယင်းမေးခွန်းကို မဖြေဆိုခဲ့ပေ။ ထို့ကြောင့် ဖြေဆိုသူစုစုပေါင်း၏ ထက်ဝက်ကျော်ဖြစ်သော (၆၈) ဦး၊ သို့မဟုတ် (၅၂.၃) ရာခိုင်နှုန်းသည် ကြိုတင်သတိပေးချက်များကို အချိန်မီရရှိခြင်းမရှိကြောင်း သို့မဟုတ် အချိန်မီရရှိခြင်းရှိ၊ မရှိ မသေချာကြောင်း တွေ့ရှိရသည်။

[51] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း လူအများအပြား သေဆုံးခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများ ကြုံတွေ့ခဲ့ရသော မြို့နယ်တစ်ခုတွင် ဒေသခံများနှင့် အဖွဲ့အစည်းအချို့က ငွေကြေးနှင့် စက်ပစ္စည်းများ စုပေါင်းထည့်ဝင်၍ ရပ်ရွာအခြေပြု ကြိုတင်သတိပေးစနစ်တစ်ခုကို တည်ဆောက်ထားကြသည်။ ယင်းစနစ်ကို နောင်တွင် အလားတူထိခိုက်သေဆုံးမှုများ ထပ်မံမဖြစ်ပွားစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အနီးဝန်းကျင်ရှိ မြို့နယ်များတွင် ငွေကြေးနှင့် စက်ပစ္စည်းအရင်းအမြစ်များ မလုံလောက်သဖြင့် ရပ်ရွာတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် စနစ်တစ်ရပ် မတည်ဆောက်နိုင်ဘဲ အိမ်ထောင်စုအလိုက် အသုံးပြုသည့် ICOM စကားပြောစက်များကိုသာ မှီခိုနေရကြောင်း သိရှိရသည်။ [52]


၄.၃.၂ ကြိုတင်သတိပေးချက်ရရှိချိန် မတည်ငြိမ်ခြင်းနှင့် တိုတောင်းခြင်း

လေကြောင်းတိုက်ခိုက်မှု၊ စစ်ကြောင်းထိုးမှုနှင့် အခြားစစ်ဆင်ရေးများဆိုင်ရာ ကြိုတင်သတိပေးချက်များကို အချိန်မီရရှိခြင်းရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ စုစုပေါင်းအနက် (၆၀) ဦး၊ သို့မဟုတ် (၄၆.၂) ရာခိုင်နှုန်းက အချိန်မီရရှိကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၄၂) ဦး၊ သို့မဟုတ် (၃၂.၃) ရာခိုင်နှုန်းက မသေချာကြောင်းနှင့် (၂၆) ဦး၊ သို့မဟုတ် (၂၀.၀) ရာခိုင်နှုန်းက အချိန်မီမသိရှိရကြောင်း ဖြေဆိုခဲ့ပြီး ကျန် (၂) ဦးက ယင်းမေးခွန်းကို မဖြေဆိုခဲ့ပေ။ ထို့ကြောင့် ဖြေဆိုသူ (၆၈) ဦး၊ သို့မဟုတ် ဖြေဆိုသူစုစုပေါင်း၏ (၅၂.၃) ရာခိုင်နှုန်းသည် ကြိုတင်သတိပေးချက်များကို အချိန်မီမရရှိကြောင်း သို့မဟုတ် အချိန်မီရရှိခြင်းရှိ၊ မရှိ မသေချာကြောင်း ဖြေဆိုခဲ့သည်။

ကြိုတင်သတိပေးချက်ကို အန္တရာယ်မကျရောက်မီ အချိန်မည်မျှစောပြီး သိရှိရသနည်းဟု ဆက်လက်မေးမြန်းရာ ဖြေဆိုသူ (၆၈) ဦး၊ သို့မဟုတ် ဖြေဆိုသူစုစုပေါင်း၏ (၅၂.၃) ရာခိုင်နှုန်းက ကြိုတင်သိရှိရသည့်အချိန်မှာ အခြေအနေနှင့် ဖြစ်စဉ်အလိုက် မတူညီကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် (၂၉) ဦး၊ သို့မဟုတ် (၂၂.၃) ရာခိုင်နှုန်းက (၁၅) မိနစ်ခန့်၊ (၂၁) ဦး၊ သို့မဟုတ် (၁၆.၂) ရာခိုင်နှုန်းက (၁၅) မိနစ်မှ (၃၀) မိနစ်ခန့်နှင့် (၈) ဦး၊ သို့မဟုတ် (၆.၂) ရာခိုင်နှုန်းက မိနစ် (၃၀) မှ (၆၀) ခန့် ကြိုတင်သိရှိရကြောင်း ဖြေဆိုခဲ့သည်။ တစ်နာရီ သို့မဟုတ် ယင်းထက်ပို၍ ကြိုတင်သိရှိရကြောင်း ရွေးချယ်သူများမှာ အချိုးအစားနည်းပါးပြီး (၆) ဦး၊ သို့မဟုတ် (၄.၆) ရာခိုင်နှုန်းက လုံးဝကြိုတင်မသိရှိရကြောင်း ဖြေဆိုခဲ့သည်။ ယင်းတွေ့ရှိချက်များက ကြိုတင်သတိပေးချက်ရရှိသည့်အချိန်မှာ ပုံမှန်မရှိဘဲ အခြေအနေအလိုက် ပြောင်းလဲနေသဖြင့် ဒေသခံများအနေဖြင့် ဘေးလွတ်ရာသို့ တိမ်းရှောင်ရန် အချိန်လုံလောက်စွာ ရရှိမည်ဟု အမြဲတမ်းမျှော်လင့်၍ မရနိုင်ကြောင်း ဖော်ပြနေသည်။

[52] ဒေသခံပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာ ၂၀၂၆။

ပုံ (၄.၁၈)။ အန္တရာယ်မကျရောက်မီ ကြိုတင်သတိပေးချက်ရရှိသည့် အချိန်အပိုင်းအခြား



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

ယင်းမာပင်မြို့နယ်မှ ဖြေဆိုသူတစ်ဦးက “သတင်းအချက်အလက်မရလို့ အချိန်မီ ရှောင်တိမ်းနိုင်ခြင်းမရှိသဖြင့် ထိခိုက်မှုဖြစ်စဉ်များရှိတယ်” ဟု ဖြေဆိုခဲ့သည်။[53]


၄.၃.၃ သတင်းအချက်အလက်မရှိဘဲ နေရပ်စွန့်ခွာရေးဆုံးဖြတ်ချက်များ ချမှတ်ရခြင်း

ဆက်သွယ်ရေး ကွန်ရက်ဝန်ဆောင်မှုများ ဖြတ်တောက်ခံရသည့်အခါ မည်သည့် သတင်းအချက်အလက်များ မရရှိတော့သနည်းဟု မေးမြန်းရာ ဖြေဆိုသူ (၉၃) ဦး၊ သို့မဟုတ် (၇၁.၅) ရာခိုင်နှုန်းက လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် စစ်ဆင်ရေးဆိုင်ရာ သတိပေးချက်များ မရရှိတော့ကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် (၆၆) ဦး၊ သို့မဟုတ် (၅၀.၈) ရာခိုင်နှုန်းက မြန်မာစစ်တပ်၏ စစ်ကြောင်းလှုပ်ရှားမှုဆိုင်ရာ သတိပေးချက်များ မရရှိတော့ကြောင်း ဖြေဆိုခဲ့သည်။ အခြားမရရှိနိုင်သည့် သတင်းအချက်အလက်များတွင် မိသားစုဝင်များ သို့မဟုတ် ရပ်ရွာသားများ၏ တည်နေရာဆိုင်ရာသတင်းအချက်အလက်များကို ရွေးချယ်သူ (၅၆) ဦး၊ သို့မဟုတ် (၄၃.၁) ရာခိုင်နှုန်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် လမ်းညွှန်ချက်များကို ရွေးချယ်သူ (၅၅) ဦး၊ သို့မဟုတ် (၄၂.၃) ရာခိုင်နှုန်း၊ ဆေးဘက်ဆိုင်ရာ သို့မဟုတ် အရေးပေါ်အကူအညီဆိုင်ရာ သတင်းအချက်အလက်များကို ရွေးချယ်သူ (၅၀) ဦး၊ သို့မဟုတ် (၃၈.၅) ရာခိုင်နှုန်းနှင့် လမ်းကြောင်းဘေးကင်းရေးဆိုင်ရာ သတင်းအချက်အလက်များကို ရွေးချယ်သူ (၄၉) ဦး၊ သို့မဟုတ် (၃၇.၇) ရာခိုင်နှုန်းတို့ ပါဝင်သည်။

[53] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

သတင်းအချက်အလက်မရရှိခြင်းသည် နေရပ်စွန့်ခွာရန်၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သို့မဟုတ် မူလနေရာတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ချက်ချရာ၌ အကျိုးသက်ရောက်မှုရှိခဲ့ဖူးသလားဟု မေးမြန်းရာ ဖြေဆိုသူ (၉၆) ဦး၊ သို့မဟုတ် (၇၃.၈) ရာခိုင်နှုန်းက အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၁၄) ဦး၊ သို့မဟုတ် (၁၀.၈) ရာခိုင်နှုန်းက အကျိုးသက်ရောက်မှုမရှိခဲ့ကြောင်း ဖြေဆိုခဲ့ပြီး (၁၇) ဦး၊ သို့မဟုတ် (၁၃.၁) ရာခိုင်နှုန်းက မဖြေလိုကြောင်း ရွေးချယ်ခဲ့သည်။ ကျန် (၃) ဦးက ယင်းမေးခွန်းကို မဖြေဆိုခဲ့ပေ။

ပုံ (၄.၁၉)။ ဆက်သွယ်ရေးဖြတ်တောက်ခံရခြင်းကြောင့် မရရှိနိုင်သည့် သတင်းအချက်အလက်အမျိုးအစားများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

စဉ့်ကူးမြို့နယ်မှ ဖြေဆိုသူတစ်ဦးက “သတင်းအချက်အလက်များ မရရှိသည့်အတွက် ဆက်နေရမလား၊ ပြောင်းရမလား စိတ်သောကဖြစ်ခဲ့ရပါသည်။ နောက်ဆုံး ICOM မှတစ်ဆင့် ဆက်သွယ်ပြီး အမြန်ပြောင်းရွှေ့စစ်ရှောင်ခဲ့ရပါသည်” ဟု ဖြေဆိုခဲ့သည်။ အဆိုပါဖြေဆိုသူကပင် အခြားမေးခွန်းတစ်ခုတွင် “(မြန်မာ)စစ်တပ်စစ်ကြောင်း ရောက်ခါနီးမှ အမြန်ရှောင်ရပါသဖြင့် အရမ်းဒုက္ခရောက်ခဲ့ရပါသည်” ဟု ဖြေဆိုခဲ့သည်။[54]

လုံခြုံရေးအခြေအနေကြောင့် ဆက်သွယ်ရေးဝန်ဆောင်မှု မရယူရန် ရွေးချယ်ခဲ့ဖူးခြင်းရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ (၉၂) ဦး၊ သို့မဟုတ် (၇၀.၈) ရာခိုင်နှုန်းက ရွေးချယ်ခဲ့ဖူးကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၂၅) ဦး၊ သို့မဟုတ်

[54] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။


(၁၉.၂) ရာခိုင်နှုန်းက ထိုသို့မရွေးချယ်ခဲ့ဖူးကြောင်း ဖြေဆိုခဲ့ပြီး (၁၃) ဦး၊ သို့မဟုတ် (၁၀.၀) ရာခိုင်နှုန်းက မဖြေလိုကြောင်း ရွေးချယ်ခဲ့သည်။

၄.၃.၄ မိသားစုဘေးကင်းရေး၊ ဆေးဘက်ဆိုင်ရာအကူအညီနှင့် စိတ်ဖိစီးမှု

ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံရခြင်းကြောင့် မိသားစုဝင်များနှင့် ဆက်သွယ်ရန် သို့မဟုတ် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို စုံစမ်းရန် အခက်အခဲကြုံတွေ့ခဲ့ဖူးခြင်းရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ (၁၃၀) ဦးအနက် (၁၂၅) ဦး၊ သို့မဟုတ် (၉၆.၂) ရာခိုင်နှုန်းက အခက်အခဲကြုံတွေ့ခဲ့ဖူးကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၃) ဦးက အခက်အခဲမကြုံတွေ့ခဲ့ဖူးကြောင်း ဖြေဆိုခဲ့ပြီး (၂) ဦးက မဖြေလိုကြောင်း ရွေးချယ်ခဲ့သည်။

ဆေးဘက်ဆိုင်ရာ သို့မဟုတ် အရေးပေါ်အကူအညီရယူရန် ကြိုးပမ်းရာတွင် အခက်အခဲကြုံတွေ့ခဲ့ဖူးခြင်းရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ (၁၀၉) ဦး၊ သို့မဟုတ် ဖြေဆိုသူစုစုပေါင်း၏ (၈၃.၈) ရာခိုင်နှုန်းက အခက်အခဲကြုံတွေ့ခဲ့ဖူးကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၁၄) ဦးက အခက်အခဲမကြုံတွေ့ခဲ့ဖူးကြောင်း၊ (၄) ဦးက မဖြေလိုကြောင်း ဖြေဆိုခဲ့ပြီး ကျန် (၃) ဦးက ယင်းမေးခွန်းကို မဖြေဆိုခဲ့ပေ။

ပုံ (၄.၂၀)။ ဆက်သွယ်ရေးဖြတ်တောက်ခံရခြင်းနှင့် ဆက်စပ်သည့် အဓိကသက်ရောက်မှုများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

စဉ်ကူးမြို့နယ်မှ ဖြေဆိုသူတစ်ဦးက ဆက်သွယ်ရေး ဖြတ်တောက်ခံထားရသည့်အချိန်တွင် ကြုံတွေ့ခဲ့ရသော အကျိုးဆက်တစ်ခုအဖြစ် "လေကြောင်းတိုက်ခိုက်မှုခံရခြင်းကြောင့် ဆေးကုသမှု နောက်ကျခြင်း" ဟု ဖော်ပြခဲ့သည်။[55]

သတင်းအချက်အလက်မရရှိခြင်း သို့မဟုတ် ဆက်သွယ်မှုအဆက်ပြတ်ခြင်းကြောင့် ဖြစ်ပေါ်သည့် စိတ်ဖိစီးမှုအတိုင်းအတာကို မေးမြန်းရာ ဖြေဆိုသူ (၈၂) ဦး၊ သို့မဟုတ် (၆၃.၁) ရာခိုင်နှုန်းက ပြင်းထန်သော စိတ်ဖိစီးမှုဖြစ်ပေါ်စေကြောင်းနှင့် (၃၉) ဦး၊ သို့မဟုတ် (၃၀.၀) ရာခိုင်နှုန်းက စိတ်ဖိစီးမှုအနည်းငယ်ရှိကြောင်း ဖြေဆိုခဲ့သည်။ စုစုပေါင်း ဖြေဆိုသူ (၁၂၁) ဦး၊ သို့မဟုတ် (၉၃.၁) ရာခိုင်နှုန်းက စိတ်ဖိစီးမှုတစ်စုံတစ်ရာ ခံစားရကြောင်း ဖြေဆိုခဲ့ခြင်း ဖြစ်သည်။ ဖြေဆိုသူ (၆) ဦးက စိတ်ဖိစီးမှုမရှိကြောင်း၊ (၁) ဦးက မဖြေလိုကြောင်း ဖြေဆိုခဲ့ပြီး ကျန် (၂) ဦးက ယင်းမေးခွန်းကို မဖြေဆိုခဲ့ပေ။

၄.၄ ဆက်သွယ်ရေးကုန်ကျစရိတ်နှင့် လက်လှမ်းမီနိုင်မှု မညီမျှခြင်း

၄.၄.၁ ဆက်သွယ်ရေးဖြတ်တောက်ခံရပြီးနောက် မြင့်တက်လာသော ဆက်သွယ်ရေးကုန်ကျစရိတ်

ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရပြီးနောက် ကုန်ကျစရိတ် မညီမျှပြောင်းလဲသွားသည်ကို မေးမြန်းရာ ဖြေဆိုသူ (၁၃၀) ဦးအနက် (၈၈) ဦး၊ သို့မဟုတ် (၆၇.၇) ရာခိုင်နှုန်းက ယခင်ထက် ကုန်ကျစရိတ်တိုးလာကြောင်း ဖြေဆိုခဲ့သည်။ အသေးစိတ်အားဖြင့် ဖြေဆိုသူ (၄၁) ဦး၊ သို့မဟုတ် (၃၁.၅) ရာခိုင်နှုန်းက နှစ်ဆခန့်၊ သို့မဟုတ် နှစ်ဆကျော်၊ (၁၄) ဦး၊ သို့မဟုတ် (၁၀.၈) ရာခိုင်နှုန်းက သုံးဆခန့်၊ သို့မဟုတ် သုံးဆကျော်၊ (၁၀) ဦး၊ သို့မဟုတ် (၇.၇) ရာခိုင်နှုန်းက လေးဆခန့်၊ သို့မဟုတ် လေးဆကျော်နှင့် (၂၃) ဦး၊ သို့မဟုတ် (၁၇.၇) ရာခိုင်နှုန်းက ငါးဆခန့်၊ သို့မဟုတ် ငါးဆကျော် ကုန်ကျလာကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၃၇) ဦး၊ သို့မဟုတ် (၂၈.၅) ရာခိုင်နှုန်းက ကုန်ကျစရိတ် မတိုးလာကြောင်း ဖြေဆိုခဲ့ပြီး (၅) ဦး၊ သို့မဟုတ် (၃.၈) ရာခိုင်နှုန်းက မသေချာကြောင်း သို့မဟုတ် မဖြေလိုကြောင်း ဖော်ပြခဲ့သည်။


မဖြတ်တောက်မီနှင့် ဖြတ်တောက်ခံရပြီးနောက် ကုန်ကျစရိတ်များကို မေးမြန်းရာတွင် ဖြေဆိုသူများက လစဉ်ကုန်ကျငွေ၊ တစ်ကြိမ်အသုံးပြုခ၊ တစ်နာရီအသုံးပြုခ၊ တစ်ရက်အသုံးပြုခ၊ တစ်ပတ်စာအသုံးပြုခနှင့် ဒေတာတစ် GB လျှင် ကုန်ကျငွေစသည့် ယူနစ်အမျိုးမျိုးဖြင့် ဖြေဆိုထားကြသည်။ ထို့ကြောင့် ယင်းပမာဏများကို တူညီသော လစဉ်ယူနစ်သို့ မပြောင်းလဲမီ ပျမ်းမျှကုန်ကျစရိတ်တစ်ခုအဖြစ် တိုက်ရိုက်တွက်ချက် မနှိုင်းယှဉ်နိုင်ပါ။ ယင်းအတွက် ဤ

[55] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

အပိုင်းတွင် ဖြေဆိုသူတစ်ဦးချင်းစီက မိမိတို့၏ ယခင်ကုန်ကျစရိတ်နှင့် လက်ရှိကုန်ကျစရိတ်ကို နှိုင်းယှဉ်ဖြေဆိုထားသည့် ကုန်ကျစရိတ်တိုးလာမှုအဆင့်ကို အဓိကနှိုင်းယှဉ်ချက်အဖြစ် အသုံးပြုထားသည်။

ဖြေဆိုသူ (၆) ဦးက အခမဲ့အသုံးပြုခွင့်ရရှိခြင်း သို့မဟုတ် ကိုယ်တိုင်ငွေပေးချေရခြင်းမရှိသဖြင့် တိုက်ရိုက်ကုန်ကျစရိတ် မရှိကြောင်း ဖြေဆိုခဲ့သည်။ ယင်းဖြေဆိုမှုများတွင် အခမဲ့ Wi-Fi ရရှိခြင်း၊ အခြားသူများက အသုံးပြုခွင့်ပေးခြင်းနှင့် ငွေပေးချေရန်မလိုခြင်းတို့ ပါဝင်သည်။ သို့သော် ယင်းအရေအတွက်သည် ဖြေဆိုသူ၏ ကိုယ်ပိုင်တိုက်ရိုက်ကုန်ကျငွေ မရှိခြင်းကိုသာ ဖော်ပြထားခြင်းဖြစ်သည်။[56]

ပုံ (၄.၂၁)။ ဆက်သွယ်ရေးဖြတ်တောက်ခံရပြီးနောက် ဆက်သွယ်ရေးကုန်ကျစရိတ် ပြောင်းလဲမှု



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။


ကုန်ကျစရိတ်နှင့် လက်လှမ်းမီနိုင်မှု ကွာဟချက်ကြောင့် အချို့ဒေသခံများသည် ဆက်သွယ်ရေးအတွက် ပိုမိုပေးချေနေရခြင်းသာမက အင်တာနက်အသုံးပြုရန် ကြိုးပမ်းမှုကို လက်လျှော့လိုက်ရခြင်းအထိ ကြုံတွေ့နေရသည်။ ကျွန်းလှမြို့နယ်မှ ဖြေဆိုသူတစ်ဦးက “အင်တာနက်အတွက် မည်သူမျှ ပင်ပန်းခံမသုံးကြသဖြင့် သတင်းအချက်အလက်မရရှိကြ” ဟု ဖြေဆိုခဲ့သည်။ ထို့အပြင် ဆက်သွယ်ရေးအတွက် ကိုယ်တိုင်တိုက်ရိုက်ငွေပေးချေရခြင်းမရှိကြောင်း သို့မဟုတ် အခမဲ့အသုံးပြုခွင့်ရရှိကြောင်း ဖြေဆိုသူ (၆) ဦး၏ ချိတ်ဆက်အသုံးပြုမှုမှာလည်း ကိုယ်ပိုင်စက်များမှ မဟုတ်ဘဲ အိမ်နီးချင်း၊ စီးပွားဖြစ်ဆိုင်၊ တော်လှန်ရေးတပ်ဖွဲ့ပိုင်စက် သို့မဟုတ် ရပ်ရွာအများသုံးချိတ်ဆက်ရာနေရာတို့၏ ပံ့ပိုးပေးမှုအပေါ် မူတည်နေသည်။[57]

[56] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။
[57] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

၄.၄.၂ သတင်းအချက်အလက်ရယူရာတွင် ပိုမိုအခက်အခဲကြုံရသော အုပ်စုများ

ရပ်ရွာအတွင်းရှိ အခြားသူများနှင့် နှိုင်းယှဉ်ပါက အစားထိုးနည်းလမ်းများဖြင့် သတင်းအချက်အလက်ရယူရာတွင် ပိုမိုအခက်အခဲကြုံတွေ့ရခြင်း ရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ (၁၂၉) ဦးအနက် (၇၉) ဦး၊ သို့မဟုတ် (၆၁.၂) ရာခိုင်နှုန်းက ပိုမိုအခက်အခဲကြုံတွေ့ရကြောင်း ဖြေဆိုခဲ့သည်။ မိမိတို့အတွက် ပိုမိုခက်ခဲစေသည့် အကြောင်းရင်းများကို မေးမြန်းရာ ငွေကြေးကုန်ကျစရိတ်ကို ရွေးချယ်သူ (၆၉) ဦး၊ သို့မဟုတ် (၅၃.၁) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး သွားလာရေးအခက်အခဲကို ရွေးချယ်သူ (၃၁) ဦး၊ သို့မဟုတ် (၂၃.၈) ရာခိုင်နှုန်းနှင့် စက်ပစ္စည်းမရှိခြင်းကို ရွေးချယ်သူ (၁၄) ဦး၊ သို့မဟုတ် (၁၀.၈) ရာခိုင်နှုန်းတို့ အသီးသီးရှိခဲ့သည်။ ထို့အပြင် စာတတ်မြောက်မှု သို့မဟုတ် ဘာသာစကားအခက်အခဲကို ရွေးချယ်သူ (၅) ဦးနှင့် လူမှုရေး သို့မဟုတ် ကျား၊ မဆိုင်ရာ ကန့်သတ်ချက်များကို ရွေးချယ်သူ (၃) ဦးလည်း ရှိခဲ့သည်။

ပုံ (၄.၂၂)။ သတင်းအချက်အလက်ရယူရာတွင် အခက်အခဲအများဆုံး ကြုံတွေ့ရသော အုပ်စုများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

မိမိတို့၏ ပတ်ဝန်းကျင်တွင် မည်သည့်အုပ်စုများက သတင်းအချက်အလက်ရယူရာတွင် အခက်အခဲအများဆုံး ကြုံတွေ့ရသနည်းဟု မေးမြန်းရာ သက်ကြီးရွယ်အိုများကို ရွေးချယ်သူ (၁၀၆) ဦး၊ သို့မဟုတ် (၈၁.၅) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။ ယင်းနောက် မသန်စွမ်းသူများကို ရွေးချယ်သူ (၅၈) ဦး၊ သို့မဟုတ် (၄၄.၆) ရာခိုင်နှုန်း၊ စစ်ဘေးကြောင့် ရွှေ့ပြောင်းသူများကို ရွေးချယ်သူ (၄၀) ဦး၊ သို့မဟုတ် (၃၀.၈) ရာခိုင်နှုန်း၊ ကလေးများကို ရွေးချယ်သူ (၃၈) ဦး၊ သို့မဟုတ် (၂၉.၂) ရာခိုင်နှုန်းနှင့် အမျိုးသမီးများကို ရွေးချယ်သူ (၂၅) ဦး၊ သို့မဟုတ် (၁၉.၂) ရာခိုင်နှုန်းတို့ အသီးသီးရှိခဲ့သည် (ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆)။

ကောလင်းမြို့နယ်မှ ဖြေဆိုသူတစ်ဦးက သက်ကြီးရွယ်အိုများသည် “နည်းပညာနှင့် အလှမ်းဝေးသောကြောင့်” သတင်းအချက်အလက်ရယူရာတွင် အခက်အခဲကြုံတွေ့ရကြောင်း ဖော်ပြခဲ့သည်။ အင်းတော်မြို့နယ်မှ ဖြေဆိုသူ တစ်ဦးကလည်း “စစ်ရှောင်လာသူများအနေဖြင့် နယ်မြေမကျွမ်းကျင်သည့်အတွက် သတင်းအချက်အလက်ရယူရမှာ တခြားသူများနဲ့စာရင် အခက်အခဲရှိပါတယ်။ သတင်းအမှားတွေလည်း မကြာခဏကြားနေရတယ်” ဟု ဖြေဆိုခဲ့သည် (ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း,2026)။

ယင်းတွေ့ရှိချက်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် စစ်တမ်းနမူနာ၏ အသက်အရွယ်ဖွဲ့စည်းပုံကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ဖြေဆိုသူ (၁၃၀) ဦးအနက် (၉၄) ဦး၊ သို့မဟုတ် (၇၂.၃) ရာခိုင်နှုန်းသည် အသက် (၃၅) နှစ်အောက်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအကြောင်း တွေ့ရှိချက်များသည် အဆိုပါအုပ်စုဝင်များကိုယ်တိုင်၏ တိုက်ရိုက်ဖြေဆိုချက်များထက် အခြားရပ်ရွာအဖွဲ့ဝင်များ၏ တွေ့မြင်သုံးသပ်ချက်များကို အဓိက ထင်ဟပ်နေခြင်းဖြစ်သည်။[58]


၄.၅ သတင်းအချက်အလက်အရည်အသွေး (ကောလာဟလနှင့် စိစစ်အတည်ပြုမှု)

၄.၅.၁ ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုသည့် နည်းလမ်းများ

အခန်း (၄.၂) တွင် ဖော်ပြခဲ့သည့်အတိုင်း ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရသည့် ဒေသများ၌ သတင်းအချက်အလက်များကို ICOM စကားပြောစက်၊ အင်တာနက်ချိတ်ဆက်နိုင်သည့် နေရာများနှင့် လူတစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်းပေးပို့ခြင်းတို့မှတစ်ဆင့် ရယူမျှဝေနေကြသည်။ အဆိုပါနည်းလမ်းများမှ ရရှိလာသော သတင်းအချက်အလက်များကို မည်သို့စိစစ်အတည်ပြုကြသနည်းဟု မေးမြန်းရာ ဖြေဆိုသူ (၆၅) ဦး၊ သို့မဟုတ် (၅၀.၀) ရာခိုင်နှုန်းက သတင်းရင်းမြစ်ကို သိရှိပြီး ယုံကြည်ရခြင်းအပေါ် မူတည်ကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၂၅) ဦး၊ သို့မဟုတ် (၁၉.၂) ရာခိုင်နှုန်းက ရပ်ရွာခေါင်းဆောင်၏ အတည်ပြုချက်ကို ရယူကြောင်းနှင့် (၁၄) ဦး၊ သို့မဟုတ် (၁၀.၈) ရာခိုင်နှုန်းက သတင်းရင်းမြစ်အများအပြားထံမှ ရရှိသည့် အချက်အလက်များကို နှိုင်းယှဉ်အတည်ပြုကြောင်း ဖြေဆိုခဲ့သည်။ အခြားတစ်ဖက်တွင် ဖြေဆိုသူ (၂၃) ဦး၊ သို့မဟုတ် (၁၇.၇) ရာခိုင်နှုန်းက ပုံမှန်အားဖြင့် စစ်ဆေးလေ့မရှိကြောင်းနှင့် (၂၂) ဦး၊ သို့မဟုတ် (၁၆.၉) ရာခိုင်နှုန်းက စစ်ဆေးအတည်ပြုနိုင်စွမ်းမရှိကြောင်း ဖြေဆိုခဲ့သည်။

[58] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

ပုံ (၄.၂၃)။ ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုသည့် နည်းလမ်းများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၃၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

စစ်ဆေးလေ့မရှိကြောင်း သို့မဟုတ် စစ်ဆေးအတည်ပြုနိုင်စွမ်း မရှိကြောင်း အနည်းဆုံး အဖြေတစ်ခုကို ရွေးချယ်ခဲ့သူမှာ ဖြေဆိုသူ (၄၃) ဦး၊ သို့မဟုတ် (၃၃.၁) ရာခိုင်နှုန်းရှိသည်။ ယင်းတို့အနက် ဖြေဆိုသူ (၂) ဦးက အဖြေနှစ်ခုစလုံးကို ရွေးချယ်ထားသည်။ ထို့ကြောင့် အဆိုပါအဖြေနှစ်မျိုး၏ တုံ့ပြန်မှု ကိန်းဂဏန်းများကို တိုက်ရိုက်ပေါင်းခြင်း မပြုဘဲ ထပ်နေသောဖြေဆိုမှုကို ဖယ်ရှား၍ ဖော်ပြထားခြင်းဖြစ်သည်။


၄.၅.၂ မှားယွင်းသော သတင်းအချက်အလက်ကို ယုံကြည်မိခြင်း သို့မဟုတ် အခြေခံဆောင်ရွက်ခြင်း

ဆက်သွယ်ရေးဖြတ်တောက်ခံရသည့် ကာလအတွင်း မှားယွင်းသော သတင်းအချက်အလက်များကို ယုံကြည်ခြင်း၊ အဆိုပါအချက်အလက်များကို မှန်ကန်ကြောင်း အတည်ပြုမိခြင်း သို့မဟုတ် ယင်းအပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ (၁၃၀) ဦးအနက် (၆၇) ဦး၊ သို့မဟုတ် (၅၁.၅) ရာခိုင်နှုန်းက ထိုသို့ကြုံတွေ့ခဲ့ဖူးကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၂၉) ဦး၊ သို့မဟုတ် (၂၂.၃) ရာခိုင်နှုန်းက မသေချာကြောင်း ဖြေဆိုခဲ့ပြီး (၃၄) ဦး၊ သို့မဟုတ် (၂၆.၂) ရာခိုင်နှုန်းက ထိုသို့ကြုံတွေ့ခဲ့ဖူးခြင်းမရှိကြောင်း ဖြေဆိုခဲ့သည်။

သတင်းအချက်အလက် မရရှိခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် အကျိုးဆက်ကို ဖော်ပြရာတွင် ပေါက်မြို့နယ်မှ ဖြေဆိုသူတစ်ဦးက “သတင်းတုတွေရော၊ သတင်းမှားတွေရော ရောပွန်းပြီး ကြောက်လန့်ထိတ်လန့်နေရပြီး အချို့ရွာများတွင် စစ်ကြောင်းဝင်လာသည်ကိုပင် ဝင်မှန်းမသိရသော အခြေအနေမျိုး” ဟု ဖြေဆိုခဲ့သည်။ ယင်းဖြေဆိုချက် သည်

မှားယွင်းသောသတင်းအပေါ် အခြေခံလုပ်ဆောင်ခဲ့ကြောင်း တိုက်ရိုက်ဖော်ပြထားခြင်းမဟုတ်ဘဲ သတင်းအချက်အလက်မရရှိမှုနှင့် သတင်းတု၊ သတင်းမှားများ ရောနှောနေသည့် အခြေအနေကို ဖော်ပြထားခြင်းဖြစ်သည်။[59]

ပုံ (၄.၂၄)။ မှားယွင်းသော သတင်းအချက်အလက်ကို ယုံကြည်ခြင်း သို့မဟုတ် အခြေခံဆောင်ရွက်ခဲ့ဖူးမှု



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

၄.၆ ရပ်ရွာအခြေပြု အစားထိုးဆက်သွယ်ရေးကွန်ရက်များနှင့် လိုအပ်ချက်များ

၄.၆.၁ ဒေသခံအဖွဲ့များနှင့် ကိုယ်ထူကိုယ်ထ သတင်းမျှဝေကွန်ရက်များ

ဆက်သွယ်ရေးဝန်ဆောင်မှုများ ဖြတ်တောက်ခံထားရသည့် ကာလအတွင်း သတင်းအချက်အလက် မျှဝေရန် ကူညီပေးသည့် ဒေသန္တရအဖွဲ့များ၊ အဖွဲ့အစည်းများ သို့မဟုတ် အလွတ်သဘောဖွဲ့စည်းထားသော ကွန်ရက်များကို သိရှိခြင်း ရှိ၊ မရှိ မေးမြန်းရာ ဖြေဆိုသူ (၁၃၀) ဦးအနက် (၈၆) ဦး၊ သို့မဟုတ် (၆၆.၂) ရာခိုင်နှုန်းက သိရှိကြောင်း ဖြေဆိုခဲ့သည်။ ကျန် (၄၄) ဦး၊ သို့မဟုတ် (၃၃.၈) ရာခိုင်နှုန်းက ထိုကဲ့သို့သော အဖွဲ့ သို့မဟုတ် ကွန်ရက်များကို မသိရှိကြောင်း ဖြေဆိုခဲ့သည်။


[59] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

ထိုအဖွဲ့များနှင့် ကွန်ရက်များက မည်သို့ကူညီပေးကြသနည်းဟူသော မေးခွန်း၏ ဖြေဆိုချက်များကို အကြောင်းအရာအလိုက် ပြန်လည်အုပ်စုခွဲရာ ထိုကဲ့သို့သောကွန်ရက်များကို သိရှိကြောင်း ဖြေဆိုသူ (၈၆) ဦးအနက် (၄၄) ဦးက ICOM စကားပြောစက်၊ အထိုင်စက် သို့မဟုတ် အခြားရ ေဒီယိုဆက်သွယ်ရေးစက်များမှတစ်ဆင့် သတင်းမျှဝေခြင်းနှင့်ကြေညာခြင်းကို ဖော်ပြခဲ့သည်။ ဖြေဆိုသူ (၂၃) ဦး၏ အဖြေများတွင် ရွာအတွင်းလှည့်လည်ကြေညာခြင်း၊ အသံချဲ့စက်အသုံးပြုခြင်း သို့မဟုတ် သတင်းလွှင့်ခြင်းတို့ ပါဝင်ခဲ့သည်။ ထို့အပြင် လေကြောင်းနှင့် စစ်ရေးလှုပ်ရှားမှုဆိုင်ရာ သတိပေးချက်များ ဖြန့်ဝေခြင်းကို ဖော်ပြသူ (၉) ဦး၊ Starlink သို့မဟုတ် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်ရန် ကူညီပေးခြင်းကို ဖော်ပြသူ (၉) ဦးနှင့် ကျန်းမာရေးအပါအဝင် အခြားဝန်ဆောင်မှုများကို ကူညီပေးခြင်းအား ဖော်ပြသူ (၂) ဦးရှိခဲ့သည်။ ဖြေဆိုချက်တစ်ခုတည်းတွင် လုပ်ဆောင်မှုအမျိုးအစားတစ်မျိုးထက်ပို၍ ပါဝင်နိုင်သဖြင့် အဆိုပါအရေအတွက်များသည် တစ်ခုနှင့်တစ်ခု ထပ်နေနိုင်သည်။

၄.၆.၂ အရေးပေါ်သတင်းအချက်အလက်ရယူရန် လိုအပ်သည့် အထောက်အကူများ

ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရသည့်ကာလများ၌ မိမိတို့နှင့် မိမိတို့ရပ်ရွာအတွက် အရေးပေါ်သတင်းအချက်အလက်များ ရရှိနိုင်ရေးတွင် မည်သည့်အရာက အထောက်အကူအပြုဆုံး ဖြစ်မည်နည်းဟု မေးမြန်းရာ ဖြေဆိုသူ (၁၀၆) ဦးက အဖြေပေးခဲ့သည်။ ယင်းဖြေဆိုချက်များကို အကြောင်းအရာအလိုက် အုပ်စုခွဲရာ ICOM စကားပြောစက်များကို ဖော်ပြသူ (၄၉) ဦး၊ သို့မဟုတ် အဖြေပေးသူများ၏ (၄၆.၂) ရာခိုင်နှုန်းနှင့် Starlink သို့မဟုတ် အခြားဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုများကို ဖော်ပြသူ (၄၈) ဦး၊ သို့မဟုတ် (၄၅.၃) ရာခိုင်နှုန်းရှိခဲ့သည်။ ယင်းအမျိုးအစားနှစ်ခုသည် ဖြေဆိုချက်များတွင် အများဆုံးဖော်ပြခံရသော အထောက်အကူများ ဖြစ်သည်။

ပုံ (၄.၂၅)။ အရေးပေါ်သတင်းအချက်အလက်ရယူနိုင်ရေးအတွက် အထောက်အကူအပြုစေမည့်အရာများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

အခြားဖြေဆိုချက်များတွင် အထွေထွေအင်တာနက် အသုံးပြုနိုင်မှုကို ဖော်ပြသူ (၁၁) ဦး၊ သို့မဟုတ် (၁၀.၄) ရာခိုင်နှုန်း၊ လူတစ်ဦးမှတစ်ဦးသို့ သတင်းပေးပို့ခြင်း သို့မဟုတ် အိမ်နီးချင်းများမှတစ်ဆင့် သတင်းရယူခြင်းကို ဖော်ပြသူ (၆) ဦး၊ သို့မဟုတ် (၅.၇) ရာခိုင်နှုန်း၊ ရပ်ရွာသတင်းကွန်ရက် သို့မဟုတ် လော်စပီကာကြေညာမှုကို ဖော်ပြသူ (၄) ဦး၊ သို့မဟုတ် (၃.၈) ရာခိုင်နှုန်းနှင့် အသံချဲ့စက် သို့မဟုတ် အခြားရပ်ရွာသတိပေးကိရိယာများကို ဖော်ပြသူ (၃) ဦး၊ သို့မဟုတ် (၂.၈) ရာခိုင်နှုန်းတို့ ပါဝင်သည်။ ဖြေဆိုချက်တစ်ခုတွင် အထောက်အကူအမျိုးအစားတစ်မျိုးထက်ပို၍ ပါဝင်နိုင်သဖြင့် အဆိုပါအရေအတွက်နှင့် ရာခိုင်နှုန်းများသည် တစ်ခုနှင့်တစ်ခု ထပ်နေနိုင်သည်။

အရာတော်မြို့နယ်မှ ဖြေဆိုသူတစ်ဦးက “သတင်းကွန်ရက်များ ဖွဲ့စည်းထားရှိရန်၊ Starlink အင်တာနက်များနှင့် ICOM စကားပြောစက်များ အိမ်တိုင်းရှိသင့်သည်” ဟု ဖြေဆိုခဲ့သည်။ အခြား ဖြေဆိုချက်များတွင်လည်း Starlink၊ ICOM စကားပြောစက်၊ အထိုင်စက်၊ အသံချဲ့စက်နှင့် ရပ်ရွာအဆင့်သတင်းကွန်ရက်များကို တစ်မျိုးချင်းဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ ဖော်ပြထားကြသည်။[60]

[60] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆။

၅။ ဖြစ်စဉ်လေ့လာချက်

ဤအခန်း၏ ရည်ရွယ်ချက်မှာ အကြမ်းဖက်ဖြစ်စဉ်များကို သီးခြားမှတ်တမ်းတင်ရန် မဟုတ်ဘဲ၊ အခန်း (၄) တွင် တွေ့ရှိခဲ့သည့် ဆက်သွယ်ရေး ဖြတ်တောက်ခံရမှု၏ အကျိုးဆက်များဖြစ်သော ကြုံတင်သတိပေးချက် မရရှိခြင်း သို့မဟုတ် နောက်ကျမှရရှိခြင်း၊ ဘေးလွတ်ရာသို့ ထွက်ပြေးရန် ဆုံးဖြတ်ရာတွင် သတင်းအချက်အလက် မလုံလောက်ခြင်း၊ သတင်းအမှားများအကြား ဆုံးဖြတ်ရခြင်းနှင့် ထိခိုက်သေဆုံးမှုများကို စိစစ်မှတ်တမ်းတင်ရန် ခက်ခဲခြင်းတို့သည် ပဋိပက္ခဖြစ်စဉ်များအတွင်း မည်သို့ပေါ်ပေါက်ခဲ့သည်ကို လေ့လာရန်ဖြစ်သည်။ ထို့ကြောင့် စစ်တမ်းကောက်ယူခဲ့သည့် ဒေသများနှင့် ဆက်စပ်ပြီး ဆက်သွယ်ရေးအခြေအနေ၊ ကြုံတင်သတိပေးမှု၊ ထွက်ပြေးတိမ်းရှောင်မှု သို့မဟုတ် ဖြစ်စဉ်မှတ်တမ်းတင်နိုင်မှုတို့နှင့် ပတ်သက်သည့် အထောက်အထားများ ရရှိနိုင်သော ဖြစ်စဉ်လေ့လာချက် ငါးခုကို ရွေးချယ်ထားသည်။ ဤဖြစ်စဉ်လေ့လာချက်များသည် ဆက်သွယ်ရေးဖြတ်တောက်ခံရမှုက တိုက်ခိုက်မှုများကို ဖြစ်ပေါ်စေခဲ့သည်ဟု အကြောင်းရင်းဆက်နွယ်မှု သတ်မှတ်ရန်မဟုတ်ဘဲ၊ သတင်းအချက်အလက် မရရှိခြင်း သို့မဟုတ် နောက်ကျမှရရှိခြင်းက အန္တရာယ်ကို သိရှိခြင်း၊ တုံ့ပြန်ခြင်းနှင့် နောက်ပိုင်းတွင် စိစစ်မှတ်တမ်းတင်ခြင်းတို့အပေါ် မည်သို့သက်ရောက်ခဲ့သည်ကို ဖော်ပြရန်ဖြစ်သည်။

၅.၁ စာသင်ကျောင်းများအပေါ် လေကြောင်းတိုက်ခိုက်မှုနှင့် ကြုံတင်သတိပေးနိုင်မှု၏ အကန့်အသတ်များ (၂၀၂၂ခုနှစ် လက်ယက်ကုန်းကျေးရွာနှင့် ၂၀၂၅ခုနှစ် အိုးထိန်းတွင်းကျေးရွာ တိုက်ခိုက်ခံရမှုများ)

၂၀၂၂ ခုနှစ် စက်တင်ဘာလ (၁၆) ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသော စာသင်ကျောင်းကို မြန်မာစစ်တပ်၏ Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်းက တစ်နာရီခန့် ပစ်ခတ်ခဲ့ပြီးနောက် မြေပြင်တပ်ဖွဲ့များက ကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့သည်။ Myanmar Witness ၏ စိစစ်ချက်အရ အနည်းဆုံး ကလေး (၆) ဦး သေဆုံးပြီး ကလေးနှင့် အရွယ်ရောက်သူများအပါအဝင် (၁၇) ဦး ဒဏ်ရာရရှိခဲ့သည်။[61] UNICEF ကမူ အဆိုပါတိုက်ခိုက်မှုအတွင်း အနည်းဆုံး ကလေး (၁၁) ဦး သေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။[62]

61 Myanmar Witness, "The Tabayin School Attack," 2022
62 UNICEF Myanmar, "At Least 11 Schoolchildren Killed in Myanmar Attack," 2022

သုံးနှစ်နီးပါးအကြာ ၂၀၂၅ ခုနှစ် မေလ (၁၂) ရက်နေ့ နံနက်ပိုင်းတွင် ဒီပဲယင်းမြို့နယ်၊ အိုးထိန်းတွင်းကျေးရွာရှိ စာသင်ကျောင်းကို မြန်မာစစ်တပ်၏ တိုက်လေယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ AP သတင်းဌာန၏ ဖော်ပြချက်အရ ကျောင်းသား၊ ကျောင်းသူ (၂၀) ဦးနှင့် ဆရာမ (၂) ဦး သေဆုံးပြီး ဒါဇင်နှင့်ချီသော ကျောင်းသား၊ ကျောင်းသူများ ဒဏ်ရာရရှိခဲ့သည်။[63]

Myanmar Witness ၏ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလထုတ် အစီရင်ခံစာ အရ လက်ယက်ကုန်း တိုက်ခိုက်မှုနှင့် ပတ်သက်သည့် အွန်လိုင်းမှတ်တမ်းများတွင် ဒေသခံကင်းထောက်သတင်း ကွန်ရက်တစ်ခုက ဒီပဲယင်းအရှေ့ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွားနေကြောင်း မွန်းလွဲ (၁) နာရီ (၆) မိနစ်ခန့်၌ ဖြန့်ဝေခဲ့သည်ကို တွေ့ရပြီး ယင်းအချိန်သည် တိုက်ခိုက်မှုစတင်ခဲ့သည့်အချိန်နှင့် တစ်ပြိုင်နက်နီးပါးဖြစ်သည်။[64] ထိုသတင်းသည် စာသင်ကျောင်းသို့ အချိန်မီရောက်ရှိခဲ့ခြင်းရှိ၊ မရှိကိုမူ ရရှိထားသောအထောက်အထားများဖြင့် အတည်မပြုနိုင်ပေ။ အိုးထိန်းတွင်းတိုက်ခိုက်မှုနှင့်ပတ်သက်သည့် အများပြည်သူလက်လှမ်းမီသော မှတ်တမ်းများတွင်လည်း ကျောင်းဘက်က ကြိုတင်သတိပေးချက် ရရှိခဲ့ခြင်း ရှိ၊ မရှိကို ဖော်ပြထားခြင်းမရှိပေ။ ထို့ကြောင့် တိုက်ခိုက်မှုနှစ်ခုစလုံးတွင် “သတိပေးချက် လုံးဝမရရှိခဲ့” ဟု အတည်ပြု၍မရသကဲ့သို့ ဆက်သွယ်ရေးဖြတ်တောက်ခံရမှုက သေဆုံးမှုများကို တိုက်ရိုက်ဖြစ်စေခဲ့သည်ဟုလည်း ကောက်ချက်ချ၍မရပေ။ သို့သော် တိုက်ခိုက်မှုစတင်နေပြီဖြစ်ကြောင်း သိရှိရသည့် သတင်းနှင့် အန္တရာယ်မရောက်မီ ရရှိရမည့် ကြိုတင်သတိပေးချက်တို့အကြား ကွာခြားမှုကို ယင်းဖြစ်စဉ်များက ပြသနေသည်။ ဤအချက်သည် ဖြေဆိုသူ (၅၁) ဦး (၃၉.၂ ရာခိုင်နှုန်း) က လေယာဉ်သံ သို့မဟုတ် ပစ်ခတ်သံကို ကိုယ်တိုင်ကြားမှသာ အန္တရာယ်ကို သိရှိရကြောင်းနှင့် ဖြေဆိုသူ (၆၈) ဦး (၅၂.၃ ရာခိုင်နှုန်း) က ကြိုတင်သတိပေးချက်ရရှိချိန်သည် အကြိမ်တိုင်းကွဲပြားကြောင်း ဖြေဆိုခဲ့သည့် စစ်တမ်းတွေ့ရှိချက်များနှင့် ဆက်စပ်နေသည်။[65]

၅.၂ လူစုဝေးရာနေရာတွင် ကြိုတင်သတိပေးနိုင်မှု၏ အကန့်အသတ် (၂၀၂၃ခုနှစ်၊ ပဇိကြီးကျေးရွာ တိုက်ခိုက်ခံရမှု)

၂၀၂၃ ခုနှစ် ဧပြီလ (၁၁) ရက်နေ့ နံနက် (၇) နာရီခွဲခန့်တွင် ကန့်ဘလူမြို့နယ်၊ ပဇိကြီးကျေးရွာရှိ ဒေသန္တရ အုပ်ချုပ်ရေးရုံး ဖွင့်ပွဲအခမ်းအနားသို့ ဒေသခံ (၃၀၀) ခန့် စုဝေးနေစဉ် မြန်မာစစ်တပ်၏ တိုက်လေယာဉ်တစ်စင်းက လူစုဝေးရာနေရာပေါ်သို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့နောက် မိနစ်ပိုင်းအတွင်း Mi-35 တိုက်ခိုက်ရေးရဟတ်ယာဉ် တစ်စင်း ရောက်ရှိလာပြီး ထွက်ပြေးနေသူများကို ထပ်မံပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေများက Human Rights

63 Associated Press, “An Airstrike in Central Myanmar Kills up to 22 People at a Bombed School,” 2025

64 Myanmar Witness. Eyes on the Skies: “An Airstrike in Central Myanmar Kills up to 22 People at a Bombed School,” . January 27, 2023, updated January 31, 2023, p. 37

65 Dead Air Survey, 2026

Watch ကို ပြောကြားခဲ့သည်။[66] IIMM ၏ နောက်ဝိုင်းထုတ်ပြန်ချက်အရ အဆိုပါတိုက်ခိုက်မှုတွင် ကလေးများ အပါအဝင် အနည်းဆုံး လူ (၁၅၅) ဦး သေဆုံးခဲ့ပြီး ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် တစ်ကြိမ်တည်းတွင် လူသေဆုံးမှုအများဆုံး တိုက်ခိုက်မှုဖြစ်သည်။[67]

ပဇီကြီးတိုက်ခိုက်မှု မဖြစ်ပွားမီကတည်းက ကန့်ဘလူမြို့နယ်တွင် အင်တာနက်ဖြတ်တောက်မှုများ ရှိနေခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လတွင် စစ်ကိုင်းတိုင်းရှိ မြို့နယ် (၂၃) ခု၌ မိုဘိုင်းအင်တာနက်ကို အကန့်အသတ်မရှိ ဖြတ်တောက်ရန်ညွှန်ကြားခဲ့ပြီး ကန့်ဘလူမြို့နယ်လည်း ပါဝင်ခဲ့သည်။[68] Myanmar Internet Project ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ကန့်ဘလူအပါအဝင် မြို့နယ်အချို့၌ Mytel မိုဘိုင်းအင်တာနက်ကို တစ်ရက်ခန့် ပြန်လည် အသုံးပြုနိုင်ခဲ့သော်လည်း ဇန်နဝါရီလ (၅) ရက်နေ့တွင် ထပ်မံဖြတ်တောက်ခံခဲ့ရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင်မှ ကန့်ဘလူအပါအဝင် နေရာအချို့၌ Atom SIM ကတ်ဖြင့် အင်တာနက်ပြန်လည်အသုံးပြုနိုင်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။[69] ယင်းမှတ်တမ်းများက တိုက်ခိုက်မှုဖြစ်ပွားသည့် ကာလဝန်းကျင်တွင် ဒေသ၏ ဆက်သွယ်ရေးအခြေအနေ အလွန်ကန့်သတ်ခံထားရကြောင်း ပြသသည်။

Human Rights Watch နှင့် တွေ့ဆုံခဲ့သည့် မျက်မြင်သက်သေတစ်ဦး၏ အဆိုအရ အခမ်းအနားတွင် ကင်းထောက်များနှင့် လုံခြုံရေးစောင့်ကြည့်သူများ ရှိနေခဲ့သော်လည်း ၎င်းတို့သည် လမ်းမပေါ်မှ ဝင်ရောက်လာနိုင်သည့် မြန်မာစစ်တပ်၏ စစ်ကြောင်းများကို အဓိကစောင့်ကြည့်နေကြပြီး လေကြောင်းတိုက်ခိုက်မှုအတွက် လုံလောက်စွာ ပြင်ဆင်ထားခြင်းမရှိသဖြင့် အငိုက်မိခဲ့ကြသည်။[70] ထို့ကြောင့် ပဇီကြီးဖြစ်စဉ်တွင် သတိပေးကွန်ရက် လုံးဝမရှိခဲ့ခြင်း ထက်ရှိပြီးသား ကင်းထောက်စနစ်က မြေပြင်အန္တရာယ်ကို အဓိကထားကာ လျင်မြန်စွာရောက်ရှိလာသော လေကြောင်းအန္တရာယ်ကို အချိန်မီမသိရှိနိုင်ခဲ့ခြင်းက ပိုမိုထင်ရှားသည်။ ဤအချက်သည် ဖြေဆိုသူ (၅၁) ဦး (၃၉.၂ ရာခိုင်နှုန်း) က လေယာဉ်သံ သို့မဟုတ် ပစ်ခတ်သံကို ကိုယ်တိုင်ကြားမှသာ အန္တရာယ်ကို သိရှိရကြောင်းနှင့် ဖြေဆိုသူ (၆၈) ဦး (၅၂.၃ ရာခိုင်နှုန်း) က ကြိုတင်သတိပေးချက်ရရှိချိန်သည် အကြိမ်တိုင်းကွဲပြားကြောင်း ဖြေဆိုခဲ့သည့် စစ်တမ်းတွေ့ရှိချက်များနှင့် ဆက်စပ်နေသည်။[71] သို့သော်ရရှိထားသော အထောက်အထားများအရ ဆက်သွယ်ရေးဖြတ်တောက်ခံရမှုက ပဇီကြီးတိုက်ခိုက်မှု သို့မဟုတ် သေဆုံးမှုအရေအတွက်ကို တိုက်ရိုက်ဖြစ်စေခဲ့သည်ဟု ကောက်ချက်ချ၍မရပေ။

66 Human Rights Watch, Enhanced Blast Strike Likely War Crime," May 9, 2023
67 Independent Investigative Mechanism for Myanmar, "Two Years since the Deadly Air Attack on Pa Zi Gyi Village," April 11, 2025
68 Independent Investigative Mechanism for Myanmar, "Two Years since the Deadly Air Attack on Pa Zi Gyi Village," April 11, 2025
69 Myanmar Internet Project, "Digital Coup Quarterly: November 2022 to January 2023," February 15, 2023
70 Human Rights Watch, "Myanmar: Enhanced Blast Strike Likely War Crime," May 9, 2023
71 Dead Air Survey, 2026

၅.၃ ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုခက်ခဲစေခဲ့သော ဆက်သွယ်ရေးပြတ်တောက်မှု (၂၀၂၅ခုနှစ်၊ မြန်မာနိုင်ငံအလယ်ပိုင်းငလျင်ကြီး)

၂၀၂၅ ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် စစ်ကိုင်းပြတ်ရွှေကြောတစ်လျှောက် လူပ်ခတ်ခဲ့သည့် ပြင်းအား (၇.၇) အဆင့်ရှိငလျင်သည် ရာစုနှစ်တစ်ခုကျော်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အပြင်းထန်ဆုံး ငလျင်ဖြစ်ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် နေပြည်တော်အပါအဝင် ဒေသအများအပြားတွင် လူသေဆုံးမှုနှင့် အဆောက်အအုံပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ငလျင်ဒဏ် အပြင်းထန်ဆုံးခံခဲ့ရသည့် နေရာအချို့သည် ယခင်ကတည်းက ဆက်သွယ်ရေးဖြတ်တောက်မှု၊ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ပဋိပက္ခဒဏ်တို့ကို ကြုံတွေ့နေရသော ဒေသများလည်း ဖြစ်သည်။[72]

ငလျင်လှုပ်ခတ်ပြီး နောက်တစ်နေ့တွင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ဆက်သွယ်ရေးနှင့် အင်တာနက် ပြတ်တောက်မှုများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ဆက်သွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ အဟန့်အတားဖြစ်နေကြောင်း ဖော်ပြခဲ့သည်။[73] မတ်လ (၃၁) ရက်နေ့အထိ စစ်ကိုင်းမြို့နှင့် မင်းကွန်းဒေသတွင် အင်တာနက်နှင့် ဖုန်းလိုင်းများ ပြတ်တောက်နေဆဲဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများလည်း မစတင်နိုင်သေးကြောင်း IOM က မှတ်တမ်းတင်ထားသည်။ ဆက်သွယ်ရေးပြတ်တောက်မှုကြောင့် ထိခိုက်ပျက်စီးမှုနှင့် လိုအပ်ချက်များကို အချိန်မီသိရှိရန်၊ ကယ်ဆယ်ရေးအဖွဲ့များအချင်းချင်း ညှိနှိုင်းရန်နှင့် အရေးပေါ်အကူအညီလိုအပ်သူများက ပြင်ပသို့ ဆက်သွယ်ရန် ပိုမိုခက်ခဲခဲ့သည်။

ငလျင်ကြောင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ ဖိုင်ဘာကေဘယ်လ်များနှင့် လျှပ်စစ်ဓာတ်အားပေးစနစ်များ ပျက်စီးခဲ့ခြင်းသည် ဆက်သွယ်ရေးပြတ်တောက်မှု၏ အခြားအကြောင်းရင်းတစ်ခု ဖြစ်သည်။ သို့သော် ယင်းသည် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာသော နည်းပညာပိုင်းပျက်စီးမှုတစ်ခုတည်း မဟုတ်ပေ။ ငလျင်မဖြစ်မီကတည်းက မြန်မာစစ်တပ်က ချမှတ်ထားသော အင်တာနက် ဖြတ်တောက်မှုအမိန့်များ၊ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက် ပိတ်ပင်မှုများနှင့် အခြားဆက်သွယ်ရေး ကန့်သတ်ချက်များသည် ငလျင်ဖြစ်ပြီးနောက်တွင်လည်း ဆက်လက်တည်ရှိနေခဲ့သည်။ ငလျင်လှုပ်ခတ်ပြီး (၄၈) နာရီကျော်အထိ ယင်းကန့်သတ်ချက်များကို မရုပ်သိမ်းသဖြင့် အရေးပေါ်တုံ့ပြန်မှုများကို ညှိနှိုင်းဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံရှိ ဒစ်ဂျစ်တယ်အခွင့်အရေးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပူးတွဲထုတ်ပြန်ခဲ့သည်။[74]

---

72 IOM Myanmar: Earthquake Response Situation Report 01

73 OCHA Myanmar Earthquake Flash Update #1

74 Athan et al., Joint Statement on Internet Shutdown Following the Earthquake

ဤစစ်တမ်း၏ တွေ့ရှိချက်များကလည်း ဆက်သွယ်ရေးဖြတ်တောက်မှု၏ သက်ရောက်မှုသည် စစ်ရေး သတိပေးချက် တမျိုးတည်းကိုသာ ကန့်သတ်မနေကြောင်း ဖော်ပြသည်။ ဖြေဆိုသူ (၂၆) ဦး၊ (၂၀.၀) ရာခိုင်နှုန်းက ဆက်သွယ်ရေး ဖြတ်တောက်မှုကြောင့် ငလျင်နှင့် ရေဘေးကဲ့သို့သော သဘာဝဘေးအန္တရာယ်များဆိုင်ရာ ညွှန်ကြားချက်များ မရရှိခဲ့ကြောင်း ဖြေဆိုထားသည်။ ကျွန်းလှမြို့နယ်မှ ဖြေဆိုသူတစ်ဦးက ဒေသခံကွန်ရက်များသည် "အထိုင်စက်များအသုံးပြုကာ နေ့စဉ် စစ်ရေး၊ လေကြောင်းသတင်းများအပြင်၊ တော်လှန်ရေးအောင်ပွဲများ၊ ရေကြီးရေလျှံသတင်းများကို ကြေညာပေးသဖြင့် အင်တာနက်၊ ဖုန်းလိုင်းရနေသကဲ့သို့ ဆောင်ရွက်ပေးသည်" ဟု ရှင်းပြထားသည်။ ထို့အပြင် ဖြေဆိုသူ (၁၂၅) ဦး၊ (၉၆.၂) ရာခိုင်နှုန်းက မိသားစုဝင်များနှင့် ဆက်သွယ်ရန် သို့မဟုတ် ၎င်းတို့၏ ဘေးကင်းမှုကိုစုံစမ်းရန် အခက်အခဲကြုံခဲ့ရပြီး (၁၀၉) ဦး၊ (၈၃.၈) ရာခိုင်နှုန်းက ဆေးဘက်ဆိုင်ရာ သို့မဟုတ် အရေးပေါ် အကူအညီရယူရန် အခက်အခဲကြုံခဲ့ရကြောင်း ဖြေဆိုထားသည်။[75]

စစ်တမ်းဖြေဆိုမှုများသည် ၂၀၂၅ ခုနှစ် ငလျင်အတွေ့အကြုံတစ်ခုတည်းကို သီးခြားတိုင်းတာထားခြင်း မဟုတ်ပေ။ သို့သော် ငလျင်ဖြစ်စဉ်နှင့် ယှဉ်တွဲကြည့်ပါက ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရခြင်းသည် စစ်ရေးပဋိပက္ခအတွင်း သတင်းအချက်အလက်ရရှိမှုကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ သဘာဝဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အရေးပေါ်အကူအညီတောင်းခံခြင်း၊ မိသားစုဝင်များ၏ ဘေးကင်းမှုကို စုံစမ်းခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကိုပါ ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရသည်။

၅.၄ နယ်မြေထိန်းချုပ်မှု ပြောင်းလဲချိန်တွင် သတင်းအချက်အလက်မပြည့်စုံဘဲ တိမ်းရှောင်ရခြင်း (မတ္တရာ၊ စဉ့်ကူးနှင့် သပိတ်ကျင်း)

၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် မတ္တရာ၊ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်များ၌ နယ်မြေထိန်းချုပ်မှုအတွက် တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။ မြန်မာစစ်တပ်က လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းများနှင့် မြေပြင်စစ်ကြောင်းများကို အသုံးပြု၍ ထိုးစစ်ဆင်လာသဖြင့် နိုဝင်ဘာလ (၁၄) ရက်နေ့အထိ မြို့နယ်သုံးခုမှ ဒေသခံလူဦးရေ (၁၀၀,၀၀၀) ကျော် နေရပ်စွန့်ခွာခဲ့ရကြောင်း ဧရာဝတီသတင်းဌာနက ဖော်ပြထားသည်။ မတ္တရာမြို့နယ်ရှိ ကျေးရွာအများအပြား၊ စဉ့်ကူးမြို့နယ်ရှိ တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများနှင့် သပိတ်ကျင်းမြို့နယ်ရှိ ကျေးရွာအနည်းဆုံး (၃၀) တို့မှ ပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။[76]

[75] Dead Air Survey, 2026

[76] The Irrawaddy, *"မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းမှ လူတစ်သိန်းကျော် စစ်ရှောင်နေရ,"* November 14, 2025

စဉ်ကူးမြို့နယ်ကို မြန်မာစစ်တပ်က နိုဝင်ဘာလ (၂၆) ရက်နေ့မှ စတင်ထိုးစစ်ဆင်ခဲ့ပြီး ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ပြန်လည်ထိန်းချုပ်ခဲ့သည်။ ထိုးစစ်အတွင်း လေကြောင်း၊ ဒရုန်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကို မြေပြင်စစ်ကြောင်းများနှင့် တွဲဖက်အသုံးပြုခဲ့ပြီး မြို့နှင့်အနီးဝန်းကျင်ရှိ ဒေသခံအများစု ထွက်ပြေးခဲ့ကြရသည်။[77] မတ္တရာ၊ စဉ်ကူးနှင့် သပိတ်ကျင်းဒေသများကို မြန်မာစစ်တပ်က ပြန်လည်ထိန်းချုပ်ပြီးနောက် ဒေသခံအနည်းဆုံး (၄၀) ဦး ဖမ်းဆီးခံခဲ့ရပြီး ယင်းတို့အနက် အနည်းဆုံး (၉) ဦး သတ်ဖြတ်ခံခဲ့ရကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ နေရပ်ပြန်လာသူများသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပြန်လည်ထွက်ခွာခွင့် မရခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် ငွေကြေးတောင်းခံခြင်းတို့ကိုလည်း ကြုံတွေ့ခဲ့ရသည်။[78]

ဤမြို့နယ်များမှ စစ်တမ်းဖြေဆိုချက်များက နယ်မြေထိန်းချုပ်မှု ပြောင်းလဲနေချိန်တွင် ဆက်သွယ်ရေး ဖြတ်တောက်ခံရခြင်းသည် ပြည်သူလူထုအနေဖြင့် တိမ်းရှောင်ရန် သို့မဟုတ် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ချက်များအပေါ် မည်သို့သက်ရောက်ခဲ့သည်ကို တိုက်ရိုက်ဖော်ပြထားသည်။ စဉ်ကူးမြို့နယ်မှ ဖြေဆိုသူတစ်ဦးက “သတင်းအချက်အလက်များ မရရှိသည့်အတွက် ဆက်နေရမလား၊ ပြောင်းရမလား စိတ်သောကဖြစ်ခဲ့ရပါတယ်။ နောက်ဆုံးမှာ ICOM ကတစ်ဆင့် ဆက်သွယ်ပြီး အမြန်ပြောင်းရွှေ့စစ်ရှောင်ခဲ့ရပါတယ်” ဟု ဖြေဆိုထားသည်။ အဆိုပါဖြေဆိုသူကပင် အခြားမေးခွန်းတစ်ခုတွင် “စစ်တပ်စစ်ကြောင်း ရောက်ခါနီးမှ အမြန်ရှောင်ရတဲ့အတွက် အရမ်းဒုက္ခရောက်ခဲ့ရပါတယ်” ဟု ဖော်ပြထားသည်။

မတ္တရာမြို့နယ်မှ ဖြေဆိုသူတစ်ဦးကမူ “သေနတ်သံများ ကြားနေရသော်လည်း အကြောင်းအရာ၊ အကွာအဝေး အတိအကျ မသိရသဖြင့် ရှောင်ရှားရန် လိုအပ်မှု ရှိ၊ မရှိ သေချာမသိခဲ့ရပါ” ဟု ဖြေဆိုထားသည်။ သပိတ်ကျင်းမြို့နယ်မှ ဖြေဆိုသူတစ်ဦးကလည်း သတင်းအချက်အလက်မရရှိခြင်း၏ အကျိုးဆက်အဖြစ် “လေကြောင်းတိုက်ခိုက်မှုခံရခြင်း၊ စစ်တပ်ဖမ်းဆီးခံရခြင်း” ကို ဖော်ပြခဲ့သည်။ ယင်းဖြေဆိုချက်များတွင် အန္တရာယ်ရှိကြောင်း သိရှိခြင်းတစ်ခုတည်းနှင့် ဘေးကင်းစွာဆုံးဖြတ်နိုင်ရန် လိုအပ်သော အန္တရာယ်၏တည်နေရာ၊ အကွာအဝေး၊ ရွှေ့လျားလာသည့်လမ်းကြောင်းနှင့် ဘေးလွတ်ရာလမ်းကြောင်းတို့ကို သိရှိခြင်းကြား ကွာခြားချက်ကို တွေ့နိုင်သည်။[79]

စစ်တမ်းတစ်ခုလုံးတွင် ဖြေဆိုသူ (၉၆) ဦး၊ (၇၃.၈) ရာခိုင်နှုန်းက သတင်းအချက်အလက် မရရှိခြင်းသည် ထွက်ပြေးရန်၊ နေရာပြောင်းရွှေ့ရန် သို့မဟုတ် မူလနေရာတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ဖြေဆိုထားသည်။ ထို့အပြင် ဖြေဆိုသူ (၉၂) ဦး၊ (၇၀.၈) ရာခိုင်နှုန်းက လုံခြုံရေးအခြေအနေကြောင့် ဆက်သွယ်ရေးချိတ်ဆက်မှု ရှာဖွေရန်ပင် လက်လျှော့ခဲ့ဖူးကြောင်း ဖြေဆိုထားသည်။ မတ္တရာ၊ စဉ်ကူးနှင့် သပိတ်ကျင်း

[77] Myanmar Now, “NUG *ထိန်းချုပ်ထားသည့် မန္တလေးတိုင်း စဉ်ကူးမြို့ကို စစ်တပ်ပြန်လည်ထိန်းချုပ်,*” December 19, 2025
[78] The Irrawaddy, “Myanmar Junta Unleashes Reign of Terror in Recaptured Mandalay Towns,” January 16, 2026
[79] Dead Air Survey, 2026

မြို့နယ်များမှ အထက်ပါ ဖြစ်စဉ်များက ဆက်သွယ်ရေးဖြတ်တောက်ခံရချိန်တွင် ပြည်သူများအနေဖြင့် မည်သည့် အချိန်၌ နေရပ်စွန့်ခွာရမည်ကို ဆုံးဖြတ်ရန် ခက်ခဲရုံသာမက သတင်းအချက်အလက်ရရှိရန် ဆက်သွယ်ရေးလိုင်းရရှိရာ နေရာများသို့ သွားရောက်ခြင်းသည်ပင် အသက်အန္တရာယ်ရှိလာကြောင်း ဖော်ပြနေသည်။[80]

၅.၅ ဆက်သွယ်ရေးဖြတ်တောက်ခံထားရချိန် အတည်ပြုရန်ခက်ခဲခဲ့သော သေဆုံးမှုစာရင်း (ကသာမြို့၊ မဟာလေးထပ် ဘုန်းတော်ကြီးကျောင်း)

၂၀၂၆ ခုနှစ် မတ်လ (၂၀) ရက်၊ နံနက် (၁၁) နာရီခန့်တွင် စစ်ဘေးရှောင်များ ခိုလှုံနေသည့် ကသာမြို့ ရပ်ကွက် (၃) ရှိ မဟာလေးထပ် ဘုန်းတော်ကြီးကျောင်းကို မြန်မာစစ်တပ်၏ ဂျက်တိုက်လေယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးများ၊ စစ်ဘေးရှောင်များ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ အပါအဝင် အရပ်သား အများအပြား သေဆုံးခဲ့သည်။[81] ဤဖြစ်စဉ်မတိုင်မီ မတ်လ (၉) ရက်တွင် ကသာမြို့၌ MEC ဖုန်းလိုင်း တစ်မျိုးသာအသုံးပြုနိုင်ပြီး အခြားဖုန်းလိုင်းများအားလုံး ဖြတ်တောက်ခံထားရကြောင်း Kachin News Group က ဖော်ပြခဲ့သည်။[82] Myanmar Internet Project ကလည်း ကသာမြို့၏ ဆက်သွယ်ရေးဖြတ်တောက်ခံထားရသည့် အခြေအနေအတွင်း ယခု တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ [83]

တိုက်ခိုက်မှုအပြီး သုံးရက်ကြာသည့်တိုင် သေဆုံးသူအရေအတွက်ကို အတိအကျ မသိရှိနိုင်ခဲ့ပေ။ DVB သတင်းဌာန[84] က အနည်းဆုံး (၁၇) ဦးသေဆုံးပြီး (၂၀) ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း Myanmar Now ကမူ ကနဦးသိရှိရသည့် သေဆုံးသူ (၂၀) ကျော်မှ မတ်လ (၂၃) ရက်အရောက်တွင် အနည်းဆုံး (၅၀) ဦး ရှိနိုင်ကြောင်း ဖော်ပြခဲ့သည်။ နိရဉ္ဇရာသတင်းဌာနက သေဆုံးသူ (၆၀) ထက်မနည်းရှိကြောင်း ဖော်ပြခဲ့ပြီး[85] ACLED က ယင်းဖြစ်စဉ်တွင် အနည်းဆုံး အရပ်သား (၅၀) ဦး သေဆုံးခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[86] ယင်းကွဲပြားနေသည့် ကိန်းဂဏန်းများကြောင့် သေဆုံးသူ (၅၀) မှ (၆၀) ဦးဟု အတည်ပြုကိန်းတစ်ခုအဖြစ် မသတ်မှတ်သင့်ဘဲ အနည်းဆုံး (၁၇) ဦးမှ (၆၀) ကျော်အထိ ကွဲပြားစွာ သတင်းဖော်ပြထားကြောင်းသာ ပိုမိုတိကျစွာ မှတ်ယူနိုင်သည်။


ဘုန်းတော်ကြီးကျောင်းတည်ရှိသည့် ရပ်ကွက် (၃) သည် မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိပြီး တိုက်ခိုက်မှုမှ လွတ်မြောက်လာသူအများစုလည်း ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အချို့ရပ်အလောင်းများမှာ

80 Dead Air Survey, 2026
81 Myanmar Now, *"ကသာမြို့ ဘုန်းကြီးကျောင်း ဗုံးကြဲခံရမှု သေဆုံးသူ ၅၀ နီးပါး ရှိနိုင်,"* March 23, 2026
82 Kachin News Group, *"ကသာမှာ တိုက်ပွဲငြိမ်သက်နေပေမယ့် လက်နက်ကြီးကျည်ပေါက်ကွဲမှုရှိနေ၊ အရပ်သားတစ်ဦးသေဆုံး,"* March 9, 2026
83 Myanmar Internet Project, "Myanmar Digital Coup Quarterly: February 2026–April 2026," May 23, 2026
84 DVB, "Airstrikes Kill 17 at Monastery in Sagaing Region," March 23, 2026
85 *Narinjara, "ကသာမြို့တွင် စစ်ရှောင်များနေသည့် ဘုန်းကြီးကျောင်း ဗုံးကြဲခံရ၍ ၆၀ ထက်မနည်းသေဆုံး," 2026*
86 ACLED, "Asia-Pacific Overview: April 2026"

မီးလောင်ပျက်စီးခဲ့ပြီး အချို့မှာ မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားမရခဲ့ပေ။ မြန်မာစစ်တပ်က ရုပ်အလောင်းအချို့ကို ကျန်တော်သုသာန်သို့ သယ်ဆောင်သွားခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့သော်လည်း အရေအတွက်ကို မသိရှိနိုင်ခဲ့ကြောင်း Myanmar Now သတင်းဌာနက ရေးသားခဲ့သည်။ ထို့အပြင် မြို့အတွင်း တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် သေဆုံးသူများ၏ အမည်နှင့် အရေအတွက်ကို လွတ်လပ်စွာ စုံစမ်းအတည်ပြုရန် ခက်ခဲခဲ့သည်။

ဤဖြစ်စဉ်တွင် ဆက်သွယ်ရေး ဖြတ်တောက်ခံထားရခြင်းသည် သေဆုံးသူစာရင်း အတည်ပြုရန်ခက်ခဲရသည့် တစ်ခုတည်းသော အကြောင်းရင်း မဟုတ်ပေ။ နယ်မြေထိန်းချုပ်ခံထားရခြင်း၊ တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်း၊ အသက်ရှင်လွတ်မြောက်သူများ ထပ်မံတိမ်းရှောင်ရခြင်းနှင့် ရုပ်အလောင်းအချို့ ခွဲခြားမရခြင်းတို့ကပါ သတင်းအချက်အလက် စုဆောင်းခြင်းနှင့် စိစစ်အတည်ပြုနိုင်ခြင်းကို ခက်ခဲစေခဲ့သည့် အကြောင်းအရင်းများအဖြစ် ပါဝင်သည်။ သို့သော် ပုံမှန်ဖုန်းလိုင်းများ ဖြတ်တောက်ခံထားရခြင်းက မျက်မြင်သက်သေများနှင့် ဆက်သွယ်ခြင်း၊ သေဆုံးသူအမည်များ စုဆောင်းခြင်းနှင့် အရေအတွက်ကို သီးခြားရင်းမြစ်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ပိုမိုခက်ခဲစေခဲ့သည်။ ထို့ကြောင့် ကသာဖြစ်စဉ်သည် ဆက်သွယ်ရေးဖြတ်တောက်ခံရခြင်းက တိုက်ခိုက်မှုဆိုင်ရာ ကြုံတင်သတိပေးချက်များကိုသာ ထိခိုက်စေခြင်းသက်သက် မဟုတ်ဘဲ တိုက်ခိုက်မှုအပြီး လူ့အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်းကိုပါ ဟန့်တားစေကြောင်း ဖော်ပြနေသည်။

ပုံ ၅.၁။ အခန်း (၅) ဖြစ်စဉ်လေ့လာချက်များ၏ အချိန်ဇယား (၂၀၂၂–၂၀၂၆)



ရင်းမြစ်။ ။Myanmar Witness၊ UNICEF၊ IIMM၊ AP၊ IOM၊ ဧရာဝတီ၊ DVB၊ Myanmar Now၊ ACLED။

၆။ သုတေသနတွေ့ရှိချက်များအား ဆွေးနွေးသုံးသပ်ခြင်း

အခန်း (၄) တွင် စစ်တမ်းမှရရှိသော အဓိကတွေ့ရှိချက်များကို တင်ပြခဲ့ပြီး အခန်း (၅) တွင် ယင်းတွေ့ရှိချက်များကို လက်တွေ့ဖြစ်စဉ်များနှင့် ဆက်စပ်လေ့လာခဲ့သည်။ ယခုအခန်းတွင် ယင်းအထောက်အထားများကို ပြန်လည်ဖော်ပြရုံသာမက တွေ့ရှိချက်တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေသည်၊ ဆက်သွယ်ရေး ဖြတ်တောက်ခံထားရခြင်းက လူထု၏ သတင်းအချက်အလက်ရရှိမှု၊ ဘေးအန္တရာယ်ကြိုတင်သတိပေးနိုင်မှုနှင့် နေ့စဉ်ဘဝအပေါ် မည်သို့သက်ရောက်နေသည်တို့ကို ဆွေးနွေးသုံးသပ်ထားသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး ဖြတ်တောက်မှုများကို ကာလတို၊ ကာလရှည်နှင့် သတ်မှတ်ထားသော အချိန်ကာလအလိုက် ဖြတ်တောက်သည့် ပုံစံများအဖြစ် ယခင်သုတေသနများက ခွဲခြားဖော်ပြထားပြီး ဖြစ်သည်။[87] ဤသုတေသန၏ အဓိကပါဝင်မှုမှာ ယင်းဖြတ်တောက်မှုပုံစံများကို ထပ်မံခွဲခြားသတ်မှတ်ခြင်း မဟုတ်ဘဲ ဖြတ်တောက်မှုပုံစံမျိုးစုံကို ဒေသခံပြည်သူများက မည်သို့ ထပ်ဆင့်ကြုံတွေ့နေရသည်နှင့် ယင်းအခြေအနေအောက်တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရေးကို မည်သို့ပြန်လည်တည်ဆောက်ထားကြသည်ကို စစ်တမ်းအထောက်အထားဖြင့် ဖော်ပြနိုင်ခြင်း ဖြစ်သည်။

ပုံမှန်ဖုန်းနှင့် အင်တာနက်ကွန်ရက်များကို အားကိုး၍မရတော့သည့်နောက် ဒေသခံပြည်သူများသည် ICOM စကားပြောစက်များ၊ မျှဝေသုံးစွဲရသော ဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုများ၊ ရပ်ရွာသတိပေးကွန်ရက်များနှင့် လူအချင်းချင်း သတင်းဆင့်ပွားမှုတို့ကို ပေါင်းစပ်၍ အစားထိုးဆက်သွယ်ရေးစနစ်တစ်ရပ်ကို တည်ဆောက်ထားကြသည်။ သို့သော် ပုံမှန်ကွန်ရက်များသာမက ယင်းအစားထိုးနည်းလမ်းများကိုပါ စစ်ရေးအရ ကန့်သတ်ခြင်း၊ ဝန်ဆောင်မှုရပ်ဆိုင်းခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေသည်။ ထို့ကြောင့် အစားထိုးဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင်မှုသည် စက်ပစ္စည်းနှင့် ငွေကြေးရှိမှု၊ နေထိုင်ရာဒေသ၏ ပထဝီအနေအထား၊ ရပ်ရွာကွန်ရက်၏ အားကောင်းမှုနှင့် လမ်းခရီးလုံခြုံရေးတို့အပေါ် မူတည်နေသည်။

ဤအခန်းတွင် ဒေသခံပြည်သူများက ဆက်သွယ်ရေးဖြတ်တောက်မှု ပုံစံမျိုးစုံကို ထပ်ဆင့်ကြုံတွေ့နေရသည့် အခြေအနေ၊ ပြည်သူများကိုယ်တိုင် တည်ဆောက်ထားသည့် အစားထိုးဆက်သွယ်ရေးစနစ်၊ ရပ်ရွာအခြေပြု အရေး

[87] Athan, "Internet Access Amid Darkness and Lives Amid Threats," May 13, 2022

ပေါ်သတိပေးရေးစနစ်များနှင့် ယင်းတို့၏ အကန့်အသတ်များ၊ ထို့ပြင် ဆက်သွယ်ရေးဖြတ်တောက်မှုကြောင့် ပြည်သူများ ရင်ဆိုင်နေရသည့် ကုန်ကျစရိတ်နှင့် အန္တရာယ်များကို အဝိုင်းလိုက် ဆွေးနွေးသုံးသပ်ထားသည်။

၆.၁ ဆက်သွယ်ရေးဖြတ်တောက်မှု ပုံစံမျိုးစုံကို ထပ်ဆင့်ကြုံတွေ့နေရသည့် ဒေသခံပြည်သူများ

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်ခဲ့သော ဆက်သွယ်ရေးဖြတ်တောက်မှုများကို ကာလတို၊ ကာလရှည်နှင့် သတ်မှတ်ထားသော အချိန်ကာလအလိုက် ဖြတ်တောက်သည့်ပုံစံများအဖြစ် ယခင်သုတေသနများက ခွဲခြားဖော်ပြထားပြီး ဖြစ်သည်။[88] အင်တာနက်အမြန်နှုန်းလျော့ချခြင်း၊ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်များကို ပိတ်ပင်ခြင်း၊ အသုံးပြုခတိုးမြှင့်ခြင်းတို့ကိုလည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိမှုအား ကန့်သတ်သည့် နည်းလမ်းများအဖြစ် မှတ်တမ်းတင်ထားသည်။[89] ဤသုတေသနသည် ယင်းပုံစံများကို ထပ်မံခွဲခြားသတ်မှတ်ခြင်းမဟုတ်ဘဲ ဆက်သွယ်ရေးကန့်သတ်မှု အမျိုးမျိုးကို စစ်တမ်းကောက်ယူခဲ့သည့် ဒေသခံပြည်သူများက မည်သို့ထပ်ဆင့်ကြုံတွေ့နေရသည်ကို ဖော်ပြနိုင်ခြင်းဖြစ်သည်။

စစ်တမ်းဖြေဆိုသူ (၁၃၀) ဦး၊ အနက် (၁၂၀) ဦး၊ သို့မဟုတ် (၉၂.၃) ရာခိုင်နှုန်းသည် ယုံကြည်စိတ်ချရသော ပုံမှန်ဆက်သွယ်ရေးကွန်ရက်ကို အသုံးမပြုနိုင်ကြောင်း ဖြေဆိုခဲ့ကြသည်။ ဆက်သွယ်ရေးဖြတ်တောက်ခံရသည့် အကြောင်းရင်းကိုမေးမြန်းရာတွင် ဖြေဆိုသူများအား အဖြေတစ်ခုထက်ပို၍ ရွေးချယ်ခွင့်ပေးထားသည်။ ဖြေဆိုသူ (၆၆) ဦး၊ သို့မဟုတ် (၅၀.၈) ရာခိုင်နှုန်းက ဒေသခံလူထုသည် တော်လှန်ရေးကို ထောက်ခံသောကြောင့် ဆက်သွယ်ရေးဖြတ်တောက်ခံရသည်ဟု နားလည်ထားကြသည်။ ဖြေဆိုသူ (၃၁) ဦး၊ သို့မဟုတ် (၂၃.၈) ရာခိုင်နှုန်းက တာဝါတိုင်နှင့် ဆက်သွယ်ရေးလိုင်းများ ပျက်စီးနေခြင်းကို ရွေးချယ်ခဲ့ပြီး (၂၁) ဦး၊ သို့မဟုတ် (၁၆.၂) ရာခိုင်နှုန်းက စစ်ဆင်ရေးမပြုလုပ်မီ ကြိုတင်ဖြတ်တောက်ခြင်း၊ (၁၆) ဦး၊ သို့မဟုတ် (၁၂.၃) ရာခိုင်နှုန်းက စစ်ဆင်ရေးဖြစ်ပွားနေစဉ် ဖြတ်တောက်ခြင်း ဖြစ်သည်ဟု ဖြေဆိုခဲ့ကြသည်။[90]

ယင်းဖြေဆိုချက်များသည် ဆက်သွယ်ရေးဖြတ်တောက်မှုတိုင်း၏ အကြောင်းရင်းနှင့် လုပ်ဆောင်သူကိုသာသီးခြားသက်သေပြခြင်း မဟုတ်ပေ။ သို့သော် စစ်တမ်းပြုလုပ်ခဲ့ရာ ဒေသတစ်ခုလုံးတွင် ဆက်သွယ်ရေးဆုံးရှုံးရသည့် အကြောင်းရင်း တစ်မျိုးတည်းသာ ရှိနေခြင်းမဟုတ်ကြောင်း ဖော်ပြနေသည်။ အချို့နေရာများတွင် မြန်မာစစ်တပ် ထိန်းချုပ်ထားသည့် သမရိုးကျဖုန်းနှင့် အင်တာနက်ကွန်ရက်များ ဖြတ်တောက်ခံထားရပြီး အချို့နေရာများတွင် တိုက်ပွဲ

88 Athan, "Internet Access Amid Darkness and Lives Amid Threats," May 13, 2022
89 Athan, "Disconnections and Vanishing Rights," March 28, 2023
90 Dead Air Survey, 2026

ကြောင့် တာဝါတိုင်နှင့် ဆက်သွယ်ရေးလိုင်းများ ပျက်စီးနေသည်။ အချို့ဒေသများတွင် စစ်ရေးလုံခြုံမှု အကြောင်းပြချက်ဖြင့် တော်လှန်ရေးအဖွဲ့များက အများပြည်သူအသုံးပြုသည့် Starlink ဝန်ဆောင်မှုများကို ယာယီကန့်သတ်ခဲ့ကြသည်။ ထို့အပြင် Starlink ဝန်ဆောင်မှုအစီအစဉ်နှင့် နယ်မြေအလိုက်အသုံးပြုခွင့်ဆိုင်ရာ ကုမ္ပဏီ၏ ဆုံးဖြတ်ချက်များကြောင့်လည်း အသုံးပြုနေသည့်စက်များ ဝန်ဆောင်မှုရပ်ဆိုင်းခံခဲ့ရသည်။[91]

ထို့ကြောင့် ဒေသခံပြည်သူများ ကြုံတွေ့နေရသည့်အခြေအနေမှာ ပုံမှန် မိုဘိုင်းကွန်ရက်တစ်မျိုးတည်း ဖြတ်တောက်ခံရခြင်း မဟုတ်ပေ။ ပုံမှန်ဖုန်းနှင့် အင်တာနက်ကွန်ရက်ကို အသုံးမပြုနိုင်သည့်အခါ ဂြိုဟ်တုအင်တာနက်ကို အစားထိုးအသုံးပြုကြရပြီး ထိုအစားထိုးဝန်ဆောင်မှုကိုလည်း စစ်ရေးအရ ယာယီကန့်သတ်ခြင်း၊ ကုမ္ပဏီက ဝန်ဆောင်မှုရပ်ဆိုင်းခြင်း သို့မဟုတ် စျေးနှုန်းတိုးမြှင့်ခြင်းတို့ ထပ်မံဖြစ်ပေါ်နေသည်။ ဆက်သွယ်ရေး နည်းလမ်းတစ်ခုပြန်လည်ရရှိလာသည့်တိုင် မည်မျှကြာကြာအသုံးပြုနိုင်မည်နှင့် မည်သည့်အချိန်တွင် ပြန်လည်ဖြတ်တောက်ခံရမည်ကို မခန့်မှန်းနိုင်သည့်အခြေအနေ ဖြစ်နေသည်။

ဤသုတေသန၏ အဓိကတွေ့ရှိချက်မှာ ကာလတိုနှင့် ကာလရှည်ဖြတ်တောက်မှုများ ရှိနေကြောင်း ထပ်မံအတည်ပြုခြင်းမဟုတ်ပေ။ ပုံမှန်ဆက်သွယ်ရေးကွန်ရက်၊ အစားထိုးဂြိုဟ်တုအင်တာနက်နှင့် ရပ်ရွာအတွင်း သတင်းဖြန့်ဝေရေးလမ်းကြောင်းများသည် မတူညီသော အကြောင်းရင်းများကြောင့် တစ်ခုပြီးတစ်ခု ကန့်သတ်ခံနေရပြီး ယင်းကန့်သတ်မှုများ၏ စုပေါင်းသက်ရောက်မှုကို ဒေသခံပြည်သူများက ခံစားနေရခြင်းဖြစ်သည်။ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုတည်းကို ယုံကြည်အားထား၍မရတော့သည့်အတွက် ဒေသခံများသည် ရရှိနိုင်သော နည်းလမ်းမျိုးစုံကို ပေါင်းစပ်ထားသည့် အစားထိုးဆက်သွယ်ရေးစနစ်တစ်ရပ်ကို ကိုယ်တိုင်တည်ဆောက်လာခဲ့ကြသည်။

၆.၂ ပြည်သူများကိုယ်တိုင် တည်ဆောက်ထားသည့် အစားထိုးဆက်သွယ်ရေးစနစ်

ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုထက်ပို၍ ဖြတ်တောက်ခံနေရသည့်အခြေအနေကို ဒေသခံပြည်သူများက ဆက်သွယ်ရေးနည်းလမ်းတစ်မျိုးတည်းဖြင့် အစားထိုးဖြေရှင်းထားခြင်း မဟုတ်ပေ။ လက်ကိုင်အပြန်အလှန် ရေဒီယို စကားပြောစက်များ၊ ဂြိုဟ်တုအင်တာနက်၊ ရပ်ရွာကြေညာရေး၊ အသံချဲ့စက်များနှင့် လူအချင်းချင်း သတင်းဆင့်ပွားမှုတို့ကို လိုအပ်ချက်အလိုက် ပေါင်းစပ်အသုံးပြုသည့် အစားထိုးဆက်သွယ်ရေးစနစ်တစ်ရပ်ကို တည်ဆောက်ထားကြသည်။ ယင်းစနစ်သည် ပုံမှန်ဆက်သွယ်ရေး ကွန်ရက်တစ်ခုကို နည်းပညာတစ်မျိုးတည်းဖြင့် အစားထိုးထားခြင်းမဟုတ်ဘဲ ပြင်ပမှသတင်းရယူခြင်း၊ ရပ်ရွာတစ်ခုမှတစ်ခုသို့ ပေးပို့ခြင်းနှင့် ရပ်ရွာအတွင်း ဖြန့်ဝေခြင်းတို့ကို မတူညီသော နည်းလမ်းများဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

91 Athan, "State of Freedom of Expression in Myanmar, July 2026," August 17, 2026

ဖြေဆိုသူ (၇၄) ဦး၊ သို့မဟုတ် (၅၆.၉) ရာခိုင်နှုန်းက ဆက်သွယ်ရေးမဖြတ်တောက်မီ ကာလများတွင် မိုဘိုင်းအင်တာနက်ကို အဓိကထားအသုံးပြုခဲ့ပြီး (၆၅) ဦး၊ သို့မဟုတ် (၅၀) ရာခိုင်နှုန်းက လူမှုကွန်ရက်များမှ သတင်းအချက်အလက် ရယူခဲ့ကြသည်။ လက်ကိုင်အပြန်အလှန် ရေဒီယိုစကားပြောစက်များကို အသုံးပြုသူမှာ (၂၇) ဦး၊ သို့မဟုတ် (၂၀.၈) ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ဆက်သွယ်ရေးဖြတ်တောက်ခံရပြီးနောက် ICOM စကားပြောစက်အသုံးပြုသူမှာ (၁၀၆) ဦး၊ သို့မဟုတ် (၈၁.၅) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ဂြိုဟ်တုအင်တာနက်အသုံးပြုသူမှာ (၇၉) ဦး၊ သို့မဟုတ် (၆၀.၈) ရာခိုင်နှုန်းရှိလာခဲ့သည်။ ထို့အပြင် ဖြေဆိုသူ (၃၃) ဦး၊ သို့မဟုတ် (၂၅.၄) ရာခိုင်နှုန်းက ဆက်သွယ်ရေးလိုင်းရရှိသည့်နေရာများသို့ သွားရောက်ကြပြီး (၂၆) ဦး၊ သို့မဟုတ် (၂၀) ရာခိုင်နှုန်းက ရပ်ရွာခေါင်းဆောင်များ၏ ကြေညာချက်များမှ သတင်းရယူခဲ့ကြသည်။[92]

ယင်းနည်းလမ်းများသည် တစ်ခုနှင့်တစ်ခု သီးခြားလုပ်ဆောင်နေခြင်း မဟုတ်ပေ။ ဂြိုဟ်တုအင်တာနက်က ပုံမှန်ဖုန်းနှင့် အင်တာနက်ကွန်ရက်ပြင်ပမှ သတင်းအချက်အလက်ရယူနိုင်စေပြီး ICOM စကားပြောစက်များက ရရှိလာသော သတင်းများနှင့် အရေးပေါ်သတိပေးချက်များကို ကျေးရွာတစ်ရွာမှတစ်ရွာသို့ လျင်မြန်စွာ ဆင့်ပွားပေးပို့နိုင်စေသည်။ ရပ်ရွာအသံချဲ့စက်များ၊ ကင်းသမားများနှင့် လူအချင်းချင်း သတင်းပေးပို့မှုတို့က ICOM သို့မဟုတ် အင်တာနက်ကို ကိုယ်တိုင်အသုံးမပြုနိုင်သူများထံ သတင်းရောက်ရှိစေရန် ဆက်လက်ဖြန့်ဝေပေးကြသည်။ ထို့ကြောင့် အစားထိုးဆက်သွယ်ရေးစနစ်၏ လုပ်ဆောင်နိုင်မှုသည် စက်ပစ္စည်းတစ်မျိုးတည်းအပေါ်တွင် မူတည်နေခြင်းမဟုတ်ဘဲ နည်းပညာနှင့် လူမှုဆက်ဆံရေးကွန်ရက်တို့ ပေါင်းစပ်လုပ်ဆောင်နိုင်မှုအပေါ် မူတည်နေသည်။

ပုံမှန်မိုဘိုင်းကွန်ရက်ကို အသုံးပြုစဉ်က ဖုန်းပိုင်ရှင်တစ်ဦးချင်းစီသည် သတင်းအချက်အလက်ကို တိုက်ရိုက်ရယူနိုင်ခဲ့ကြသော်လည်း လက်ရှိအစားထိုးစနစ်တွင် လူအများစုက ဆက်သွယ်ရေးစက်ပစ္စည်း ပိုင်ရှင်များနှင့် ဝန်ဆောင်မှုပေးသူများကို အားထားနေရသည်။ ဖြေဆိုသူ (၁၂၇) ဦးအနက် ကိုယ်ပိုင် Starlink စက်ကို အသုံးပြုသူမှာ (၁၄) ဦး၊ သို့မဟုတ် (၁၁) ရာခိုင်နှုန်းသာရှိသည်။ အခြားသူများက စီးပွားဖြစ် Starlink ဆိုင်များ၊ ရပ်ရွာအများသုံးချိတ်ဆက်နေရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အိမ်နီးချင်းများနှင့် တော်လှန်ရေးအဖွဲ့များပိုင် စက်များမှတစ်ဆင့် အင်တာနက်ကို အသုံးပြုကြရသည်။ ထို့ကြောင့် ဆက်သွယ်ရေးရရှိမှုသည် တစ်ဦးချင်းပိုင်ဆိုင်အသုံးပြုနိုင်မှုမှ အခြားသူတစ်ဦး သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းတစ်ခုက ကြားခံပေးမှသာ အသုံးပြုနိုင်သည့် ပုံစံသို့ ပြောင်းလဲသွားခဲ့သည်။

ယင်းအခြေအနေသည် ပြည်သူများ၏ လိုက်လျောညီထွေနေထိုင်နိုင်မှုနှင့် ရပ်ရွာအတွင်း ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပြနေသော်လည်း အစားထိုးဆက်သွယ်ရေးစနစ်သည် ပုံမှန်ကွန်ရက်နှင့် တန်းတူသော ဝန်ဆောင်မှုတစ်ခုဖြစ်လာပြီဟု မဆိုနိုင်ပေ။ စနစ်ကို အသုံးပြုနိုင်ရန် စက်ပစ္စည်းပိုင်ရှင်များ၊ ဆိုင်များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် သတင်း

[92] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

ဆင့်ပွားပေးသူများကို အားထားရသောကြောင့် သတင်းရရှိနိုင်မှုသည် လူတစ်ဦးချင်းစီ၏ အခွင့်အရေးတစ်ရပ်ထက် မိမိနေထိုင်ရာ ရပ်ရွာ၏ စက်ပစ္စည်း၊ ငွေကြေးနှင့် လူမှုကွန်ရက်အပေါ် မူတည်လာသည်။ ထို့ကြောင့် အစားထိုးဆက်သွယ်ရေးစနစ်၏ အသက်ကယ်နိုင်မှုကို ဆွေးနွေးရာတွင် ယင်းစနစ်က မည်သူများထံ အချိန်မီရောက်ရှိနိုင်သည်နှင့် မည်သူများထံ မရောက်ရှိနိုင်သေးသည်ကိုလည်း တစ်ပြိုင်နက် စဉ်းစားရန်လိုသည်။

၆.၃ ရပ်ရွာအခြေပြု အရေးပေါ်သတိပေးရေးစနစ်များနှင့် ယင်းတို့၏ အကန့်အသတ်များ

ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရသည့် ဒေသများတွင် အရေးပေါ်သတိပေးချက်များ ဖြန့်ဝေရာ၌ နည်းပညာတစ်မျိုးတည်းကိုသာ အားထားနေရခြင်းမဟုတ်ဘဲ လူအချင်းချင်း ဆင့်ကဲပေးပို့သည့် ရပ်ရွာကွန်ရက်များက အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရချိန်တွင် အန္တရာယ်အကြောင်းသိရှိရသည့် နည်းလမ်းများအဖြစ် ဖြေဆိုသူ (၈၁) ဦး၊ သို့မဟုတ် (၆၂.၃) ရာခိုင်နှုန်းက လူတစ်ဦးမှ တစ်ဦးသို့ တစ်ဆင့်စကားတစ်ဆင့်နား ပြောဆိုခြင်းကို ရွေးချယ်ခဲ့ပြီး (၆၁) ဦး၊ သို့မဟုတ် (၄၆.၉) ရာခိုင်နှုန်းက ရပ်ရွာသတိပေးကွန်ရက်များကို အားထားရကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် (၂၇) ဦး၊ သို့မဟုတ် (၂၀.၈) ရာခိုင်နှုန်းက သတ်မှတ်တာဝန်ပေးထားသော ကင်းသမားများ သို့မဟုတ် စောင့်ကြည့်သူများထံမှ သတင်းရရှိကြောင်း ဖော်ပြခဲ့သည်။ ယင်းအချက်များအရ ICOM စကားပြောစက်မှ ရရှိလာသော သတင်းသည် လူတစ်ဦးထံတွင် ရပ်တန့်မနေဘဲ ရပ်ရွာအတွင်းရှိ အခြားသူများထံ ဆင့်ကဲရောက်ရှိသွားသည့် သတိပေးရေးစနစ်တစ်ရပ် ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။[93]

သို့သော် ရပ်ရွာအခြေပြု သတိပေးရေးစနစ်များ ရှိနေခြင်းသည် လူတိုင်း ကြိုတင်သတိပေးချက် ရရှိနေသည်ဟု မဆိုလိုပေ။ ဖြေဆိုသူ (၅၁) ဦး၊ သို့မဟုတ် (၃၉.၂) ရာခိုင်နှုန်းက လေယာဉ်သံ သို့မဟုတ် သေနတ်ပစ်ခတ်သံကို ကိုယ်တိုင်ကြားမှသာ အန္တရာယ်ကို သိရှိရကြောင်း ဖြေဆိုခဲ့ပြီး (၁၀) ဦး၊ သို့မဟုတ် (၇.၇) ရာခိုင်နှုန်းက ယုံကြည်စိတ်ချရသော မည်သည့်နည်းလမ်းမျှ မရှိကြောင်း ဖော်ပြခဲ့သည်။ တိုက်ခိုက်မှုအသံကို ကိုယ်တိုင်ကြားရခြင်းသည် ကြိုတင်သတိပေးချက် မဟုတ်ဘဲ အန္တရာယ် စတင်နေပြီဖြစ်ကြောင်း သိရှိလိုက်ရခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အရေးပေါ်သတိပေးရေးကွန်ရက်များ၏ လွှမ်းခြုံမှု ပြင်ပတွင် ကျန်ရှိနေသူများအတွက် ကြိုတင်ရှောင်ရှားနိုင်သည့် အချိန်အနည်းငယ်သာ ရှိနိုင်သည် သို့မဟုတ် လုံးဝမရှိနိုင်ပေ။

သတိပေးချက်များ အချိန်မီရရှိမှုကို တိုက်ရိုက်မေးမြန်းရာ ဖြေဆိုသူ (၆၀) ဦး၊ သို့မဟုတ် (၄၆.၂) ရာခိုင်နှုန်းကသာ အချိန်မီရရှိကြောင်း ဖြေဆိုခဲ့သည်။ (၄၂) ဦး၊ သို့မဟုတ် (၃၂.၃) ရာခိုင်နှုန်းက မသေချာကြောင်းနှင့် (၂၆) ဦး၊

[93] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

သို့မဟုတ် (၂၀) ရာခိုင်နှုန်းက အချိန်မီမရရှိကြောင်း ဖြေဆိုခဲ့သည်။ ယင်းနှစ်အုပ်စုပေါင်း (၆၈) ဦး၊ သို့မဟုတ် (၅၂.၃) ရာခိုင်နှုန်းရှိသဖြင့် ဖြေဆိုသူ ထက်ဝက်ကျော်သည် သတိပေးချက်ရရှိမှုကို အပြည့်အဝ အားကိုးနိုင်သည့်အခြေအနေတွင် မရှိကြောင်း တွေ့ရသည်။ ကြိုတင်သတိပေးချိန်နှင့်ပတ်သက်၍လည်း (၆၈) ဦး၊ သို့မဟုတ် (၅၂.၃) ရာခိုင်နှုန်းက အကြိမ်တိုင်း ကွဲပြားကြောင်း ဖြေဆိုခဲ့ပြီး (၂၉) ဦး၊ သို့မဟုတ် (၂၂.၃) ရာခိုင်နှုန်းက (၁၅) မိနစ်ခန့်နှင့် (၂၁) ဦး၊ သို့မဟုတ် (၁၆.၂) ရာခိုင်နှုန်းက (၁၅) မိနစ်မှ (၃၀) မိနစ်အတွင်းသာ ကြိုတင်သိရှိရကြောင်း ဖော်ပြခဲ့သည်။ ဖြေဆိုသူ (၆) ဦးကမူ ကြိုတင်သတိပေးချက် လုံးဝမရရှိကြောင်း ဖြေဆိုခဲ့သည်။[94]

ဒေသခံပညာရေးအဖွဲ့ဦးဆောင်သူတစ်ဦး၏ ပြောကြားချက်အရ ICOM စကားပြောစက်များကို ရွာအသံချဲ့စက်များနှင့် ချိတ်ဆက်အသုံးပြုသည့် နေရာများတွင် သတင်းတစ်ခုတည်းကို ရွာတစ်ရွာလုံးထံ လျင်မြန်စွာ ဖြန့်ဝေနိုင်သည်။ အလားတူ မောင်းသူမဲ့လေယာဉ် သို့မဟုတ် မြေပြင်စစ်ကြောင်းတစ်ခု၏ လမ်းကြောင်းကို နေရာအလိုက် ICOM အသုံးပြုသူများက ဆင့်ကဲသတင်းပေးခြင်းဖြင့် လမ်းကြောင်းပေါ်ရှိ ရပ်ရွာများက ကြိုတင်ရှောင်ရှားနိုင်ကြသည်။ သို့သော် လျင်မြန်စွာရောက်ရှိလာသော တိုက်လေယာဉ်များအတွက်မူ သတင်းရရှိချိန်နှင့် တုံ့ပြန်နိုင်ချိန် အလွန်တိုတောင်းနိုင်သည်။ ထို့ပြင် ICOM စကားပြောစက်များနှင့် အသံချဲ့စက်များ မရှိသည့်နေရာများ၊ ကင်းစောင့်သူနှင့် သတင်းဖြန့်ဝေမည့်သူ မရှိသည့်နေရာများတွင် ယင်းစနစ်၏ လွှမ်းခြုံနိုင်မှု အားနည်းနေဆဲဖြစ်သည်။[95]

ထို့ကြောင့် ရပ်ရွာအခြေပြု အရေးပေါ်သတိပေးရေးစနစ်များသည် ဆက်သွယ်ရေးဖြတ်တောက်ခံ ထားရသည့် အခြေအနေအောက်တွင် အသက်ဘေးအန္တရာယ် ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်သော အစားထိုးစနစ်ဖြစ်သော်လည်း လူတိုင်းအတွက် တပြေးညီရရှိနိုင်သော စနစ်တစ်ရပ် မဖြစ်သေးပေ။ သတိပေးချက်ရရှိနိုင်မှုသည် ICOM စကားပြောစက်များနှင့် အသံချဲ့စက်များ ရရှိမှု၊ ကင်းစောင့်သူများနှင့် သတင်းဖြန့်ဝေသူများရှိမှု၊ ရပ်ရွာအတွင်း ချိတ်ဆက်ညှိနှိုင်းထားနိုင်မှုနှင့် ငွေကြေးထည့်ဝင်နိုင်မှုတို့အပေါ် မူတည်နေသည်။ ရပ်ရွာများက မိမိတို့၏ လုံခြုံရေးအတွက် စနစ်တစ်ရပ်ကို တည်ဆောက်ထားနိုင်သော်လည်း ယင်းစနစ်၏ ဟာကွက်များကြောင့် အချို့သောပြည်သူများသည် သတိပေးချက် နောက်ကျမှရရှိခြင်း သို့မဟုတ် လုံးဝမရရှိခြင်းတို့ကို ဆက်လက်ကြုံတွေ့နေရသည်။

94 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

95 ဒေသခံပညာရေးအဖွဲ့ဦးဆောင်သူနှင့် အင်တာဗျူး, 2026

၆.၄ ဆက်သွယ်ရေးဖြတ်တောက်မှုကြောင့် ပြည်သူများ ရင်ဆိုင်နေရသည့် ကုန်ကျစရိတ်နှင့် အန္တရာယ်များ

ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံရခြင်းကြောင့် ပုံမှန်ဝန်ဆောင်မှုများ ပျောက်ကွယ်သွားသော်လည်း ပြည်သူများ၏ ဆက်သွယ်ရန်နှင့် သတင်းအချက်အလက်ရယူရန် လိုအပ်ချက်မှာ ပျောက်ကွယ်မသွားပေ။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဒေသခံပြည်သူများသည် ICOM စကားပြောစက်များ ဝယ်ယူခြင်း၊ ဂြိုဟ်တုအင်တာနက် အသုံးပြုခ ပေးဆောင်ခြင်း၊ ဆက်သွယ်ရေးလိုင်းရရှိသည့် နေရာများသို့ သွားရောက်ခြင်းနှင့် ရပ်ရွာအခြေပြု ကွန်ရက်များကို ထောက်ပံ့ခြင်းတို့ ပြုလုပ်နေရသည်။ ထို့ကြောင့် ဆက်သွယ်ရေးဖြတ်တောက်မှု၏ ဝန်ထုပ်ဝန်ပိုးကို ငွေကြေးကုန်ကျမှုတစ်မျိုးတည်းဖြင့် တိုင်းတာ၍မရဘဲ အချိန်ကုန်ဆုံးမှု၊ ခရီးသွားလာမှုနှင့် လုံခြုံရေးအန္တရာယ်တို့နှင့်ပါ ပေါင်းစပ်စဉ်းစားရန် လိုအပ်သည်။

ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရပြီးနောက် ကုန်ကျစရိတ်ပြောင်းလဲမှုကို မေးမြန်းရာ ဖြေဆိုသူ (၁၃၀) ဦးအနက် (၈၈) ဦး၊ သို့မဟုတ် (၆၇.၇) ရာခိုင်နှုန်းက ယခင်ထက် ကုန်ကျစရိတ် တိုးလာကြောင်း ဖြေဆိုခဲ့သည်။ ယင်းတို့အနက် ဖြေဆိုသူ (၄၇) ဦး၊ သို့မဟုတ် စုစုပေါင်းဖြေဆိုသူများ၏ (၃၆.၂) ရာခိုင်နှုန်းသည် ယခင်ကထက် အနည်းဆုံး သုံးဆပိုမိုကုန်ကျနေပြီး (၂၃) ဦး၊ သို့မဟုတ် (၁၇.၇) ရာခိုင်နှုန်းက ငါးဆနှင့်အထက် တိုးလာကြောင်း ဖော်ပြခဲ့သည်။ ကုန်ကျစရိတ်မတိုးလာကြောင်း ဖြေဆိုသူ (၃၇) ဦးနှင့် မသေချာကြောင်း သို့မဟုတ် မဖြေလိုကြောင်း ဖော်ပြသူ (၅) ဦးရှိသည်။[96]

သို့သော် ကုန်ကျစရိတ် မတိုးလာကြောင်း ဖြေဆိုခြင်းကို ဆက်သွယ်ရေးလက်လှမ်းမီမှု ကောင်းမွန်နေသည်ဟု တိုက်ရိုက်ကောက်ချက်ချ၍ မရပေ။ အချို့ဖြေဆိုသူများသည် အဖွဲ့အစည်းများ သို့မဟုတ် ရပ်ရွာအများသုံးနေရာများမှ အခမဲ့ဝန်ဆောင်မှု ရရှိနေကြသော်လည်း ယင်းဝန်ဆောင်မှုများ ဆက်လက်ထောက်ပံ့ပေးနေသရွေ့သာ အသုံးပြုနိုင်မည် ဖြစ်သည်။ အခြားသူများအတွက်မူ ကုန်ကျစရိတ် မပေးနိုင်ခြင်းသည် စရိတ်သက်သာသွားခြင်းမဟုတ်ဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုကို အသုံးမပြုနိုင်တော့ခြင်း ဖြစ်နိုင်သည်။ ကျွန်းလှမြို့နယ်မှ ဖြေဆိုသူတစ်ဦးက “အင်တာနက်အတွက် မည်သူမျှ ပင်ပန်းခံမသုံးကြသဖြင့် သတင်းအချက်အလက်မရရှိကြ” ဟု ဖော်ပြထားခြင်းက ယင်းအခြေအနေကို ထင်ဟပ်နေသည်။[97]

[96] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

[97] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

ဆက်သွယ်ရေးအတွက် ပေးဆပ်ရသည့် အခြားကုန်ကျစရိတ်တစ်ခုမှာ ခရီးသွားရသည့်အချိန်နှင့် လမ်းခရီး အန္တရာယ်ဖြစ်သည်။ ဆက်သွယ်ရေးလိုင်းရရှိသည့်နေရာသို့ သွားရောက်ရန် ကြာချိန်ကို ဖြေဆိုခဲ့သူ (၁၁၄) ဦးအနက် (၅၁) ဦး၊ သို့မဟုတ် (၄၄.၇) ရာခိုင်နှုန်းက အသွားတစ်ကြောင်းတည်းအတွက် (၂) နာရီနှင့်အထက် ကြာမြင့်ကြောင်း ဖော်ပြခဲ့သည်။ ဆက်သွယ်ရေးလိုင်းရှာဖွေရန် သွားလာရာ၌ ကြုံတွေ့ရသည့် အတားအဆီးများအဖြစ် ဖြေဆိုသူ (၇၃) ဦး၊ သို့မဟုတ် (၅၆.၂) ရာခိုင်နှုန်းက မြစ်၊ ချောင်းနှင့် တောင်တန်းကဲ့သို့သော သဘာဝအတားအဆီးများကို ရွေးချယ်ခဲ့သည်။ ထို့အပြင် (၃၄) ဦး၊ သို့မဟုတ် (၂၆.၂) ရာခိုင်နှုန်းက တော်လှန်ရေးတပ်ဖွဲ့များ၏ စစ်ဆေးရေးဂိတ်များ၊ (၂၄) ဦး၊ သို့မဟုတ် (၁၈.၅) ရာခိုင်နှုန်းက မြန်မာစစ်တပ်၏ စစ်ဆေးရေးဂိတ်များနှင့် (၂၂) ဦး၊ သို့မဟုတ် (၁၆.၉) ရာခိုင်နှုန်းက လမ်းတစ်လျှောက် တိုက်ပွဲဖြစ်ပွားနေသော နေရာများအနီးကို ဖြတ်သန်းရခြင်းတို့ကို ရွေးချယ်ခဲ့သည်။ ယင်းမေးခွန်းတွင် အဖြေတစ်ခုထက်ပို၍ ရွေးချယ်နိုင်သဖြင့် စစ်ဆေးရေးဂိတ်နှစ်မျိုး၏ ရာခိုင်နှုန်းများကို ပေါင်း၍ သီးခြားဖြေဆိုသူ အချိုးတစ်ခုအဖြစ် မဖော်ပြသင့်ပေ။[98]

လမ်းခရီးအန္တရာယ်သည် သတင်းအချက်အလက်ရရှိမှုကို တိုက်ရိုက်ကန့်သတ်နေကြောင်း ဖြေဆိုသူ (၉၂) ဦး၊ သို့မဟုတ် (၇၀.၈) ရာခိုင်နှုန်းက လုံခြုံရေးအခြေအနေကြောင့် ဆက်သွယ်ရေးချိတ်ဆက်မှု မရှာဖွေရန် တစ်ချိန်ချိန်တွင် ရွေးချယ်ခဲ့ဖူးကြောင်း ဖြေဆိုထားခြင်းက ပြသနေသည်။ ယင်းမှာ ဆက်သွယ်ရေးလက်လှမ်းမီမှုကို ငွေပေးချေနိုင်မှုတစ်ခုတည်းက ဆုံးဖြတ်နေခြင်းမဟုတ်ဘဲ လိုင်းရရှိသည့်နေရာသို့ ဘေးကင်းစွာ သွားရောက်နိုင်ခြင်း ရှိမရှိကလည်း ဆုံးဖြတ်နေကြောင်း ဖော်ပြသည်။ ဖြေဆိုသူ (၁၀၉) ဦး၊ သို့မဟုတ် (၈၃.၈) ရာခိုင်နှုန်းက ဆေးဘက်ဆိုင်ရာ သို့မဟုတ် အရေးပေါ်အကူအညီ ရယူရာတွင် အခက်အခဲကြုံခဲ့ရပြီး (၁၂၅) ဦး၊ သို့မဟုတ် (၉၆.၂) ရာခိုင်နှုန်းက မိသားစုဝင်များနှင့် ဆက်သွယ်ခြင်း သို့မဟုတ် ၎င်းတို့၏ ဘေးကင်းမှုကို စုံစမ်းခြင်းတွင် အခက်အခဲကြုံခဲ့ရကြောင်း ဖြေဆိုထားသည်။ ထို့ကြောင့် ဆက်သွယ်ရေးရယူရန် မသွားရဲခြင်း သို့မဟုတ် မသွားနိုင်ခြင်း၏ အကျိုးဆက်သည် သတင်းမဖတ်နိုင်ခြင်း မျှသာမဟုတ်ဘဲ ကျန်းမာရေး၊ မိသားစုလုံခြုံရေးနှင့် အရေးပေါ်ဆုံးဖြတ်ချက်များအပေါ်ပါ သက်ရောက်နေသည်။[99]

ယင်းကုန်ကျစရိတ်နှင့် အန္တရာယ်များကို လူတိုင်း တူညီစွာရင်ဆိုင်နေရခြင်း မဟုတ်ပေ။ ဖြေဆိုသူ (၁၂၉) ဦး အနက် (၇၉) ဦး၊ သို့မဟုတ် (၆၁.၂) ရာခိုင်နှုန်းက သတင်းအချက်အလက်ရယူရာတွင် မိမိတို့ရပ်ရွာရှိ အခြားသူများထက် ပိုမိုအခက်အခဲ ကြုံတွေ့ရကြောင်း ဖြေဆိုခဲ့သည်။ အခက်အခဲဖြစ်စေသည့် အဓိက အကြောင်းရင်းများအဖြစ် ငွေကြေးကုန်ကျစရိတ်ကို ဖြေဆိုသူ (၆၉) ဦး၊ သို့မဟုတ် (၅၃.၁) ရာခိုင်နှုန်းက ရွေးချယ်ခဲ့ပြီး ခရီးသွားလာရမှုကို (၃၁) ဦး၊ သို့မဟုတ် (၂၃.၈) ရာခိုင်နှုန်းနှင့် စက်ပစ္စည်းမရှိခြင်းကို (၁၄) ဦး၊ သို့မဟုတ် (၁၀.၈) ရာခိုင်နှုန်းက ရွေးချယ်ခဲ့သည်။ ဖြေဆိုသူများ၏ အမြင်အရ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ စစ်ဘေးရှောင်များ၊ ကလေးများနှင့် အမျိုးသမီး

98 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆
99 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

များသည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရယူရာတွင် အခက်အခဲအများဆုံး ကြုံတွေ့နေရသည့်အုပ်စုများဖြစ်သည်။ သို့သော် ယင်းတွေ့ရှိချက်များသည် အဆိုပါအုပ်စုများကိုယ်တိုင်၏ တိုက်ရိုက်ဖြေဆိုချက်များမဟုတ်ဘဲ အများစုမှာ အသက် (၃၅) နှစ်အောက်ဖြစ်သော စစ်တမ်းဖြေဆိုသူများ၏ လေ့လာတွေ့ရှိချက်များဖြစ်ကြောင်း သတိပြုရန်လိုသည်။[100]

ခြုံငုံသုံးသပ်ပါက ဆက်သွယ်ရေးဖြတ်တောက်မှုသည် ပြည်သူများသည် ဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ငွေကြေး၊ အချိန် တို့ကို အသုံးပြုရပြီး လုံခြုံရေးအန္တရာယ်လည်း ထည့်သွင်းစဉ်းစားရသည်။ ပြည်သူများကိုယ်တိုင် တည်ဆောက်ထားသော အစားထိုးဆက်သွယ်ရေးစနစ်သည် အရေးကြီးသော သတင်းအချက်အလက်များကို ဆက်လက်ပေးပို့နိုင်သော်လည်း ယင်းစနစ်ကို အသုံးပြုနိုင်မှုသည် ငွေကြေးတတ်နိုင်မှု၊ စက်ပစ္စည်းရရှိမှု၊ နေထိုင်ရာဒေသနှင့် လမ်းခရီးလုံခြုံရေးတို့အပေါ် မူတည်နေသည်။ ထို့ကြောင့် ဆက်သွယ်ရေးဖြတ်တောက်မှုသည် သတင်းအချက်အလက်ရရှိမှုကိုသာ ကန့်သတ်နေခြင်းမဟုတ်ဘဲ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီမှုမညီမျှခြင်းကို ပိုမိုဆိုးရွားစေကြောင်း တွေ့ရှိရသည်။

100 ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

၇။ အကြံပြုချက်များ

ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရသည့် ဒေသအချို့တွင် ပြည်သူများက ICOM စကားပြောစက်များ၊ ဂြိုဟ်တုအင်တာနက်နှင့် ရပ်ရွာသတင်းပေးကွန်ရက်များကို အသုံးပြု၍ အစားထိုးဆက်သွယ်ရေးနည်းလမ်းများ တည်ဆောက်ထားကြသည်။ သို့သော် ယင်းနည်းလမ်းများကို လူတိုင်း လက်လှမ်းမီခြင်းမရှိဘဲ ပြည်သူအများအပြားသည် ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးနည်းလမ်း တစ်ခုမျှမရှိသည့် အခြေအနေတွင် ဆက်လက်နေထိုင်နေရသည်။ အစားထိုးနည်းလမ်းများရှိသည့် နေရာများတွင်ပင် ကုန်ကျစရိတ်၊ စက်ပစ္စည်းမလုံလောက်မှုနှင့် လွှမ်းခြုံနိုင်မှုဟာကွက်များ ရှိနေဆဲဖြစ်သည်။

ဤအခန်း၏ အကြံပြုချက်များသည် ဖြေဆိုသူများ တိုက်ရိုက်ဖော်ပြထားသည့် လိုအပ်ချက်များနှင့် သုတေသနတွေ့ရှိချက်များအပေါ် အခြေခံထားသည်။ စစ်တမ်းတွင် နိုင်ငံရေးအရ ဖိအားပေးတောင်းဆိုလိုမှုကို တိုင်းတာထားခြင်းမရှိသဖြင့် ယင်းနှင့်ပတ်သက်သော ကောက်ချက်များကို ထည့်သွင်းမည်မဟုတ်ပေ။ အကြံပြုချက်များသည် လက်ရှိအသုံးပြုနေသော ဆက်သွယ်ရေးနည်းလမ်းများကို ပိုမိုလက်လှမ်းမီစေရန်၊ အရေးပေါ်သတိပေးရေးကွန်ရက်များကို ခိုင်မာစေရန်နှင့် ဆက်သွယ်ရေးရယူရာတွင် ပြည်သူများ ခံစားနေရသည့် ကုန်ကျစရိတ်နှင့် အန္တရာယ်များကို လျှော့ချရန် အဓိကထားသည်။


၇.၁ အရေးပေါ်ဆက်သွယ်ရေးအတွက် ဦးစားပေးပံ့ပိုးရမည့် နည်းလမ်းများ

အရေးပေါ် သတင်းအချက်အလက်များ ရယူနိုင်ရန် မည်သည့်အရာက အများဆုံးအထောက်အကူပြုမည်နည်းဟုမေးမြန်းရာ ဖြေဆိုသူ (၁၀၆) ဦးအနက် (၄၉) ဦး၊ သို့မဟုတ် (၄၆) ရာခိုင်နှုန်းက ICOM စကားပြောစက်များကို ရွေးချယ်ခဲ့ပြီး (၄၈) ဦး၊ သို့မဟုတ် (၄၅) ရာခိုင်နှုန်းက Starlink သို့မဟုတ် အခြားဂြိုဟ်တုအင်တာနက်ကို ရွေးချယ်ခဲ့သည်။ အထွေထွေအင်တာနက်ဝန်ဆောင်မှုကို (၁၁) ဦး၊ လူအချင်းချင်း သတင်းမျှဝေခြင်းကို (၆) ဦး၊ ရပ်ရွာသတင်းကွန်ရက် သို့မဟုတ် လေယာဉ်စောင့်ကြည့်အဖွဲ့များကို (၄) ဦးနှင့် အသံချဲ့စက် သို့မဟုတ် ခေါင်းလောင်းကို (၃) ဦးက ရွေးချယ်ခဲ့သည်။[101]

[101] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

ယင်းဖြေဆိုချက်များအရ အရေးပေါ်ဆက်သွယ်ရေးအတွက် ပထမဦးစားပေးပံ့ပိုးရမည့် နည်းလမ်းများမှာ ICOM စကားပြောစက်နှင့် ဂြိုဟ်တုအင်တာနက်တို့ ဖြစ်သည်။ ဂြိုဟ်တုအင်တာနက်က ပြင်ပ သတင်းအချက်အလက်များနှင့် အွန်လိုင်းဝန်ဆောင်မှုများကို ရယူနိုင်စေပြီး ICOM စကားပြောစက်များက ရရှိလာသည့် အရေးပေါ်သတင်းများကို ရပ်ရွာတစ်ခုမှတစ်ခုသို့ လျင်မြန်စွာ ဆင့်ကဲပေးပို့နိုင်စေသည်။ ထို့ကြောင့် နည်းလမ်းတစ်မျိုးကိုသာ ရွေးချယ်ပံ့ပိုးခြင်းထက် နှစ်မျိုးလုံးကို ချိတ်ဆက်အသုံးပြုနိုင်သည့် ဆက်သွယ်ရေးစနစ်များကို တည်ဆောက်ပေးသင့်သည်။

ပုံ (၇.၁)။ အရေးပေါ်သတင်းအချက်အလက်ရယူနိုင်ရေးအတွက် အထောက်အကူအပြုစေမည့်အရာများ



ရင်းမြစ်။ ။ဆက်သွယ်ရေးအမှောင်ကျခြင်း စစ်တမ်း (ဩဂုတ်–စက်တင်ဘာ ၂၀၂၆၊ ဖြေဆိုသူ (၁၃၀) ဦး)။

မှတ်ချက်။ ။အဖြေစုံရွေးချယ်နိုင်သော မေးခွန်းဖြစ်သဖြင့် ရာခိုင်နှုန်းများ၏ စုစုပေါင်းသည် (၁၀၀) ရာခိုင်နှုန်းထက် ကျော်လွန်နိုင်သည်။

ပံ့ပိုးမှုများကို လက်ရှိဆက်သွယ်ရေးနည်းလမ်းများ ရရှိပြီးသားနေရာများတွင်သာ ထပ်မံဖြည့်တင်းခြင်းမပြုဘဲ ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးနည်းလမ်း တစ်ခုမျှမရှိသေးသည့် ရပ်ရွာများကို ဦးစားပေးသင့်သည်။ စက်ပစ္စည်းများ ပေးအပ်ခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အား၊ လစဉ်အသုံးပြုခ၊ ပြုပြင်ထိန်းသိမ်းမှုနှင့် အသုံးပြုနည်းသင်တန်းတို့ကိုပါ ထည့်သွင်းပံ့ပိုးရန် လိုအပ်သည်။ မည်သည့်နည်းလမ်းကို ပံ့ပိုးမည်ဆိုသည်ကိုလည်း ဒေသတစ်ခုချင်းစီ၏ လုံခြုံရေး၊ ပထဝီအနေအထားနှင့် ရှိပြီးသား ရပ်ရွာကွန်ရက်များအပေါ် အခြေခံ၍ ဒေသခံများနှင့် တိုင်ပင်ဆုံးဖြတ်သင့်သည်။

၇.၂ အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် တော်လှန်ရေးအင်အားစုများသို့ အကြံပြုချက်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများသည် ၎င်းတို့ တာဝန်ယူထားသည့် နယ်မြေများတွင် အရပ်သားများ၏ ဆက်သွယ်ရေးနှင့် အရေးပေါ် သတင်းပေးချက်ရရှိရေးကို အခြေခံလုံခြုံရေးဆိုင်ရာ အများပြည်သူဝန်ဆောင်မှုတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သင့်သည်။ ယင်းအတွက် အောက်ပါလုပ်ငန်းများကို ဦးစားပေးသင့်သည်။

- ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးနည်းလမ်း တစ်ခုမျှမရှိသေးသည့် ကျေးရွာများနှင့် သတင်းပေးရေးကွန်ရက်၏ လွှမ်းခြုံမှုမရောက်ရှိသေးသည့် နေရာများကို ဖော်ထုတ်ပြီး ဦးစားပေး ပံ့ပိုးသင့်သည်။ လုံခြုံရေးအရ ထိခိုက်နိုင်သည့် စက်တည်နေရာ၊ လှုင်းနှုန်းနှင့် အသုံးပြုသူ အချက်အလက်များကို အများပြည်သူထံ မဖော်ပြသင့်ပါ။

- ICOM စကားပြောစက်၊ အခြေစိုက်စက်၊ အသံချဲ့စက်၊ ဆိုလာစနစ်နှင့် အပိုဘက်ထရီများ အတွက် သီးခြားရန်ပုံငွေ ထားရှိသင့်သည်။ စက်ပစ္စည်းဝယ်ယူခြင်းသာမက ပြုပြင်ထိန်းသိမ်းမှု၊ အသုံးပြုနည်းသင်တန်း၊ ဂြိုဟ်တုအင်တာနက် လစဉ်ကြေးနှင့် ဒေတာအသုံးပြုခတို့ကိုပါ ထည့်သွင်း ပံ့ပိုးသင့်သည်။

- မြို့နယ်နှင့် ကျေးရွာအဆင့် သတင်းပေးရေးကွန်ရက်များအကြား သတင်းဆင့်ကဲပေးပို့နိုင်သည့် လုပ်ငန်းစဉ်တစ်ခု သတ်မှတ်သင့်သည်။ သတင်းရရှိသည့်နေရာ၊ စီစစ်အတည်ပြုမည့်သူ၊ ဆင့်ပွားပေးပို့မည့်သူနှင့် ရပ်ရွာထံ ကြေညာမည့်သူတို့၏ တာဝန်များကို ရှင်းလင်းစွာ ခွဲဝေထားသင့်သည်။

- စစ်ရေးလုံခြုံရေးအတွက် ဆက်သွယ်ရေးအသုံးပြုမှုကို ကန့်သတ်ရန် မဖြစ်မနေလိုအပ်ပါက ကန့်သတ်မှုကို သတ်မှတ်ထားသည့် နေရာနှင့် အချိန်အတွင်းသာ အသုံးပြုသင့်သည်။ ဆေးဘက်ဆိုင်ရာ အရေးပေါ်ဆက်သွယ်မှု၊ လေကြောင်းသတိပေးချက်၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများနှင့် အရပ်သားများ၏ အရေးပေါ်ဆက်သွယ်မှုများကို ဆက်လက်အသုံးပြုနိုင်အောင် စီစဉ်ထားသင့်သည်။

- စစ်ဆေးရေးဂိတ်များတွင် အရပ်သားဆက်သွယ်ရေးပစ္စည်းများကို အကြောင်းပြချက်မရှိဘဲ သိမ်းဆည်းခြင်း သို့မဟုတ် အသုံးပြုသူများကို တားဆီးခြင်းမပြုရန် ရှင်းလင်းသောညွှန်ကြားချက်များ ထုတ်ပြန်သင့်သည်။ ဆက်သွယ်ရေးပစ္စည်းများ ပြုပြင်ထိန်းသိမ်းသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများ ဘေးကင်းစွာ သွားလာနိုင်ရေးကိုလည်း စီစဉ်ပေးသင့်သည်။

- ဆက်သွယ်ရေးနှင့် သတင်းပေးရေးအစီအစဉ်များ ရေးဆွဲရာတွင် ဒေသခံပြည်သူများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် စစ်ဘေးရှောင်များ၏ အတွေ့အကြုံနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ အစီအစဉ်များ အလုပ်ဖြစ်ခြင်းရှိမရှိကို ဒေသခံများ ပြန်လည်တင်ပြနိုင်သည့် နည်းလမ်းတစ်ခုလည်း ထားရှိသင့်သည်။

၇.၃ မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုချက်များ

အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဆက်သွယ်ရေး နည်းလမ်းများ ရရှိပြီးသား ရပ်ရွာများတွင်သာ အကူအညီများ ထပ်မံစုစည်းမသွားစေရန် အထူးဂရုပြုသင့်သည်။ ဆက်သွယ်ရေး လုံးဝမရှိသည့် ရပ်ရွာများသည် အကူအညီပေးမည့် အဖွဲ့များနှင့်ပင် ဆက်သွယ်ရန် ခက်ခဲနိုင်သောကြောင့် ယင်းဒေသများကို တက်ကြွစွာ ရှာဖွေဖော်ထုတ်ပြီး ဦးစားပေးသင့်သည်။

- ဒေသခံများနှင့် ပူးပေါင်း၍ ဆက်သွယ်ရေးလုံးဝမရှိသည့် ကျေးရွာများ၊ သတင်းပေးရေးကွန်ရက်မရောက်ရှိသေးသည့်နေရာများနှင့် လက်လှမ်းမီမှုအခက်အခဲအများဆုံး ကြုံတွေ့နေရသည့် အုပ်စုများကို ဖော်ထုတ်သင့်သည်။ အွန်လိုင်းမှသာ အကူအညီတောင်းခံရသည့် စနစ်များကို မသုံးဘဲ လူကိုယ်တိုင် သို့မဟုတ် ဒေသခံကွန်ရက်များမှတစ်ဆင့် လိုအပ်ချက်တင်ပြနိုင်သည့် နည်းလမ်းများ ထားရှိသင့်သည်။

- စက်ပစ္စည်းများတစ်ကြိမ်တည်းထောက်ပံ့ခြင်းထက် စက်၏သက်တမ်းစေ့လည်ပတ်နိုင်ရေးကို ထောက်ပံ့သင့်သည်။ ယင်းတွင် ဂြိုဟ်တုအင်တာနက် လစဉ်ကြေး၊ ဒေတာအသုံးပြုခ၊ လျှပ်စစ်ဓာတ်အား၊ အပိုဘက်ထရီ၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ပျက်စီးသွားသောပစ္စည်းများ အစားထိုးနိုင်ရေးတို့ ပါဝင်သင့်သည်။

- ICOM စကားပြောစက်၊ ဂြိုဟ်တုအင်တာနက်နှင့် ရုပ်ရှာအသံချဲ့စက်တို့ကို သီးခြားစီ ဖြန့်ဝေခြင်းထက် ချိတ်ဆက်အသုံးပြုနိုင်သည့် ရုပ်ရှာအခြေပြု ဆက်သွယ်ရေးစနစ်အဖြစ် ပံ့ပိုးသင့်သည်။ ဒေသခံများကို စက်အသုံးပြုနည်း၊ သတင်းစီစစ်နည်း၊ အရေးပေါ် သတင်းဆင့်ကဲပေးပို့နည်းနှင့် စက်ပစ္စည်း လုံခြုံရေးဆိုင်ရာ သင်တန်းများ ပေးသင့်သည်။

- သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ စစ်ဘေးရှောင်များနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရန်ခက်ခဲသူများအတွက် စမတ်ဖုန်း သို့မဟုတ် အင်တာနက်မလိုအပ်သည့် သတင်းပေးနည်းများ ထည့်သွင်းအသုံးပြုသင့်သည်။ အသံချဲ့စက်၊ ရေဒီယို၊ ပုံနှိပ်စာရွက်နှင့် လူကိုယ်တိုင် သတင်းပေးခြင်းတို့ကို အွန်လိုင်းဆက်သွယ်ရေးနှင့်အတူ ပေါင်းစပ်အသုံးပြုသင့်သည်။

- အကူအညီပေးသည့် လုပ်ငန်းများကြောင့် ဒေသခံများ၏ လုံခြုံရေး မထိခိုက်စေရန် စက်တည်နေရာ၊ ICOM လှိုင်းနှုန်း၊ အသုံးပြုသူအမည်နှင့် သတင်းပေးသူများ၏ အချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းသင့်သည်။ အများပြည်သူထံ ထုတ်ပြန်မည့် သတင်းအချက်အလက်များတွင်လည်း ဒေသခံများကို ထိခိုက်စေမည့် အသေးစိတ်အချက်အလက်များ မပါဝင်စေရန် စိစစ်သင့်သည်။

၇.၄ သတင်းမီဒီယာများသို့ အကြံပြုချက်များ

စစ်တမ်းဖြေဆိုသူ (၁၄) ဦး၊ သို့မဟုတ် (၁၀.၈) ရာခိုင်နှုန်းသာ သတင်းရင်းမြစ်ပေါင်းစုံကို နှိုင်းယှဉ်စစ်ဆေးနိုင်ကြောင်း ဖြေဆိုခဲ့သည်။ ဖြေဆိုသူ (၆၇) ဦး၊ သို့မဟုတ် (၅၁.၅) ရာခိုင်နှုန်းက မှားယွင်းသော သတင်းအချက်အလက်ကို ယုံကြည်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ယင်းအပေါ်အခြေခံ၍ လုပ်ဆောင်ခဲ့ဖူးကြောင်း ဖော်ပြခဲ့ပြီး နောက်ထပ် (၂၉) ဦး၊ သို့မဟုတ် (၂၂.၃) ရာခိုင်နှုန်းက မသေချာကြောင်း ဖြေဆိုခဲ့သည်။ ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံထားရသည့်အခါ သတင်းမီဒီယာများသည် သတင်းထုတ်ပြန်ရုံသာမက အင်တာနက်မရှိသည့် လူထုထံ သတင်းများ ရောက်ရှိနိုင်မည့် ဖြန့်ဝေရေးနည်းလမ်းများကိုပါ တည်ဆောက်ရန်လိုအပ်သည်။[102]

[102] ဆက်သွယ်ရေးအမှောင်ကျခြင်းစစ်တမ်း၊ ဩဂုတ်–စက်တင်ဘာ ၂၀၂၆

- အင်တာနက်မြန်နှုန်းနိမ့်သည့် နေရာများတွင် အလွယ်တကူဖွင့်နိုင်ပြီး မျှဝေနိုင်သည့် စာသားတိုများ၊ ဖိုင်အရွယ်အစားသေးသော အသံဖိုင်များနှင့် ရုပ်ပုံများကို ထုတ်လုပ်သင့်သည်။ လူမှုကွန်ရက်များကိုသာ အားထားခြင်းမပြုဘဲ ရေဒီယို၊ ICOM စကားပြောစက်၊ အသံချဲ့စက်နှင့် လူကိုယ်တိုင် ဆင့်ကဲပေးပို့နိုင်သည့် သတင်းပုံစံများကိုလည်း ပြင်ဆင်သင့်သည်။

- သတင်းဖြန့်ဝေမှုကောင်းမွန်ပြီး အရင်းအမြစ်ရှိသည့် မီဒီယာအဖွဲ့အစည်းများသည် ဒေသခံမီဒီယာများ၊ ရပ်ရွာမီဒီယာများ၊ ICOM သတိပေးရေးကွန်ရက်များနှင့် ကျေးရွာအသံချဲ့စက်ကွန်ရက်များကို ပုံမှန်ချိတ်ဆက်ထားသင့်သည်။ ဒေသခံကွန်ရက်များထံမှ သတင်းရယူခြင်းသာမက စိစစ်အတည်ပြုပြီးသော သတင်းအချက်အလက်များကို အင်တာနက်မရှိသည့် လူထုထံ ပြန်လည် ဖြန့်ဝေပေးနိုင်သည့် သတင်းစီးဆင်းမှုပုံစံ တည်ဆောက်သင့်သည်။

- သဘာဝဘေးအန္တရာယ် သတိပေးချက်များ၊ လေကြောင်းရန်အန္တရာယ် သတိပေးချက်များ၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတင်းများနှင့် လုံခြုံရေးဆိုင်ရာ အချက်အလက်များကို ပုံမှန်ဖြန့်ဝေနိုင်ရန် ဆက်သွယ်ရမည့် တာဝန်ရှိသူများ၊ ဖြန့်ဝေမည့်အချိန်နှင့် အရေးပေါ်အခြေအနေတွင် အသုံးပြုမည့် လုပ်ငန်းစဉ်တို့ကို ကြိုတင်သတ်မှတ်ထားသင့်သည်။

- အရေးပေါ်သတင်းများတွင် ဖြစ်ပွားသည့်နေရာ၊ သတင်းရရှိသည့်အချိန်၊ ထုတ်ပြန်သည့်အချိန်နှင့် စိစစ်အတည်ပြုထားသည့်အဆင့်ကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။ အတည်ပြုပြီးသည့် အချက်၊ အတည်ပြုဆဲအချက်နှင့် မသေချာသေးသည့်အချက်တို့ကို ခွဲခြားဖော်ပြသင့်ပြီး အတည်မပြုရသေးသော သတင်းကို အတည်ပြုပြီးသတင်းကဲ့သို့ မတင်ပြသင့်ပေ။

- အရေးပေါ်သတင်းများကို ICOM စကားပြောစက်၊ အသံချဲ့စက် သို့မဟုတ် လူတစ်ဦးမှတစ်ဦးသို့ ဆင့်ကဲပေးပို့ရာတွင် အဓိပ္ပာယ်မပြောင်းလဲစေရန် တိုတောင်းရှင်းလင်းသော စာကြောင်းများဖြင့် ရေးသားသင့်သည်။ သတင်းတစ်ပုဒ်တွင် အဓိကအချက်၊ နေရာ၊ အချိန်နှင့် ပြည်သူများလုပ်ဆောင်သင့်သည့်အရာကို အစဉ်လိုက်ဖော်ပြပြီး မလိုအပ်သော သုံးသပ်ချက်များနှင့် စိတ်လှုပ်ရှားစေသည့် အသုံးအနှုန်းများကို ရှောင်ရှားသင့်သည်။

- အရေးပေါ်ခိုလှုံရာနေရာများ၊ ဆေးကုသရေးနေရာများ၊ ICOM လှိုင်းနှုန်းများ၊ ဂြိုဟ်တုအင်တာနက်စက်တည်နေရာများနှင့် သတိပေးရေးကွန်ရက်အဖွဲ့ဝင်များကို အန္တရာယ် ဖြစ်စေနိုင်သည့်

အသေးစိတ်အချက်အလက်များ မဖော်ပြသင့်ပေ။ လူထုအတွက် လိုအပ်သော သတင်းအချက်အလက်ပေးနိုင်ရေးနှင့် ဒေသခံများ၏ လုံခြုံရေးကာကွယ်ရေးတို့ကို တစ်ပြိုင်နက် ထည့်သွင်းစဉ်းစားသင့်သည်။

၇.၅ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် SpaceX သို့ အကြံပြုချက်များ

နိုင်ငံတကာအသိုင်းအဝိုင်း

- ဆက်သွယ်ရေးလုံးဝမရှိသည့် ရပ်ရွာများနှင့် လက်ရှိအစားထိုးဆက်သွယ်ရေးကွန်ရက်များ မရောက်ရှိသေးသည့် နေရာများကို ဦးစားပေး ပံ့ပိုးသင့်သည်။

- ဆက်သွယ်ရေးစက်ပစ္စည်း ဝယ်ယူခြင်းအတွက်သာ မဟုတ်ဘဲ လစဉ်ဝန်ဆောင်ခ၊ ဒေတာအသုံးပြုခ၊ ပြုပြင်ထိန်းသိမ်းမှု၊ ပျက်စီးသွားသည့်စက်များ အစားထိုးမှုနှင့် အသုံးပြုသူသင်တန်းများအတွက်ပါ နှစ်ရှည်ရန်ပုံငွေ ပံ့ပိုးသင့်သည်။

- Starlink တစ်မျိုးတည်းအပေါ် မှီခိုခြင်းမရှိစေရန် ဂြိုဟ်တုအင်တာနက်၊ ICOM စကားပြောစက်၊ အသံချဲ့စက်နှင့် ရပ်ရွာသတိပေးကွန်ရက်များကို ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးစနစ်များကို ပံ့ပိုးသင့်သည်။

- Starlink ဝန်ဆောင်ခမြင့်တက်ခြင်း၊ ဝန်ဆောင်မှုအစီအစဉ်ပြောင်းလဲခြင်း သို့မဟုတ် စက်များပိတ်ပင်ခံရခြင်းတို့ ဖြစ်ပေါ်ပါက အခြားအစီအစဉ် သို့မဟုတ် အခြားဝန်ဆောင်မှုပေးသူထံ ပြောင်းလဲအသုံးပြုနိုင်ရန် အရေးပေါ်ရန်ပုံငွေနှင့် အစားထိုးအစီအစဉ်များ ထားရှိသင့်သည်။

- အကူအညီလျှောက်ထားခြင်းနှင့် လိုအပ်ချက်တင်ပြခြင်းတို့ကို အွန်လိုင်းမှသာ ဆောင်ရွက်ရသည့် စနစ်မဖြစ်စေဘဲ ယုံကြည်ရသော ဒေသခံအဖွဲ့အစည်းများနှင့် ရပ်ရွာကွန်ရက်များမှ တစ်ဆင့် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ ထားရှိသင့်သည်။

- ပံ့ပိုးထားသည့် စက်များ၏ တည်နေရာ၊ အသုံးပြုသူအမည်နှင့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ အချက်အလက်များကို လူသိရှင်ကြား မထုတ်ပြန်ဘဲ လုံခြုံစွာ ထိန်းသိမ်းသင့်သည်။

SpaceX

- ပဋိပက္ခဒဏ်ခံဒေသများရှိ အရပ်သားဆက်သွယ်ရေးကွန်ရက်များ၊ ကျန်းမာရေးအဖွဲ့များ၊ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့များနှင့် လွတ်လပ်သောသတင်းမီဒီယာများအတွက် ဈေးနှုန်းသက်သာသည့် လူသားချင်းစာနာမှုဆိုင်ရာ ဝန်ဆောင်မှုအစီအစဉ်တစ်ခု ထားရှိသင့်သည်။

- ဈေးနှုန်း၊ ဒေတာပမာဏ၊ အသုံးပြုခွင့် သို့မဟုတ် ဒေသဆိုင်ရာကန့်သတ်ချက်များ ပြောင်းလဲမည်ဆိုပါက အသုံးပြုသူများကို ကြိုတင်အသိပေးပြီး ဝန်ဆောင်မှုအသစ်သို့ ပြောင်းလဲနိုင်ရန် လုံလောက်သောအချိန် ပေးသင့်သည်။

- “Region Restricted” သို့မဟုတ် “Country Restricted” ဟူသော အကြောင်းပြချက်ဖြင့် စက်တစ်လုံးကို ပိတ်ပင်ရာတွင် ပိတ်ပင်ရသည့်အကြောင်းရင်းကို အသုံးပြုသူထံ ရှင်းလင်းစွာ အသိပေးသင့်သည်။

- မှားယွင်းပိတ်ပင်ခံရသည့် အရပ်သား၊ လူသားချင်းစာနာမှုဆိုင်ရာနှင့် သတင်းမီဒီယာသုံးစက်များအတွက် ပိုင်ဆိုင်မှုနှင့် အသုံးပြုရသည့် ရည်ရွယ်ချက်ကို လုံခြုံစွာအတည်ပြုနိုင်ပြီး ဝန်ဆောင်မှု ပြန်လည်ရရှိရန် တောင်းဆိုနိုင်သည့် အယူခံလုပ်ငန်းစဉ်တစ်ခု ထားရှိသင့်သည်။

- ငွေလိမ်ဂိုဏ်းများ သို့မဟုတ် စစ်ရေးအသုံးပြုမှုများကို ပိတ်ပင်ရာတွင် တည်နေရာတစ်ခုလုံးရှိ စက်များကို အစုလိုက်အပြုံလိုက် ပိတ်ပင်ခြင်းမပြုဘဲ စက်တစ်လုံးချင်းစီ၏ အသုံးပြုမှုပုံစံကို စိစစ်သည့်နည်းလမ်း အသုံးပြုသင့်သည်။

- အတည်ပြုထားသည့် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအတွက် သီးခြားနည်းပညာအကူအညီနှင့် ဝန်ဆောင်မှုဆိုင်ရာ ဆက်သွယ်ရေး လမ်းကြောင်းတစ်ခု ထားရှိသင့်သည်။

၈။ ကိုးကား

1. Access Now & #KeepItOn Coalition. (2025). Emboldened offenders, endangered communities: Internet shutdowns in 2024. Access Now. https://www.accessnow.org/wp-content/uploads/2025/02/KeepItOn-2024-Internet-Shutdowns-Annual-Report.pdf

2. Access Now & #KeepItOn Coalition. (2026, March 31). One region, half the world's shutdowns: Internet shutdowns in the Asia Pacific in 2025 [Press release]. Access Now. https://www.accessnow.org/press-release/one-region-half-the-worlds-shutdowns-internet-shutdowns-in-the-asia-pacific-in-2025/

3. Andrews, T. H. (2021, March 4). Report of the Special Rapporteur on the situation of human rights in Myanmar (A/HRC/46/56). United Nations Human Rights Council. https://www.ohchr.org/sites/default/files/HRBodies/HRC/RegularSessions/Session46/Documents/A_HRC_46_56.pdf

4. Armed Conflict Location & Event Data. (2026a). ACLED data export tool [Data set; Myanmar, 24 study townships, 2021–2025]. Retrieved October 4, 2026, from https://acleddata.com/conflict-data/data-export-tool

5. Armed Conflict Location & Event Data. (2026b, April). Asia–Pacific overview: April 2026. https://acleddata.com/update/asia-pacific-overview-april-2026

6. Assistance Association for Political Prisoners. (n.d.). Data explorer. What's Happening in Myanmar. Retrieved October 15, 2026, from https://coup.aappb.org/data-explorer

7. Associated Press. (2025). An airstrike in central Myanmar kills up to 22 people at a bombed school. AP News. https://apnews.com/article/myanmar-airstrike-school-saigaing-resistance-military-00bcff30abb05c1210514b6adc5c6a7f

8. Athan. (2022, May 13). Internet access amid darkness and lives amid threats. https://athanmyanmar.org/internet-access-amid-darkness-and-lives-amid-threats/

9. Athan. (2023, March 28). Disconnections and vanishing rights. https://athanmyanmar.org/wp-content/uploads/2025/01/Eng2.1.pdf

10. Athan. (2025a). Joint statement: Myanmar must lift internet restrictions following devastating earthquake [Joint statement]. https://athanmyanmar.org/joint-statement-myanmar-must-lift-internet-restrictions-followingdevastating-earthquake/

11. Athan. (2025b, November 4). Only in Myanmar – Made by junta: Consequences of the telecommunication blackouts. https://athanmyanmar.org/wp-content/uploads/2025/11/Only-in-Myanmar-1.pdf

12. Athan. (2025c). Repression of communication and digital rights situation in Myanmar. https://athanmyanmar.org/wp-content/uploads/2025/01/REPRESSION_OF_COMMUNICATION_AND_DIGITAL_RIGHTS_SITUATION_IN_MYANMAR-1.pdf

13. Athan. (2026a). Myanmar communication blackout monitor: 2021–present. Retrieved October 15, 2026, from https://athanmyanmar.org/myanmar-communication-blackout-monitor_2021-present/

14. Athan. (2026b, April 11). Status of freedom of expression in Myanmar (March 2026). https://athanmyanmar.org/status-of-freedom-of-expression-in-myanmar-march-2026/

15. Athan. (2026c, August 17). State of freedom of expression in Myanmar (July 2026). https://athanmyanmar.org/state-of-freedom-of-expression-in-myanmar-july-2026/

16. Athan & Progressive Grassroots Initiative. (2026). ဆက်သွယ်ရေးပြတ်တောက်ခြင်းကြောင့် သတင်းအချက်အလက် ရယူနိုင်မှုကို အကျိုးသက်ရောက်မှု စစ်တမ်း [Survey on the impact of communication blackouts on access to information; Unpublished raw data, August–September 2026].

17. Brodkin, J. (2025, October 22). SpaceX disables 2,500 Starlink terminals allegedly used by Asian scam centers. Ars Technica. https://arstechnica.com/tech-policy/2025/10/starlink-blocks-2500-dishes-allegedly-used-by-myanmars-notorious-scam-centers/

18. Data Center Dynamics. (2026, March 10). A light through the blackout: Connectivity in Myanmar's military coup. https://www.datacenterdynamics.com/en/analysis/a-light-through-the-blackout-connectivity-in-myanmars-military-coup/

19. Data for Myanmar. (2026, April 4). Documenting the monthly impact No. 1 of arson attacks on civilian homes (April 2026). Progressive Voice. https://progressivevoicemyanmar.org/my/2026/04/04/documenting-the-monthly-impact-no-1-of-arson-attacks-on-civilian-homes-april-2026

20. DVB. (2026, March 23). Airstrikes kill 17 at monastery in Sagaing Region. https://english.dvb.no/airstrikes-kill-17-at-monastery-in-sagaing-region-who-will-be-the-next-un-special-rapporteur-on-myanmar/

21. EUSEE. (2026, July 29). SpaceX enforces stricter Starlink Roam policies, triggering widespread internet disruptions and civil society pushback. Hivos. https://eusee.hivos.org/alert/spacex-enforces-stricter-starlink-roam-policies-triggering-widespread-internet-disruptions-and-civil-society-pushback

22. Human Rights Watch. (2023, May 9). Myanmar: Enhanced blast strike likely war crime. https://www.hrw.org/news/2023/05/09/myanmar-enhanced-blast-strike-likely-war-crime

23. Independent Investigative Mechanism for Myanmar. (2025, April 11). Two years since the deadly air attack on Pa Zi Gyi village, Myanmar, and air strikes continue unabated. https://iimm.un.org/en/two-years-deadly-air-attack-pa-zi-gyi-village-myanmar-and-air-strikes-continue-unabated

24. International Organization for Migration. (2025). IOM Myanmar earthquake response situation report 01. United Nations in Myanmar. https://myanmar.un.org/en/291899-iom-myanmar-earthquake-response-situation-report-01

25. The Irrawaddy. (2025, November 14). မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းမှ လူတစ်သိန်းကျော် စစ်ရှောင်နေရ [More than 100,000 people displaced from Madaya, Singu and Thabeikkyin]. https://burma.irrawaddy.com/news/2025/11/14/407990.html

26. The Irrawaddy. (2026, January 16). Myanmar junta unleashes reign of terror in recaptured Mandalay towns. https://www.irrawaddy.com/news/burma/myanmar-junta-unleashes-reign-of-terror-in-recaptured-mandalay-towns.html

27. Kachin News Group. (2026, March 9). ကသာမှာ တိုက်ပွဲငြိမ်သက်နေပေမယ့် လက်နက်ကြီးကျပေါက်ကွဲမှုရှိနေ၊ အရပ်သားတစ်ဦးသေဆုံး [Fighting has calmed in Katha but artillery shells still land; one civilian killed]. https://burmese.kachinnews.com/2026/03/09/am1-380/

28. MoeMaKa. (2026, July 18). Starlink to increase fees for users operating outside their authorized country or region. https://moemaka.net/eng/2026/07/starlink-to-increase-fees-for-users-operating-outside-their-authorized-country-or-region/

29. Myanmar Internet Project. (2023, February 15). Digital coup quarterly: November 2022 to January 2023. https://www.myanmarinternet.info/post/quartely_report_008

30. Myanmar Internet Project. (2025). Myanmar digital coup quarterly: May 2025–July 2025. https://www.myanmarinternet.info/post/quarterly_report_may_july_2025-1

31. Myanmar Internet Project. (2026, May 23). Myanmar digital coup quarterly: February 2026–April 2026. https://www.myanmarinternet.info/post/quarterly_feb_apr_2026

32. Myanmar Internet Project et al. (2026, July 17). မြန်မာနိုင်ငံအတွင်း စတားလင့်ခ် (Starlink) ဝန်ဆောင်မှုများ ပိတ်သိမ်းမှုကြောင့် မရည်ရွယ်ဘဲ ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ ခံစားရမှုအပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးတွဲထုတ်ပြန်ချက် [Joint civil society statement on the inadvertent harms of Starlink deactivations in Myanmar]. https://www.myanmarinternet.info/my/post/joint_civil_society_statement_17_july_2026

33. Myanmar Now. (2022, March 4). Myanmar junta cuts off internet access 'indefinitely' to resistance stronghold of Sagaing. https://myanmar-now.org/en/news/myanmar-junta-cuts-off-internet-access-indefinitely-to-resistance-stronghold-of-sagaing/

34. Myanmar Now. (2025, December 19). NUG ထိန်းချုပ်ထားသည့် မန္တလေးတိုင်း စဉ့်ကူးမြို့ကို စစ်တပ်ပြန်လည်ထိန်းချုပ် [Military retakes NUG-controlled Singu town in Mandalay Region]. https://myanmar-now.org/mm/news/70451/

35. Myanmar Now. (2026, March 23). ကသာမြို့ဘုန်းကြီးကျောင်း ဗုံးကြဲခံရမှု သေဆုံးသူ ၅၀ နီးပါး ရှိနိုင် [Death toll from bombing of Katha monastery may be nearly 50]. https://myanmar-now.org/mm/news/73485/

36. Myanmar Witness. (2022). The Tabayin school attack. Centre for Information Resilience. https://www.info-res.org/myanmar-witness/reports/the-tabayin-school-attack/

37. Myanmar Witness. (2023, January 27; updated January 31). Eyes on the skies: The dangerous and sustained impact of airstrikes on daily life in Myanmar. Centre for Information Resilience. https://www.info-res.org/app/uploads/2024/10/e8f7c0_f78c7320f0b0458f8c22509d87a0239f.pdf

38. Narinjara. (2026). ကသာမြို့တွင် စစ်ရှောင်များနေသည့် ဘုန်းကြီးကျောင်း ဗုံးကြဲခံရ၍ ၆၀ ထက်မနည်း သေဆုံး [At least 60 killed in bombing of monastery sheltering displaced people in Katha]. https://burmese.narinjara.com/local-news/detail/69be6b725ec101b7a780ccc4

39. Office of the United Nations High Commissioner for Human Rights. (2021). Internet shutdowns [Information sheet]. https://searchlibrary.ohchr.org/record/32096/files/CSU-InfoSheet-InternetShutdown.pdf

40. Office of the United Nations High Commissioner for Human Rights. (2024, May 22). Situation of human rights of Rohingya Muslims and other minorities in Myanmar: Report of the United Nations High Commissioner for Human Rights (A/HRC/56/23; Advance unedited version). https://myanmar.un.org/sites/default/files/2024-06/A_HRC_56_23_AdvanceUneditedVersion%20%281%29.pdf

41. Office of the United Nations High Commissioner for Human Rights. (2025). Update on the human rights situation in Myanmar: Developments in 2024. https://bangkok.ohchr.org/sites/default/files/documents/2025-02/AnnualUpdateontheHumanRightsSituationinMyanmar2024v.final_.pdf

42. Radio Free Asia. (2022a, May 24). Mobile phone service cut amid heavy fighting in Myanmar's Sagaing. https://www.rfa.org/english/news/myanmar/phone-05242022160146.html

43. Radio Free Asia. (2022b, September 28). အင်တာနက်အဖြတ်ခံထားရတဲ့ တစ်နှစ်အတွင်း စစ်ကိုင်းနဲ့ မကွေးတိုင်းမှာ (၈၀၀) နီးပါး သေဆုံး [Nearly 800 killed in Sagaing and Magway regions during one year of internet shutdown]. https://www.rfa.org/burmese/program_2/internet-shutdown-one-year-in-magway-and-sagaing-09282022061944.html

44. Starlink. (2026a). Traveling with Starlink Roam. Starlink Support. https://starlink.com/ss/support/article/0dd1c2c0-7bae-8c8f-43d4-9a64eb66662f

45. Starlink. (2026b). Service plans. https://starlink.com/business/service-plans

46. Su Mon. (2025, July 1). The war from the sky: How drone warfare is shaping the conflict in Myanmar. Armed Conflict Location & Event Data. https://acleddata.com/report/war-sky-how-drone-warfare-shaping-conflict-myanmar

47. Su Mon Thazin Aung. (2026, August 19). The humanitarian costs of Starlink's policy. FULCRUM. ISEAS – Yusof Ishak Institute. https://fulcrum.sg/the-humanitarian-costs-of-starlinks-policy/

48. UNICEF Myanmar. (2022). At least 11 schoolchildren killed in Myanmar attack [Press release]. https://www.unicef.org/myanmar/press-releases/least-11-schoolchildren-killed-myanmar-attack

49. United Nations in Myanmar. (2025, March 28). Initial situation report: Earthquake in central Myanmar, 28 March 2025. https://myanmar.un.org/en/291866-initial-situation-report-earthquake-central-myanmar-28-march-2025

50. United Nations Office for the Coordination of Humanitarian Affairs. (2023, May 6). Myanmar humanitarian update No. 29. https://myanmar.un.org/sites/default/files/2023-05/OCHA%20Myanmar%20-%20Humanitarian%20Update%20No.%2029.pdf

51. United Nations Office for the Coordination of Humanitarian Affairs. (2024, August 16). Myanmar humanitarian update No. 40. https://myanmar.un.org/sites/default/files/2024-08/OCHA%20Myanmar%20-%20Humanitarian%20Update%20No.%2040_%20final.pdf

52. United Nations Office for the Coordination of Humanitarian Affairs. (2025a, March 28). Myanmar humanitarian update No. 45. https://myanmar.un.org/sites/default/files/2025-03/OCHA%20Myanmar%20-%20Humanitarian%20Update%20No.%2045_final.pdf

53. United Nations Office for the Coordination of Humanitarian Affairs. (2025b, March 29). Myanmar earthquake flash update #1. https://myanmar.un.org/en/291860-myanmar-earthquake-flash-update-1-29-march-2025



ဆက်သွယ်ရေး အဖြောင်ကျခြင်း

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းမြောက်ပိုင်း ပဋိပက္ခဒေသများရှိ
ဆက်သွယ်ရေး ပြတ်တောက်မှုများဆိုင်ရာ လေ့လာချက်